

# မြန်မာနိုင်ငံ ကော်ပိုရိတ်စီမံအုပ်ချုပ်မှု အကဲဖြတ်မှတ်တမ်း ၂၀၁၈ - မြန်မာကုမ္ပဏီများအပေါ် အကဲဖြတ်လေ့လာမှု အစီရင်ခံစာ

မိတ်ဖက်အဖွဲ့အစည်းများ

International Finance Corporation
WORLD BANK GROUP
*Creating Markets, Creating Opportunities*

## IFC အကြောင်း

အိုင်အက်ဖ်စီသည် ကမ္ဘာ့ဘဏ်၏ညီအမ အဖွဲ့အစည်းဖြစ်ပြီး ကမ္ဘာ့ဘဏ်အုပ်စုဝင်အဖွဲ့အစည်း တစ်ခုဖြစ်ကာ ထွန်းသစ်စဈေးကွက်စီးပွားရေးနိုင်ငံများတွင် ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အဓိကဦးတည်ဆောင်ရွက်နေသော ကမ္ဘာ့အကြီးဆုံးဖွံ့ဖြိုးတိုးတက်ရေး အဖွဲ့ကြီးဖြစ်ပါသည်။ ကမ္ဘာ့အဝှမ်း စီးပွားရေး အဖွဲ့အစည်းပေါင်း ၂၀၀၀ ကျော်နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ကမ္ဘာ့အခက်အခဲဆုံးသော နေရာဒေသများတွင် အိုင်အက်ဖ်စီ၏ အရင်းအနှီးများ၊ အတတ်ပညာများနှင့် တွန်းအားပေးလုပ်ဆောင်မှုများဖြင့် ဈေးကွက်နှင့် အခွင့်အလမ်းများဖန်တီးရာတွင် ကူညီဆောင်ရွက်လျက် ရှိပါသည်။ ၂၀၁၈ ဘဏ္ဍာနှစ်အတွင်း အိုင်အက်ဖ်စီ၏ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ကာလရှည်ရင်းနှီးမြှုပ်နှံမှုမှာ အမေရိကန်ဒေါ်လာ ၂၃ ဘီလီယံသို့ မြင့်တက်ခဲ့ပြီး၊ အလွန်အမင်းဆင်းရဲနွမ်းပါးမှု ပပျောက်ရေးနှင့် ဖွံ့ဖြိုး တိုးတက်မှု အသီးအပွင့်များ တိုးမြှင့် ခွဲဝေခံစားရေးတွင် ပုဂ္ဂလိက ကဏ္ဍပါဝင်မှု ပိုမိုမြင့်မားလာစေရန် အထောက်အကူပြုပါသည်။ ပိုမိုသိရှိလိုပါက www.ifc.org တွင် လေ့လာနိုင်ပါသည်။

## မြန်မာနိုင်ငံငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင် (SECM)

မြန်မာနိုင်ငံငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင် ကို ပြည်ထောင်စုအစိုးရရုံး၏ စာအမှတ် ၆၄/၂၀၁၄ ၏ ထုတ်ပြန်ချက်နှင့်အညီ ၂၀၁၄ ခုနှစ် ဩဂုတ်လ ၁၉ ရက်နေ့တွင် ဖွဲ့စည်းခဲ့သည်။ ၎င်းကို အဖွဲ့ဝင် ၇ ဦးဖြင့် ဖွဲ့စည်းထားပြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ ဒုတိယဝန်ကြီးက ဥက္ကဋ္ဌ အဖြစ် ဦးဆောင်သည်။ ကော်မရှင်သည် ရှယ်ယာလုပ်ငန်းနယ်ပယ်အတွက် စည်းမျဉ်းစည်းကမ်း ထိန်းသိမ်းရေးအဖွဲ့ဖြစ်ပြီး စတော့အိပ်ချိန်းတည်ထောင်မှုအတွက် တာဝန်ရှိသည်။ မြန်မာနိုင်ငံတွင် မျှတပြီး စွမ်းရည်ထက်မြက်ကာ ငွေဖြစ်လွယ်သော ပွင့်လင်းမြင်သာသည့် ဈေးကွက် ဖော်ဆောင်ရန်လည်း တာဝန်ရှိသည်။

## ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာန (DICA)

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာနကို ၁၉၉၃ ခုနှစ် အောက်တိုဘာလ ၁၃ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့ပြီး မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေအရ ပြည်တွင်း၊ ပြည်ပ စီးပွားရေးလုပ်ငန်းများ၏ ကုမ္ပဏီ မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းများအား ကိုင်တွယ် ဆောင်ရွက်ရသောဌာနဖြစ်ပါသည်။ ထို့အပြင် ဌာနသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အတွင်းရေးမှူးရုံးအဖြစ် တာဝန်ယူ ဆောင်ရွက်ရသော ဌာနလည်း ဖြစ်ပါသည်။

## ရန်ကုန်စတော့အိတ်ချိန်း (YSX)

ရန်ကုန်စတော့အိတ်ချိန်းသည် မြန်မာနိုင်ငံတွင် ပထမဆုံးသော ခေတ်သစ် စတော့အရောင်းအဝယ်ဈေးကွက်ဖြစ်ပြီး ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ၉ ရက်တွင် ခမ်းနားထည်ဝါသော ဖွင့်ပွဲကို ကျင်းပခဲ့ပြီးနောက် ၂၀၁၆ ခုနှစ် မတ်လတွင် ၎င်း၏ စတော့ရှယ်ယာရောင်းဝယ်မှုကို စတင်ခဲ့သည်။ နိုင်ငံ၏ မူဝါဒနှင့်အညီ YSX သည် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းသစ်များမှတစ်ဆင့် ရေရှည် ဘဏ္ဍာရေး အထောက်အပံ့များဖြင့် လည်ပတ်စေခြင်း နှင့် စတော့ဈေးကွက်အပေါ် အများပြည်သူ ယုံကြည်မှုကို တည်ဆောက်ခြင်းတို့ဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ရရှိရန် ရည်ရွယ်သည့် စတော့ရှယ်ယာရောင်းဝယ်ခြင်းအတွက် လိုအပ်သော ဈေးကွက် အထောက်အကူများ ထောက်ပံ့ပေးရန် တစ်မူထူးခြားသော နေရာတစ်ခုဖြစ်သည်။ ထို့အပြင် YSX သည် ရင်းနှီးမြှုပ်နှံသူများသို့ ဂုဏ်သိက္ခာရှိမှု၊ မျှတမှု နှင့် ပွင့်လင်းမှု တို့ဖြင့် စတော့ဈေးကွက်ကို တိုးတက်စေရန် ကြိုးပမ်းအားထုတ်မှုများဖြင့် ဆက်လက်လုပ်ဆောင်နေမည်ဖြစ်သည်။

မူပိုင်ခွင့် © ၂၀၁၉ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးကော်ပိုရေးရှင်း

**အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးကော်ပိုရေးရှင်း**
၂၁၂၁ ပန်ဆိုင်ဗန်နီးယားရိပ်သာ၊ အန်.ဒဗျူ
ဝါရှင်တန်. ဒီစီ. ၂၀၄၃၃
အင်တာနက် www.ifc.org

**မြန်မာနိုင်ငံငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်**
အမှတ် ၂၁ - ၂၅၊ ဆူးလေဘုရားလမ်း၊ မြန်မာ့စီးပွားရေးဘဏ် (ရန်ကုန်တိုင်းရုံး) ဒုတိယထပ်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်၊ မြန်မာ။
အင်တာနက် www.secm.gov.mm

**ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာန**
အမှတ် ၁၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်၊ မြန်မာ။
အင်တာနက် www.dica.gov.mm

**ရန်ကုန်စတော့အိတ်ချိန်း**
အမှတ် ၂၄ - ၂၆၊ ဆူးလေဘုရားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်၊ မြန်မာ။
အင်တာနက် www.ysx-mm.com

ဤစာတမ်းပါ ဖော်ပြချက်များကို မူပိုင်ခွင့်ဖြင့် ကာကွယ်ပေးထားပါသည်။ အချက်အလက်များ အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ မိတ္တူပွားခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် လက်ဆင့်ကမ်းခြင်းတို့သည် တည်ဆဲဥပဒေကို ချိုးဖောက်ခြင်း ဖြစ်ပါသည်။

ဤစာတမ်းတွင် ဖော်ပြထားသော တွေ့ရှိချက်များ၊ အဓိပ္ပာယ်ကောက်ယူပုံများနှင့် ကောက်ချက်များမှာ စာရေးသူများ၏ တွေ့ရှိချက်များ၊ အဓိပ္ပာယ် ကောက်ယူပုံများနှင့် ကောက်ချက်များသာ ဖြစ်ပါသည်။ IFC, SECM, DICA နှင့် YSX တို့၏ ရှုမြင်ပုံများကို ထင်ဟပ်သည်ဟု ယတိပြတ်မဆိုနိုင်ပါ။ IFC, SECM, DICA နှင့် YSX အနေဖြင့် ဤစာတမ်းတွင် ပါရှိသော အချက်အလက်များ၏ တိကျမှန်ကန်မှုကို အာမခံနိုင်ခြင်း မရှိပါ။ ယင်းအချက်အလက်များကို အသုံးပြုခြင်းကြောင့် ဖြစ်ပေါ်လာမည့် အကျိုးဆက်များအတွက်လည်း တာဝန်ယူမည် မဟုတ်ပါ။

ဧပြီ ၂၀၁၉

# မြန်မာနိုင်ငံ ကော်ပိုရိတ်စီမံအုပ်ချုပ်မှု အကဲဖြတ်မှတ်တမ်း ၂၀၁၈ - မြန်မာကုမ္ပဏီများအပေါ် အကဲဖြတ်လေ့လာမှု အစီရင်ခံစာ

# မာတိကာ

ကျေးဇူးတင်လွှာ ..... ၃

စကားဦး ..... ၄

အတိုကောက်အသုံးအနှုန်းများ ..... ၅

အနှစ်ချုပ် ..... ၇

အကဲဖြတ်လေ့လာမှုနည်းစနစ် ..... ၁၂

ရလဒ်များကို ဆန်းစစ်လေ့လာခြင်း ..... ၁၅

အသေးစိတ်ရလဒ်များ ..... ၁၉

- အပိုင်း က။ ရှယ်ယာပိုင်ဆိုင်သူများ၏ အခွင့်အရေးများ ..... ၁၉
- အပိုင်း ခ။ ရှယ်ယာပိုင်ဆိုင်သူများအား မျှတစွာဆက်ဆံခြင်း ..... ၂၂
- အပိုင်း ဂ။ အကျိုးသက်ဆိုင်သူများ၏ အခန်းကဏ္ဍ ..... ၂၅
- အပိုင်း ဃ။ ထုတ်ဖော်ပြန်ကြားခြင်းနှင့် ပွင့်လင်းမြင်သာမှု ..... ၂၇
- အပိုင်း င။ ဘုတ်အဖွဲ့၏ တာဝန်များ ..... ၃၀

အကြံပြုချက်များ ..... ၃၄

နောက်ဆက်တွဲများ ..... ၃၈

- နောက်ဆက်တွဲ က။ ကုမ္ပဏီများစာရင်း ..... ၃၈
- နောက်ဆက်တွဲ ခ။ အမှတ်ပေးဇယား မေးခွန်းလွှာနှင့် ပျမ်းမျှရမှတ်များ ..... ၃၉

# ကျေးဇူးတင်လွှာ

ဤကော်ပိုရိတ်စီမံအုပ်ချုပ်မှု အကဲဖြတ်လေ့လာမှုမှာ မြန်မာကုမ္ပဏီ ၂၄ ခု၏ ကော်ပိုရိတ်စီမံအုပ်ချုပ်မှု အလေ့အထများကို သုံးသပ်ချက်တစ်ရပ်ဖြစ်သည်။ ဤအစီရင်ခံစာဖြစ်မြောက်ရေးအတွက် မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင် (SECM)၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန (DICA)၊ ရန်ကုန် စတော့အိတ်ချိန်း (YSX) နှင့် အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေး ကော်ပိုရေးရှင်း (IFC) တို့က ကူညီပံ့ပိုးထားသည်။

ဤအစီရင်ခံစာကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနတို့က ပံ့ပိုးကူညီခဲ့သည်။ SECM ၏ဥက္ကဋ္ဌနှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ SECM ကော်မရှင်အဖွဲ့ဝင်များဖြစ်သော ဒေါ်ခင်လေးမြင့်၊ ဦးငွေးချွန်၊ ဦးသိန်းမြင့်၊ဒေါ်တင်မေဦး၊ DICA ၏ ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦး၊ SECM ညွှန်ကြားရေးမှူးချုပ် ဒေါ်တင်တင်အုန်း၊ SECM ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်နီနီဆွေ နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၏ မူဝါဒရေးရာ အကြံပေး Mr. Akira Kurita တို့၏ တက်ကြွစွာ ပါဝင်ပံ့ပိုးပေးမှုကြောင့် ဤအစီရင်ခံစာ ဖြစ်မြောက်ပေါ်ထွက်လာသည်။

ဤအကဲဖြတ်လေ့လာမှုကို ပြင်ဆင်ခြင်းနှင့် ထုတ်ဝေခြင်းတို့တွင် အင်တိုက်အားတိုက် ပါဝင်ကူညီခဲ့သူများ အမြောက်အများရှိပါသည်။ အကဲဖြတ် လေ့လာမှုတွင် ပါဝင်သည့်အကြောင်းအရာများကို SECM မှ ညွှန်ကြားရေးမှူး ဒေါ်အိစိန်စိန်ကြွယ်၊ Yever မှ ပြင်ပအကြံပေး Mr. Nicolas Delange၊ IFC ကော်ပိုရိတ်စီမံအုပ်ချုပ်မှုဆိုင်ရာ အရာရှိ Mr. Anar Aliyev ၊ IFC မြန်မာ ကော်ပိုရိတ်စီမံအုပ်ချုပ်မှု စီမံကိန်းမှ ကော်ပိုရိတ် စီမံအုပ်ချုပ်မှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအရာရှိ ဒေါ်ထွယ်ဆိုင်းရာနှင့် အစီရင်ခံစာ ဖြစ်မြောက်ရေးလုပ်ငန်းအဖွဲ့တို့က ပူးပေါင်းရေးဆွဲခဲ့ကြသည်။ အစီရင်ခံစာရေးသားသူများအနေဖြင့် လုပ်ငန်းအဖွဲ့တွင်ပါဝင်သူများ၏ တန်ဖိုးမဖြတ်နိုင်သော ပံ့ပိုးမှုအားလည်း အသိအမှတ်ပြုအပ်ပါသည်။ ၎င်းတို့သည် ဤအစီရင်ခံစာ ပြီးမြောက်ရေးအတွက် အချိန်၊ အသိပညာနှင့် ကြိုးပမ်းအားထုတ်မှု များစွာ စိုက်ထုတ်ခဲ့ကြပါသည်။ လုပ်ငန်းအဖွဲ့၏ အဖွဲ့ဝင်များဖြစ်သော YSX ၏ အမှုဆောင် အကြီးတန်းမန်နေဂျာ ဦးသက်ထွန်းဦး၊ YSX မှ မန်နေဂျာ ဒေါ်မေသူရိန်ထက်၊ DICA မှ ညွှန်ကြားရေးမှူး ဦးမျိုးမင်း၊ DICA မှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်သင်းသင်းမြတ်၊ DICA မှ ဒုတိယ ညွှန်ကြားရေးမှူး ဒေါ်ခင်မျိုးမြင့်စိုး၊ DICA မှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်စုဇေယျာလွင်၊ SECM မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ယဉ်မင်းသူ၊ SECM မှ ဦးစီးအရာရှိများဖြစ်သော ဦးရဲမင်းကို၊ ဒေါ်မေသွယ်သွယ်ယု၊ ဒေါ်ဟေမာန်ဦး နှင့် ဦးဇော်အောင်နိုင် တို့အား လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်အပ်ပါသည်။ ဤအစီအရင်ခံစာရေးသားသူများသည် အရှေ့အာရှပစိဖိတ်အတွက် IFC ကော်ပိုရိတ်စီမံအုပ်ချုပ်မှုဆိုင်ရာခေါင်းဆောင်, Mr. James Christopher Razook နှင့် IFC ကော်ပိုရိတ်စီမံအုပ်ချုပ်မှုဆိုင်ရာအကြီးတန်းအရာရှိ, Ms. Leyal Savas တို့ကိုလည်း ၎င်းတို့၏ လမ်းညွှန်အကြံပြုချက်များအတွက် အထူးပင်ကျေးဇူးတင်အပ်ပါသည်။

ဩစတြေးလျနှင့် ဗြိတိန်နိုင်ငံ အစိုးရများအားလည်း မြန်မာနိုင်ငံတွင် ဆောင်ရွက်နေသည့် IFC ၏ ကော်ပိုရိတ်စီမံအုပ်ချုပ်ရေးလုပ်ငန်း ဆောင်ရွက်ချက်များကို အားတက်သရောပံ့ပိုးပေးသည့်အတွက် အထူးပင်ကျေးဇူးတင်အပ်ပါသည်။

# စကားဦး

အဖွဲ့အစည်းတိုင်း၏ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကောင်းမွန်သော ကော်ပိုရိတ်စီမံအုပ်ချုပ်မှာ အလွန်အရေးပါသော အစိတ်အပိုင်းတစ်ခု ဖြစ်သည်။ စီးပွားရေးလုပ်ငန်းများတွင် ၎င်း၏ အရေးပါပုံကို ကော်ပိုရိတ်စီမံအုပ်ချုပ်မှုအလေ့အထများ ပိုကောင်းလေ၊ ရင်းနှီးမြှုပ်နှံသူများနှင့် အကျိုးသက်ဆိုင်သူများ၏ ယုံကြည်မှု ပိုခိုင်မာလေဖြစ်ကြောင်း ရှင်းလင်းစွာ သိရှိထားကြပြီးဖြစ်သည်။ မြန်မာကုမ္ပဏီများအနေဖြင့် ၎င်းတို့၏ လုပ်ငန်းကို ချဲ့ထွင်ရန်ဖြစ်စေ၊ နိုင်ငံတကာမိတ်ဖက်ကုမ္ပဏီများနှင့် ပိုမိုခိုင်မာသော ဆက်ဆံရေး တည်ဆောက်ရန်ဖြစ်စေ၊ သို့မဟုတ် ချောမွေ့သော အနာဂတ်တာဝန်ဆက်ခံရေး အစီအစဉ်ရေးဆွဲရာတွင်ဖြစ်စေ ၎င်းတို့၏ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုအလေ့အထများကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ရန် အရေးကြီးသည်။

လွန်ခဲ့သည့် နှစ်များအတွင်း မြန်မာနိုင်ငံ၏ စီးပွားရေးသည် အရှိန်အဟုန်ဖြင့် တိုးတက်ပြောင်းလဲလာသည်။ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လတွင် တိုင်းပြည်အတွင်း ကော်ပိုရိတ်စီမံအုပ်ချုပ်မှုအလေ့အထများအား တစ်ဖန်ပြန်ပုံဖော်မှုကို အဖြစ်အပျက်နှစ်ရပ်က ပံ့ပိုးပေးခဲ့သည် - မြန်မာကုမ္ပဏီများဥပဒေအသစ်နှင့် "စစ်မှန်ပြီး အားလုံးပါဝင်ကာ ပြုပြင်ပြောင်းလဲနိုင်သော စီးပွားရေး ဖွံ့ဖြိုးကြီးထွားမှု" ဖြစ်လာစေရန် ဦးတည်သော အစိုးရ၏ မူဝါဒများကို ၂၀၃၀ ခုနှစ်ထိ လမ်းညွှန်ပေးမည့် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (MSDP) ကို ထုတ်ပြန်ခြင်းတို့ဖြစ်သည်။ ၂၀၁၈ ခုနှစ်၊ မတ်လတွင် မြန်မာနိုင်ငံ ဒါရိုက်တာများ အင်စတီကျူကို ထူထောင်ခဲ့ခြင်းကလည်း အရေးကြီးသော မှတ်တိုင်တစ်ခုဖြစ်သည်။ စတင်ထူထောင်ချိန်မှစ၍ မြန်မာနိုင်ငံ ဒါရိုက်တာများ အင်စတီကျူသည် မြန်မာကုမ္ပဏီများမှ ဒါရိုက်တာများနှင့် အကြီးတန်း အမှုဆောင်များ၏ ပညာရပ်ဆိုင်ရာ ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကော်ပိုရိတ် စီမံအုပ်ချုပ်မှုသင်တန်းများပေးရန် (IFC) နှင့် ပူးပေါင်းဆောင်ရွက်လျှက်ရှိသည်။ ဤတိုးတက်ပြောင်းလဲမှုများက မြန်မာကုမ္ပဏီများအနေဖြင့် ၎င်းတို့၏ စီမံအုပ်ချုပ်ရေး အလေ့အထများကို ပြန်လည်သုံးသပ်ပြီး ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ရန်အတွက် အခွင့်အလမ်းတစ်ရပ်ကို ဖန်တီးပေးသည်။ ထိုသို့ဖြစ်လာစေရန် ပထမဆုံး ၎င်းတို့အနေဖြင့် နိုင်ငံတကာက လက်ခံထားသော အလေ့အထကောင်းများကို ကောင်းမွန်စွာ နားလည်ထားပြီး ၎င်းတို့အတွက် မည်သည့် တိုးတက်ပြောင်းလဲမှုများ လိုအပ်သည်ကို ဖော်ထုတ်ရန်လိုသည်။

ဤအကဲဖြတ်ချက်သည် မြန်မာကုမ္ပဏီကြီးများ၏ ကော်ပိုရိတ် စီမံအုပ်ချုပ်မှု အလေ့အထများကို အကဲဖြတ်သုံးသပ်ပြီး ၎င်းတို့၏ ရလဒ်ကို နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီမှုအဆင့်ဖြင့် ညွှန်ပြရန် ပျမ်းမျှရမှတ်တစ်ခုကို ဖော်ထုတ်ထားသည်။ အကဲဖြတ်ချက်စနစ်သည် ကော်ပိုရိတ် စီမံအုပ်ချုပ်မှု အရေးကြီးကြောင်း အသိမြှင့်တင်ပေးရန် နှင့် ဈေးကွက်တွင်း အလေ့အထကောင်းများ ပိုမိုတိုးတက်လာစေရန်ဆောင်ရွက်ရာတွင် အများအပြား အသိအမှတ်ပြု လက်ခံထားသော နည်းလမ်းတစ်ခုဖြစ်သည်။ SECM၊ DICA၊ YSX နှင့် IFC တို့ ပူးတွဲဆောင်ရွက်မှုတစ်ခုဖြစ်သော မြန်မာနိုင်ငံ အကဲဖြတ်မှတ်တမ်းသည် မြန်မာနိုင်ငံရှိ ကုမ္ပဏီများ၏ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုအလေ့အထများကို အကဲဖြတ်လေ့လာရန် ကွဲပြားသော စည်းမျဉ်းထိန်းကြောင်းရေးအဖွဲ့များနှင့် အခြားသောအဖွဲ့အစည်းများမှ ပညာရှင်များ၏ ကျွမ်းကျင်မှုနှင့် သဘောထားအမြင်များကို အဖွဲ့တစ်ခုတည်းတွင် စုစည်းကာ ပေါင်းစည်းလုပ်ဆောင်ထားသော ပထမဆုံးဆောင်ရွက်ချက်တစ်ခုဖြစ်သည်။ အကဲဖြတ်လေ့လာမှုသည် အာဆီယံစီးပွားရေး အသိုင်းအဝိုင်းတွင်းရှိ အရင်းအနှီးဈေးကွက်များက အသုံးပြုသောဒေသတွင်း စံသတ်မှတ်ချက်တစ်ခုဖြစ်ကာ အသစ်ပြင်ဆင်ထားသော G20/OECD ကော်ပိုရိတ်စီမံ အုပ်ချုပ်မှု အခြေခံမူများနှင့် ကိုက်ညီသည့် အာဆီယံ ကော်ပိုရိတ် စီမံအုပ်ချုပ်မှု အကဲဖြတ်မှတ်တမ်းအပေါ် အခြေခံထားသည်။

မြန်မာကုမ္ပဏီများ၏ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုစံချိန်စံညွှန်းများကို အကဲဖြတ်သုံးသပ်သည့်အပြင် ဤအစီရင်ခံစာသည် အခြားအာဆီယံ အရင်းအနှီးဈေးကွက်များနှင့် လစ်ဟာနေမှုကို ဖြည့်ဆည်းရန်နှင့် မြန်မာနိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို ပိုမိုအားကောင်းစေရန် မြှင့်တင်ဆောင်ရွက်ရန်တို့အတွက် ခိုင်မာသော အကြံပြုချက်များလည်း ပေးထားသည်။ ဤသည်မှာ ပုဂ္ဂလိကကဏ္ဍတွင်း ကော်ပိုရိတ်စီမံအုပ်ချုပ်မှုကို ပိုမိုကောင်းမွန်စေရေး လမ်းပြမြေပုံတစ်ခု ရေးဆွဲရန် မြန်မာနိုင်ငံရှိ စည်းမျဉ်းထိန်းကြောင်းရေးအဖွဲ့များ၏ ပူးပေါင်းကြိုးပမ်းမှုအတွက် သိသာထင်ရှားသော ခြေလှမ်းတစ်ခုဖြစ်သည်။

မောင်မောင်ဝင်း
ဥက္ကဋ္ဌ
ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်

# အတိုကောက်အသုံးအနှုန်းများ

| | |
|---|---|
| ADB | Asian Development Bank (အာရှဖွံ့ဖြိုးရေးဘဏ်) |
| ACGS | ASEAN Corporate Governance Scorecard (အာဆီယံကော်ပိုရိတ် စီမံအုပ်ချုပ်မှု အကဲဖြတ်မှတ်တမ်း) |
| ACMF | ASEAN Capital Markets Forum (အာဆီယံအရင်းအနှီးဈေးကွက်များ ဖိုရမ်) |
| AGM | Annual General Meeting (နှစ်ပတ်လည် အထွေထွေ အစည်းအဝေး) |
| ASEAN | Association of Southeast Asian Nations (အရှေ့တောင်အာရှ နိုင်ငံများအသင်း) |
| CEO | Chief Executive Officer (အမှုဆောင်အရာရှိချုပ်) |
| DICA | Directorate of Investment and Company Administration (ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာန) |
| EGM | Extraordinary General Meeting (အထူးအထွေထွေ အစည်းအဝေး) |
| GSM | General Stakeholder Meeting (အကျိုးသက်ဆိုင်သူများ အထွေထွေအစည်းအဝေး) |
| IFC | International Finance Corporation (နိုင်ငံတကာ ဘဏ္ဍာရေး ကော်ပိုရေးရှင်း) |
| MCGI | Myanmar Corporate Governance Initiative (မြန်မာနိုင်ငံ ကော်ပိုရိတ် စီမံအုပ်ချုပ်မှု ဖွံ့ဖြိုးရေး စီမံချက်) |
| MIoD | Myanmar Institute of Directors (မြန်မာနိုင်ငံ ဒါရိုက်တာများ အင်စတီကျု) |
| MSDP | Myanmar Sustainable Development Plan (မြန်မာနိုင်ငံ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း) |
| NGOs | Non Government Organizations (အစိုးရမဟုတ်သော အဖွဲ့အစည်းများ) |
| OECD | Organisation of Economic Co-operation and Development<br>(စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး အဖွဲ့) |
| RPT | Related Party Transaction (ဆက်နွယ်သည့်ပုဂ္ဂိုလ် အဖွဲ့အစည်းနှင့် အရောင်းအဝယ်ပြုလုပ်ခြင်း) |
| SOE | State-owned enterprise (အစိုးရပိုင် စီးပွားရေးလုပ်ငန်းများ) |
| SECM | Securities and Exchange Commission of Myanmar<br>(မြန်မာနိုင်ငံ ငွေချေးသက်သေခံ လက်မှတ်လုပ်ငန်း ကြီးကြပ်ရေး ကော်မရှင်) |
| YSX | Yangon Stock Exchange (ရန်ကုန်စတော့အိတ်ချိန်း) |

# အနှစ်ချုပ်

## *ရည်ရွယ်ချက်*

မြန်မာနိုင်ငံ ကော်ပိုရိတ်စီမံအုပ်ချုပ်မှု အမှတ်ပေးဇယားသည် မြန်မာနိုင်ငံရှိ ကုမ္ပဏီများ၏ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုအလေ့အထများကို သုံးသပ်ချက်နှင့် အစီရင်ခံချက်တစ်ရပ်ဖြစ်သည်။ ဦးတည်ရည်မှန်းချက်မှာ လက်ရှိကော်ပိုရိတ်စီမံအုပ်ချုပ်မှု စျေးကွက်လစ်ဟာချက်များကို အကဲဖြတ်လေ့လာပြီး အနာဂတ်မူဝါဒဆွေးနွေးမှုများနှင့် ကော်ပိုရိတ်စီမံအုပ်ချုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးကြိုးပမ်းမှုများအတွက် မူဘောင်တစ်ရပ်ပေးအပ်ရန် မြန်မာကုမ္ပဏီများ၏ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုအလေ့အထများကို စံနှုန်းသတ်မှတ်ပေးရန်ဖြစ်သည်။ ထို့ပြင် ဤအကဲဖြတ်လေ့လာမှုကို ကုမ္ပဏီများဥပဒေအသစ်မပြဋ္ဌာန်းမီက ဆောင်ရွက်ခဲ့ခြင်းဖြစ်ရာ အနာဂတ်အကဲဖြတ်လေ့လာမှုများအတွက် အခြေခံတစ်ရပ်အဖြစ် အသုံးပြုနိုင်သည်။ ၎င်းတို့က အောက်ပါအပြောင်းအလဲများပါဝင်သော ပိုမိုကောင်းမွန်လာသည့် ကော်ပိုရိတ်စီမံအုပ်ချုပ်မှုအလေ့အထများနှင့် တိုးတက်ပြောင်းလဲလာသော စည်းမျဉ်းထိန်းချုပ်မှုပတ်ဝန်းကျင်၏ သက်ရောက်မှုများကို ဖော်ပြပေးပေလိမ့်မည်။

- မူဝါဒရေးဆွဲသူများသည် မြန်မာ့ကော်ပိုရိတ်စီမံအုပ်ချုပ်မှုမူဘောင်၏ ထိရောက်မှုကို ပိုမိုကောင်းမွန်စေမည့် မူဝါဒအသစ်များ ရေးဆွဲလာကြမည်။
- စည်းမျဉ်းထိန်းချုပ်သူများက မြန်မာနိုင်ငံတွင် လုပ်ငန်းဆောင်ရွက်နေသည့် ကုမ္ပဏီများအနေဖြင့် ကုမ္ပဏီများဥပဒေ၊ စံနှုန်းများနှင့် စည်းမျဉ်းများကို လိုက်နာရန် မျှော်လင့်လာကြမည်။
- ရင်းနှီးမြှုပ်နှံသူများက မြန်မာကုမ္ပဏီများ၏ ကော်ပိုရိတ်စီမံအုပ်ချုပ်မှု အလေ့အထများအပေါ် ပိုမိုမြင့်မားသော မျှော်လင့်ချက်များရှိလာကြမည်။
- ကုမ္ပဏီများသည် ၎င်းတို့၏ စီးပွားရေးရေရှည်တည်တံ့ရေးကို ထိန်းသိမ်းရန် ခိုင်မာသော ကော်ပိုရိတ် စီမံအုပ်ချုပ်မှု အလေ့အထများကို ယှဉ်ပြိုင်နိုင်ရည် အားသာချက်တစ်ခုအဖြစ် စဉ်းစားလာကြမည်။
- စာရင်းစစ်များ၊ မီဒီယာနှင့် အခြားကျွမ်းကျင်သူများက ကုမ္ပဏီများ၏ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုအလေ့အထများကို ပိုမိုနီးကပ်စွာ စောင့်ကြည့်လေ့လာလာကြပြီး ဤအချက်က ပိုမိုကောင်းမွန်သော စံချိန်စံညွှန်းများ ပေါ်ထွက်လာစေရေးကို ပံ့ပိုးပေးလိမ့်မည်။

## *အတွေ့တွေ့ရလဒ်များ*


မြန်မာနိုင်ငံ ကော်ပိုရိတ်စီမံအုပ်ချုပ်မှု အကဲဖြတ်မှတ်တမ်းသည် မြန်မာကုမ္ပဏီ ၂၄ ခု၏ ကော်ပိုရိတ် စီမံအုပ်ချုပ်မှု အလေ့အထများကို အကဲဖြတ်လေ့လာရန် အာဆီယံကော်ပိုရိတ်စီမံအုပ်ချုပ်မှု အကဲဖြတ်ချက်မေးခွန်းများကို အခြေခံအသုံးပြုထားပြီး ၎င်းတို့၏ လိုက်နာမှုအဆင့်ကို ညွှန်ပြရန် ပျမ်းမျှရမှတ်တစ်ခုကို ဖော်ထုတ်ထားသည်။ အကဲဖြတ်ချက်ကို အသစ်ပြင်ဆင်ရေးဆွဲထားသည့် G20/OECD ကော်ပိုရိတ်စီမံအုပ်ချုပ်မှု အခြေခံမူများနှင့် ကိုက်ညီအောင် ရေးဆွဲထားပြီး ၎င်းတွင် အပိုင်း ငါးပိုင်း ပါဝင်သည်။

၁။ ရှယ်ယာပိုင်ဆိုင်သူများ၏ အခွင့်အရေးများ (အပိုင်း က)
၂။ ရှယ်ယာပိုင်ဆိုင်သူများအား မျှတစွာ ဆက်ဆံခြင်း (အပိုင်း ခ)
၃။ အကျိုးသက်ဆိုင်သူများ၏ အခန်းကဏ္ဍ (အပိုင်း ဂ)
၄။ ထုတ်ဖော်ပြန်ကြားချက်နှင့် ပွင့်လင်းမြင်သာမှု (အပိုင်း ဃ)
၅။ ဘုတ်အဖွဲ့၏ တာဝန်များ (အပိုင်း င)

သုံးသပ်လေ့လာခဲ့သော ကုမ္ပဏီ ၂၄ ခု၏ ပျမ်းမျှရမှတ်မှာ ၃၀ ရာခိုင်နှုန်းဖြစ်ပြီး ၂၀၁၅ ခုနှစ်က အာဆီယံပျမ်းမျှရမှတ် ၆၉ ရာခိုင်နှုန်းထက် နိမ့်ကျသည်။[1] သို့သော်လည်း မြန်မာကုမ္ပဏီအချို့သည် ပျမ်းမျှရမှတ်ထက် သာလွန်အောင် စွမ်းဆောင်လျှက်ရှိပြီး အမြင့်ဆုံးမှာ ၅၉ ရာခိုင်နှုန်း ရှိကြောင်း သတိပြုသင့်ပေသည်။ အခြားအားတက်ဖွယ်ရာ အချက်တစ်ခုမှာ ရမှတ် ၄၃ ရာခိုင်နှုန်း ရရှိသော စတော့အိတ်ချိန်းစာရင်းဝင်ကုမ္ပဏီများ (ပုံ ၁ ကိုကြည့်ပါ) သည် အများပိုင်နှင့် ပုဂ္ဂလိက ကုမ္ပဏီများ (၂၅ ရာခိုင်နှုန်းနှင့် ၃၅ ရာခိုင်နှုန်း အသီးသီး) ထက် ပိုမိုစွမ်းဆောင်နိုင်သည့် အချက်ဖြစ်သည်။ အမျိုးအစားတစ်ခုစီအတွင်းတွင် စွမ်းဆောင်မှုအကောင်းဆုံးနှင့် အဆိုးဆုံးကုမ္ပဏီများကြား ကွာခြားမှုမှာ သိသာထင်ရှားသည်။ ဤသည်မှာ မြန်မာကုမ္ပဏီများအနေဖြင့် ၎င်းတို့၏ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုအလေ့အထများကို မြှင့်တင်ရန် အလားအလာများရှိနေပြီး စွမ်းဆောင်မှုအားနည်းသော ကုမ္ပဏီများအနေဖြင့် မြှင့်တင်နိုင်စွမ်းနှင့် အမှီလိုက်ရန် အခွင့်အလမ်းရှိနေသည်ဆိုကြောင်း ဖော်ပြနေသည်။


1 ADB က ၂၀၁၇ ခုနှစ်တွင် ထုတ်ဝေခဲ့သော *၂၀၁၅ အာဆီယံ ကော်ပိုရိတ်စီမံအုပ်ချုပ်မှု အကဲဖြတ်ချက် တိုင်းပြည်အစီရင်ခံစာများနှင့် အကဲဖြတ်လေ့လာမှုများ* ကို ကြည့်ပါ။

## ပုံ ၁ - ပိုင်ဆိုင်မှုဖွဲ့စည်းတည်ဆောက်ပုံပေါ် မူတည်၍ ရရှိသောရလဒ်များ




ပုံ ၂ တွင် ပြထားသကဲ့သို့ပင် မြန်မာကုမ္ပဏီများအနေဖြင့် နယ်ပယ်နှစ်ခုတွင် ၎င်းတို့၏ အလေ့အထများကို မြှင့်တင်ရေးအား ဦးစားပေးသင့်သည်။ ၎င်းနယ်ပယ် ၂ ရပ်မှာ ဘုတ်အဖွဲ့များ၏ တာဝန်များ (အပိုင်း င) နှင့် ကော်ပိုရိတ်ထုတ်ဖော်ပြန်ကြားမှု (အပိုင်း ဃ) တို့ဖြစ်သည်။ ကုမ္ပဏီများသည် အပိုင်း င အတွက် ရမှတ်အနိမ့်ဆုံး (၂၆ ရာခိုင်နှုန်း) ဖြစ်သည်။ ယင်းကဲ့သို့ မြှင့်တင်ဆောင်ရွက်ရန်အတွက် ကုမ္ပဏီများအနေဖြင့် ကွဲပြားသော အုပ်ချုပ်ရေးအဖွဲ့များကြား အခန်းကဏ္ဍများကို ရှင်းလင်းစွာ သတ်မှတ်ရန်၊ ဒါရိုက်တာ အသစ်ခန့်ထားမှုများအတွက် စံချိန်စံညွှန်းများ ရေးဆွဲရန်၊ လွတ်လပ်သော ဒါရိုက်တာများ အရေအတွက်ကို တိုးမြှင့်ရန် လိုအပ်သည်။ ကုမ္ပဏီများသည် ၎င်းတို့၏ စီးပွားရေးရေရှည်တည်တံ့မှုကို ထိန်းသိမ်းရန်အတွက် သင့်တင့်သော ဆုံးရှုံးနိုင်ချေစီမံခန့်ခွဲမှုစနစ်တစ်ခုကိုလည်း ရေးဆွဲထားသင့်သည်။ ဘုတ်အဖွဲ့၏ ထိရောက်မှုကို တိုးမြှင့်ရန် ဒါရိုက်တာများ၏ စွမ်းဆောင်မှုကို အကဲဖြတ်သုံးသပ်သင့်သည်။ ကုမ္ပဏီများအနေဖြင့် ၎င်းတို့၏ စီးပွားရေးကျင့်ဝတ်များကို ပိုမိုကောင်းမွန်စေရန် ဝန်ထမ်းကျင့်ဝတ်များလည်း ရေးဆွဲထားသင့်သည်။

## ပုံ ၂ - အပိုင်း (က) မှ (င) အတွက် ပျမ်းမျှရလဒ်



ကုမ္ပဏီများသည် ၎င်းတို့၏ ကော်ပိုရိတ်ထုတ်ဖော်ပြန်ကြားချက်အတွက် ရမှတ် ၃၁ ရာခိုင်နှုန်းရရှိကြသည်။ ယင်းတွေ့ရှိချက်အရ ၎င်းတို့၏ ဆက်သွယ်ပြန်ကြားရေးနည်းလမ်းများသည် ခေတ်မီခြင်းမရှိဘဲ လုံလောက်တိကျသော သတင်းအချက်အလက်များကို စနစ်တကျပေးအပ်ခြင်း မရှိကြောင်း ဖော်ပြနေသည်။ ဥပမာ စတော့အိတ်ချိန်းစာရင်းဝင်ကုမ္ပဏီအချို့၏ နှစ်ပတ်လည် အစီရင်ခံစာများကို ၎င်းတို့ ကိုယ်ပိုင်ဝက်ဘ်ဆိုက်များတွင် မတွေ့ရဘဲ YSX ဝက်ဘ်ဆိုက်ပေါ်တွင်သာ ရနိုင်ပြီး အခြားကုမ္ပဏီများမှာ ၎င်းတို့ဝက်ဘ်ဆိုက်များကို လေးနှစ်မှ ငါးနှစ်ထိ ပြင်ဆင်မွမ်းမံခြင်းမရှိကြပေ။ ထိုအချက်က ကုမ္ပဏီ၏ စွမ်းဆောင်မှုနှင့်ပတ်သက်၍ အကျိုးဆက်စပ်သူများနှင့် အစုရှယ်ယာရှင်၏ သင့်တင့်ဆက်စပ်သော သတင်းအချက်အလက်အား ရယူနိုင်စွမ်းကို ထိခိုက်နိုင်သည်။ မြန်မာကုမ္ပဏီများသည် ကော်ပိုရိတ်အစီရင်ခံခြင်းကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ပြီး ၎င်းတို့၏ ဝက်ဘ်ဆိုက်များကို အတိကျအမှန်ကန်ဆုံး နောက်ဆုံးရသတင်းအချက်အလက်များ၊ စာရွက်စာတမ်းများဖြင့် ပုံမှန်ပြင်ဆင်မွမ်းမံသင့်သည်။

နယ်ပယ်ငါးခုအနက် ကုမ္ပဏီများသည် ရှယ်ယာပိုင်ဆိုင်သူများ၏ အခွင့်အရေးများကဏ္ဍတွင် ထင်ရှားစွာခြားနားကြသော်လည်း ရမှတ်အများဆုံး (၄၀ ရာခိုင်နှုန်း) ရရှိကြသည်။

ပျမ်းမျှအနေဖြင့် ကုမ္ပဏီများသည် ရှယ်ယာပိုင်ဆိုင်သူများနှင့် မျှတစွာဆက်ဆံခြင်းကဏ္ဍတွင် ရမှတ် ၃၃ ရာခိုင်နှုန်းရရှိကြသည်။ ယေဘုယျတွေ့ရှိချက်မှာ ၎င်းတို့အနေဖြင့် နှစ်ပတ်လည်အစည်းအဝေးများ မတိုင်မီ၊ အစည်းအဝေးအတွင်းနှင့် အစည်းအဝေးအပြီးတွင် ရှယ်ယာပိုင်ဆိုင်သူများနှင့် အပြန်အလှန်ဆက်ဆံပုံအပါအဝင် ဆက်နွယ်သည့် ပုဂ္ဂိုလ်အဖွဲ့အစည်း နှင့် အရောင်းအဝယ်ပြုလုပ်ခြင်းကို အစီရင်ခံပုံနှင့် စီမံခန့်ခွဲပုံတို့ကို ပိုမိုကောင်းမွန်အောင်  ဆောင်ရွက်ရန်လိုအပ်သည်။

## *အကြံပြုချက်များ*

လုပ်ငန်းစုများ စီမံအုပ်ချုပ်မှု၊ ဈေးကွက် ဖွံ့ဖြိုးတိုးတက်မှုနှင့် စီးပွားရေး ဖွံ့ဖြိုးကြီးထွားမှုတို့အတွက် ဥပဒေ၊ ဥပဒေ အကျိုးသက်ရောက်မှုနှင့် ကောင်းမွန်သော စံချိန်စံညွှန်းများ၏ အရေးပါပုံကို လေ့လာမှုအများအပြားက အလေးပေး ဖော်ပြထားသည်။ သို့သော်လည်း မြန်မာနိုင်ငံရှိ လုပ်ငန်းစုအများအပြား၏ လက်ရှိ စီမံအုပ်ချုပ်မှု စံချိန်စံညွှန်းများအဆင့်မှာ အလွန်နိမ့်ကျနေဆဲဖြစ်သည်။ ကောင်းမွန်စွာဆောင်ရွက်ခြင်းမရှိသော ဘုတ်အဖွဲ့များ၊ အလွန်ရှေးကျသော စီမံခန့်ခွဲရေး ထိန်းချုပ်မှု လုပ်ငန်းစဉ်များ၊ ပွင့်လင်းမြင်သာမှုအဆင့်နိမ့်ပါးခြင်းများဖြင့် မြန်မာလုပ်ငန်းစုများ၏ စီမံအုပ်ချုပ်မှုဖွဲ့စည်းပုံများမှာ ဖွံ့ဖြိုးမှု အလွန်နိမ့်ပါးသည်။

အစီရင်ခံစာတွင် အလျင်အမြန်တိုးတက်အောင် ဆောင်ရွက်နိုင်သည့် အပိုင်းအချို့အပြင် ကော်ပိုရိတ် စီမံအုပ်ချုပ်မှု လမ်းပြမြေပုံ ရေးဆွဲခြင်းဖြင့် အစိုးရအဖွဲ့အစည်းများ၊ ပုဂ္ဂလိက ကဏ္ဍ၊ အခြား အစိုးရမဟုတ်သော အဖွဲ့အစည်းများကြား ပူးပေါင်းဆောင်ရွက်မှုလိုအပ်သည် ရေရှည်လုပ်ငန်းများကိုလည်း ဖော်ထုတ်တင်ပြထားသည်။ ဤသုံးသပ်ချက်အား  ကောင်းမွန်သော ကော်ပိုရိတ်စီမံအုပ်ချုပ်မှုနှင့် ကောင်းမွန်သော ကော်ပိုရိတ်စီမံအုပ်ချုပ်မှု သင်တန်းများတွင် စိတ်ဝင်စားသူ သို့မဟုတ် ယင်းမှ အကျိုးခံစားခွင့် ရနိုင်သူ ကုမ္ပဏီများ၊ ကုန်သည်ကြီးများအသင်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အခြားဈေးကွက်တွင်း ပါဝင်သူများအကြား ကျယ်ကျယ်ပြန့်ပြန့် မြှင့်တင်ပေးရန် အကြံပြုပါသည်။

## *ဥပဒေဆိုင်ရာနှင့် စည်းမျဉ်းထိန်းချုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး*

- မြန်မာကုမ္ပဏီအားလုံး အထူးသဖြင့် ကော်ပိုရိတ် စီမံအုပ်ချုပ်မှုနှင့် ပတ်သက်သော ကုမ္ပဏီများဥပဒေကို လိုက်နာကြစေရေး ဆောင်ရွက်ရန်၊

- သက်ဆိုင်သော ဆက်စပ်ပတ်သက်သူအားလုံး၊ အထူးသဖြင့် ပုဂ္ဂလိကကဏ္ဍနှင့် ပူးပေါင်း၍ မြန်မာနိုင်ငံကော်ပိုရိတ်စီမံအုပ်ချုပ်မှု စည်းမျဉ်းကို စတင်ရေးဆွဲရန်။

- ယုံကြည်စိတ်ချရသည့် ဥပဒေအာဏာတည်စေရေး စွမ်းရည်များရှိစေရန် ကော်ပိုရိတ်စီမံအုပ်ချုပ်မှု စောင့်ကြည့်လေ့လာရေးနှင့် အကျိုးသက်ရောက်ရေး လုပ်ပိုင်ခွင့်အာဏာများ၊ အာဏာပိုင်များနှင့် ပြစ်ဒဏ်များကို ပိုမိုကောင်းမွန်စေပြီး ရှင်းလင်းစေရန်။

- စည်းမျဉ်းထိန်းချုပ်ကြီးကြပ်ရေးအဖွဲ့များကြား ကော်ပိုရိတ်စီမံအုပ်ချုပ်မှုအကြောင်းဗဟုသုတများ ပိုမိုခိုင်မာ အားကောင်းစေရန်နှင့် ကော်ပိုရိတ် အစီရင်ခံမှုနှင့် ကော်ပိုရိတ်စီမံအုပ်ချုပ်မှု လိုအပ်ချက်များ ထိရောက်မြင်သာသော အာဏာတည်စေရေးအတွက် ထိရောက်မြင်သာစွာ ဆောင်ရွက်ရေးနှင့် ကော်ပိုရိတ်စီမံအုပ်ချုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးနှင့်ဆိုင်သော ခေါင်းဆောင်မှုကို ထောက်ပံ့ပေးရေးအတွက် SECM၊ DICA နှင့် YSX တို့တွင် လုံလောက်သော ရင်းမြစ်များ ရှိစေရေး ဆောင်ရွက်ရန်။

- လွန်ခဲ့သည့်နှစ်နှင့် ကြိုတင်မြင်နိုင်သည့် အနာဂတ်အတွက် (ဘဏ္ဍာရေးနှင့်ဆိုင်သော၊ မဆိုင်သော) ကုမ္ပဏီလုပ်ငန်းများ၊ စွမ်းဆောင်မှုဆိုင်ရာ သတင်းအချက်အလက်များပေးသည့် စာတမ်းတစ်ခုပုံစံဖြင့် ဘက်စုံ ပြည့်စုံသော နှစ်ပတ်လည် အစီရင်ခံစာ ပြုစုခြင်းနှင့် ပေးအပ်ခြင်းကို ဥပဒေဖြင့် ပြဋ္ဌာန်းရန်။ နှစ်ပတ်လည် အစီရင်ခံစာကို အစုရှယ်ယာပိုင်ရှင်အားလုံးအားပေးသင့်ပြီး ပြည်သူလူထုရယူနိုင်ရန် ကုမ္ပဏီဝက်ဘ်ဆိုက်ပေါ် တင်ထားသင့်သည်။

- ရင်းနှီးမြှုပ်နှံသူများနှင့် ရှယ်ယာပိုင်ဆိုင်သူများအား ယုံကြည်စိတ်ချရသည့် သတင်းအချက်အလက်များ ပေးအပ်ရေးအတွက် ပိုမိုကောင်းမွန်သော ဘဏ္ဍာရေး အစီရင်ခံမှုနှင့် နိုင်ငံတကာ စာရင်းစစ်စံချိန်စံညွှန်းနှင့် ကိုက်ညီမှုတို့ကို ဖော်ဆောင်ရန်။ ဤအချက်ကို ကမ္ဘာ့ဘဏ်က နောက်ဆုံးထုတ်ပြန်သည့် *စံချိန်စံညွှန်းများနှင့် စည်းမျဉ်းများအား လိုက်နာကျင့်သုံးမှုဆိုင်ရာ အစီရင်ခံစာ* တွင် အကြံပြုထားသည်။[2] ဤအကြံပြုချက်ကို အကောင်အထည်ဖော်ရေးအတွက် စည်းမျဉ်းထိန်းချုပ်သူများသည် မြန်မာနိုင်ငံ စာရင်းကောင်စီ၊ ပြည်သူ့ စာရင်းကိုင်များအသင်းတို့နှင့် ပူးပေါင်းဆောင်ရွက်သင့်သည်။

- ဈေးကွက်အတွင်း စွမ်းဆောင်မှုအကောင်းဆုံးသူများအား ဆုပေးပြီး စွမ်းဆောင်မှု အဆိုးဆုံးသူများအား ဒဏ်ပေးမည့် ဆန်းသစ်သည့် မက်လုံးပေး စနစ်တစ်ရပ် ဖန်တီးရန်။ ဥပမာ YSX နှင့် SECM တို့က လွန်ခဲ့သည့် ဘဏ္ဍာနှစ်အတွင်း ထုတ်ဝေသည့် အကောင်းဆုံး နှစ်ပတ်လည် အစီရင်ခံစာ သို့မဟုတ် ကျင်းပခဲ့သည့် အကောင်းဆုံး နှစ်ပတ်လည်အစည်းအဝေးများကို ဆုပေးရန်နှင့် သက်ဆိုင်ရာ ဝက်ဘ်ဆိုက်များပေါ်တွင် နောက်ကျကျန်ခဲ့သူများစာရင်းကို ထုတ်ဖော်ကြေငြာရန် စဉ်းစားနိုင်သည်။

- မြန်မာနိုင်ငံရှိ ကော်ပိုရိတ် စီမံအုပ်ချုပ်မှုအကြောင်း ဗဟုသုတကို ဒါရိုက်တာများ၊ အစုရှယ်ယာပိုင်ရှင်များနှင့် စီမံခန့်ခွဲရေးစသည့် ကော်ပိုရိတ်စီမံအုပ်ချုပ်မှုတွင် အဓိကအရေးပါသူများတွင်သာမကဘဲ မီဒီယာ၊ စာရင်းစစ်များ၊ အကျိုးသက်ဆိုင်သူ အုပ်စုများစသည့် အခြား လွှမ်းမိုးနိုင်သူများထံတွင်ပါ ပိုမို တိုးတက်လာအောင် ဆောင်ရွက်သင့်သည်။ အထူးသဖြင့် ကော်ပိုရိတ် စီမံအုပ်ချုပ်မှုကိစ္စများ ထွက်ပေါ်လာသည့်အခါ သင့်တော်စွာ မှတ်ချက်ပေးနိုင်ရန်အတွက် မီဒီယာများအား သင်တန်းပေးရန် အကြံပြုအပ်သည်။ အစုရှယ်ယာပိုင်ရှင်များသည် ၎င်းတို့၏ သာမန်နှင့် မျှော်မှန်းအခွင့်အရေးများကို ပိုမိုသဘောပေါက်နားလည်ပြီး ယင်းအခွင့်အရေးများကို ထိရောက်စွာ အသုံးချနိုင်လာမည်။

## *ပုဂ္ဂလိက ကဏ္ဍ/ ကုမ္ပဏီ ဖွံ့ဖြိုးတိုးတက်ရေး*

- မှတ်ပုံတင်ထားသည့် မြန်မာကုမ္ပဏီများအားလုံးသည် ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းများကို အလေ့အထကောင်းများ၊ ရှယ်ယာပိုင်ဆိုင်သူများနှင့် အကျိုးသက်ဆိုင်သူများ၏ အကျိုးစီးပွားတို့နှင့် ကိုက်ညီစေရေး အတွက် ပြင်ဆင်မွမ်းမံရန် ကုမ္ပဏီများဥပဒေကပေးသည့် အခွင့်အရေးကို ဆုပ်ကိုင်ရယူသင့်သည်။

- ကုမ္ပဏီများသည် အရည်အသွေးပြည့်သော ကုမ္ပဏီကော်ပိုရိတ်စီမံအုပ်ချုပ်မှု မူဘောင်များ၊ မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများကို ရေးဆွဲထုတ်ပြန်သင့်သည်။ ဥပမာ ကုမ္ပဏီများအနေဖြင့် ကောင်းမွန်သော ကော်ပိုရိတ် စီမံအုပ်ချုပ်မှု ဘုတ်အဖွဲ့ မူဝါဒ/ပြဋ္ဌာန်းချက်များကို ထုတ်ဖော်ကြေငြာရန် အလွန်အရေးကြီးသည်။ ဤအကဲဖြတ်လေ့လာမှုတွင် ကုမ္ပဏီတစ်ခုတည်းကသာ ၎င်း၏ ဝက်ဘ်ဆိုက်ပေါ်တွင် ဘုတ်အဖွဲ့ပြဋ္ဌာန်းချက်များကို ထုတ်ပြန်ထားသည်။ ကုမ္ပဏီများသည် ကော်ပိုရိတ်စီမံအုပ်ချုပ်မှုနှင့် ဝန်ထမ်းများ၊ စီမံခန့်ခွဲရေး၊ ဒါရိုက်တာအဖွဲ့တို့နှင့်ဆိုင်သော လုပ်ငန်းဆောင်ရွက်မှုကျင့်ဝတ်များအတွက် ကုမ္ပဏီ၏ သန္နိဋ္ဌာန်ကို ဖော်ပြထားသည့် ကုမ္ပဏီ ကော်ပိုရိတ် စီမံအုပ်ချုပ်မှုစည်းမျဉ်းကိုလည်း ရေးဆွဲထုတ်ပြန်သင့်သည်။

- ကုမ္ပဏီများအနေဖြင့် ၎င်းတို့၏ စွမ်းဆောင်ရည်များကို ရုံးတွင်းတွင်သာမက ပညာရပ်ဆိုင်ရာကျွမ်းကျင်သော အကြံပေးပုဂ္ဂိုလ်များ အကူအညီဖြင့် တည်ဆောက်ပေးသင့်သည်။ ဒါရိုက်တာများသည် ၎င်းတို့၏ အခန်းကဏ္ဍနှင့် တာဝန်များကို သိရှိကာ အရည်အသွေးပြည့်သော ဘုတ်အဖွဲ့မူဝါဒများနှင့် အလေ့အထများကို ဖော်ထုတ်အသုံးချနိုင်သင့်သည်။ သင်တန်းအစီအစဉ်များ ဖော်ဆောင်ရာတွင် ကုန်သည်ကြီးများအသင်း/စီးပွားရေးအသင်းအဖွဲ့များ၊ MIoD ကဲ့သို့ အစိုးရမဟုတ်သော အဖွဲ့အစည်းများအတွက် အခွင့်အလမ်းများစွာ ရှိသည်။

- ကုမ္ပဏီအတွင်းရေးမှူးက အရည်အသွေးပြည့်သော ကော်ပိုရိတ်စီမံအုပ်ချုပ်မှုနှင့် ဘုတ်အဖွဲ့အလေ့အထများအား ပံ့ပိုးပေးနိုင်သည့် အခန်းကဏ္ဍကို နားလည်မှု တိုးတက်စေရန်ဆောင်ရွက်သင့်သည်။

- ကုမ္ပဏီများသည် ထိရောက်သော ကော်ပိုရိတ် ပြန်ကြားဆက်သွယ်မှုကို ထိန်းသိမ်းကာ အကျိုးသက်ဆိုင်သူများအား အသုံးဝင်ပြီး တိကျမှန်ကန်ကာ အဓိပ္ပာယ်ပြည့်ဝသည့် သတင်းအချက်အလက်များ ပေးအပ်သင့်သည်။

- ကုမ္ပဏီက ရင်ဆိုင်ရသည့် အဓိကအန္တရာယ်ကျရောက်နိုင်သော ဆုံးရှုံးနိုင်ခြေများ၊ ၎င်းတို့အားမည်သို့ လျှော့ချနိုင်ကြောင်းကို ဖော်ထုတ်ရန်၊ ထွက်ပေါ်လာသည့်ရလဒ်များကို မှတ်တမ်းတင်ရန် စသည်တို့ပါဝင်သည့် ခိုင်မာသော ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲရေး စနစ်တစ်ရပ် ရေးဆွဲထားရန် လိုအပ်ပါသည်။

- လစာခံစားခွင့်ကို ကုမ္ပဏီနှင့် အကျိုးသက်ဆိုင်သူများ၏ ရေရှည်အကျိုးစီးပွားနှင့် ချိန်ညှိရန် လိုအပ်သည်။

- မြန်မာကုမ္ပဏီများအနေဖြင့် နိုင်ငံတကာ ဘဏ္ဍာရေးအစီရင်ခံမှု စံချိန်စံညွှန်းများကို အမြန်ဆုံး လိုက်နာသင့်သည်။

2 *စံချိန်စံညွှန်းများနှင့် စည်းမျဉ်းများအား လိုက်နာကျင့်သုံးမှုဆိုင်ရာ အစီရင်ခံစာ၊ စာရင်းကိုင်နှင့် စာရင်းစစ်အပိုင်း၊ မြန်မာ၊* ကမ္ဘာ့ဘဏ်အုပ်စု၊ ကိုရီးယား မဟာဗျူဟာနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဇွန် ၂၀၁၇။

- ဘဏ္ဍာရေးနှင့်မဆိုင်သော ကိစ္စများ အစီရင်ခံမှုအတွက် ကုမ္ပဏီများသည် လက်ရှိတွင် United Nations Global Compact ကို အသုံးပြုနေသော်လည်း ၎င်းတို့အနေဖြင့် ပေါင်းစည်းအစီရင်ခံမှု သို့မဟုတ် ကမ္ဘာ့အစီရင်ခံရေးလုပ်ငန်းစသည့် ပိုမိုလိုအပ်ချက် မြင့်မားသော စံချိန်စံညွှန်းကို ပြောင်းလဲအသုံးပြုသင့်သည်။

## အစိုးရကဏ္ဍ/ အစိုးရပိုင်ကုမ္ပဏီ ဖွံ့ဖြိုးတိုးတက်ရေး

- အစိုးရပိုင်လုပ်ငန်းများ (SOEs) များ၏ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုအလေ့အထများကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ရန်။
- မြန်မာနိုင်ငံအစိုးရအနေဖြင့် အစိုးရပိုင်လုပ်ငန်းများ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုကျင့်ဝတ်စည်းကမ်းနှင့် ကိုက်ညီစေရေးကို ထိပ်တန်း ဦးစားပေးတစ်ရပ်အဖြစ် စဉ်းစားသင့်သည်။

# အကဲဖြတ်လေ့လာမှုနည်းစနစ်

## က။ အကဲဖြတ်လေ့လာမှု အခြေခံ

ဤအစီရင်ခံစာသည် ၂၀၁၁ ခုနှစ်က စတင်ခဲ့သော အာဆီယံအရင်းအနှီးဈေးကွက်ဖိုရမ်(ACMF) နှင့် အာရှဖွံ့ဖြိုးရေးဘဏ်(ADB) တို့၏ ပူးပေါင်းဆောင်ရွက်မှုတစ်ခုဖြစ်သော အာဆီယံ ကော်ပိုရိတ်စီမံအုပ်ချုပ်မှု အကဲဖြတ်မှတ်တမ်း (ACGS) ကို အခြေခံကာ မြန်မာကုမ္ပဏီ ၂၄ ခု၏ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုအလေ့အထများကို အကဲဖြတ်သုံးသပ်ထားပါသည်။ အသစ်ပြင်ဆင်ရေးဆွဲထားသော G20/OECD ကော်ပိုရိတ်စီမံအုပ်ချုပ်မှုအခြေခံမူများစသည့် နိုင်ငံတကာ စံချိန်စံညွှန်းများပေါ်တွင် အခြေခံရေးဆွဲထားသော ACGS သည် တိုင်းပြည်အသီးသီး[3]က ၎င်းတို့၏ ကော်ပိုရိတ်စီမံအုပ်ချုပ်မှု အလေ့အထများ၏ ဖွံ့ဖြိုးမှုနှင့် ပေါ်ထွန်းမှုတို့ကို အကဲဖြတ်လေ့လာရန် ကျယ်ပြန့်စွာ လက်ခံအသုံးပြုသည့် ခိုင်မာသော မူဘောင်တစ်ရပ်ကို ဖန်တီးပေးသည်။

စစ်တမ်းမေးခွန်းများ ပြင်ဆင်ရာတွင် မြန်မာနိုင်ငံ၏ လက်ရှိအလေ့အထများကို ထည့်သွင်းစဉ်းစားပြီး ပြင်ဆင်မှုအချို့ ပြုလုပ်ထားသည်။ ဝက်ဘ်ဆိုက်များပေါ်ရှိ သုံးလပတ်အစီရင်ခံခြင်း၊ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုစည်းမျဉ်းများနှင့် ကိုက်ညီမှုကို ထုတ်ဖော်ပြန်ကြားခြင်း၊ ဘဏ္ဍာရေးရှင်းတမ်းများနှင့်ပတ်သက်သော အစရှိသည့် မေးခွန်းများကို ထုတ်ပယ်ထားသည်။ အဘယ့်ကြောင့်ဆိုသော် မြန်မာနိုင်ငံတွင် ထိုကဲ့သို့သော စည်းမျဉ်းများမရှိသေးဘဲ ကုမ္ပဏီများအနေဖြင့် တစ်နှစ်လျှင် နှစ်ကြိမ်သာ ၎င်းတို့၏ ဘဏ္ဍာရေးအချက်အလက်များကို ထုတ်ဖော်ပြန်ကြားရန် လိုအပ်သောကြောင့် ဖြစ်သည်။[4] စစ်တမ်းမေးခွန်းများသည် ကုမ္ပဏီများအား "ဆုကြေး" အမှတ်များပေးသည့် သို့မဟုတ် "ဒဏ်ကြေး" အတွက် အမှတ် နုတ်သည့်စနစ်ကိုလည်း အသုံးပြုထားခြင်းမရှိပေ။ ဤဆုံးဖြတ်ချက်များကို SECM၊ YSX၊ DICA နှင့် IFC (အဖွဲ့)[5] တို့ ပါဝင်သော လုပ်ငန်းအဖွဲ့က ချမှတ်ခဲ့ခြင်းဖြစ်သည်။

ရလဒ်အနေဖြင့် ဤသုံးသပ်မှုသည် မြန်မာကုမ္ပဏီများ၏ ကော်ပိုရိတ်စီမံအုပ်ချုပ်မှု အလေ့အထများကို အကဲဖြတ် လေ့လာရန် အပိုင်းငါးခု ခွဲခြားထားသော စံညွှန်း ၁၄၂ ခု (သို့မဟုတ် ACGS တွင်ပါဝင်သော စံညွှန်းများ၏ ၉၈ ရာခိုင်နှုန်း) ကို အသုံးပြုထားသည်။ အောက်ပါ ဇယား ၁ တွင် ACGS မူဘောင်နှင့် ဤအကဲဖြတ်လေ့လာမှုအတွက် သင့်လျော်အောင် ပြင်ဆင်ထားမှုတို့အကြား ကွာဟချက်ကို ထုတ်ဖော်တင်ပြထားသည်။

### ဇယား ၁ - ACGS မူဘောင်နှင့် မြန်မာကုမ္ပဏီများအား အကဲဖြတ်ရန် အသုံးပြုထားသော သင့်လျော်အောင် ပြင်ဆင်ထားသည့် မူဘောင် နှိုင်းယှဉ်ချက်

| | ACGS – အဆင့် ၁ | ပမာဏ (စုစုပေါင်းရမှတ်၏ %) | မြန်မာနိုင်ငံ အတွက် ပြင်ဆင်ထားမှု | ပမာဏ (စုစုပေါင်းရမှတ်၏ %) |
|---|---|---|---|---|
| အပိုင်း က - ရှယ်ယာပိုင်ဆိုင်သူများ၏ အခွင့်အရေးများ | ၂၁ | ၁၄% | ၂၁ | ၁၅% |
| အပိုင်း ခ - ရှယ်ယာပိုင်ဆိုင်သူများအား မျှတစွာ ဆက်ဆံခြင်း | ၁၄ | ၁၀% | ၁၄ | ၁၀% |
| အပိုင်း ဂ - အကျိုးသက်ဆိုင်သူများ၏ အခန်းကဏ္ဍ | ၁၃ | ၉% | ၁၃ | ၉% |
| အပိုင်း ဃ - ထုတ်ဖော်ပြန်ကြားချက်နှင့် ပွင့်လင်းမြင်သာမှု | ၃၂ | ၂၂% | ၂၉ | ၂၀% |
| အပိုင်း င - ဘုတ်အဖွဲ့၏ တာဝန်များ | ၆၅ | ၄၅% | ၆၅ | ၄၆% |
| စုစုပေါင်း | ၁၄၅ | | ၁၄၂ | |

3 အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ ထိုင်းနှင့် ဗီယက်နမ်တို့၏ ရမှတ်များကို ADB က ၂၀၁၇ ခုနှစ်တွင် ထုတ်ဝေခဲ့သော *၂၀၁၅ အာဆီယံ ကော်ပိုရိတ်စီမံအုပ်ချုပ်မှု အကဲဖြတ်ချက် တိုင်းပြည်အစီရင်ခံစာများနှင့် အကဲဖြတ်လေ့လာမှုများ* တွင် တွေ့ရှိနိုင်သည်။

4 အောက်ပါ စံနှုန်းများကို ဤအကဲဖြတ်လေ့လာမှုတွင် မထည့်သွင်းထားပါ။
- ဃ.၂.၈။ နှစ်ပတ်လည်အစီရင်ခံစာတွင် ကုမ္ပဏီအနေဖြင့် ကော်ပိုရိတ်စီမံအုပ်ချုပ်မှုစည်းများအား အပြည့်အဝလိုက်နာကြောင်း အတည်ပြုသည့် ထုတ်ပြန်ချက်နှင့်၊ အကယ်၍ မလိုက်နာပါက ကိစ္စတစ်ခုချင်းအတွက် ထုတ်ဖော်ရှင်းလင်းချက် ပါဝင်ပါသလား
- ဃ.၆.၁။ ကုမ္ပဏီသည် သုံးလပတ်အစီရင်ခံမှုကို ဆက်သွယ်ပြန်ကြားရေးနည်းလမ်းတစ်ခုအဖြစ် အသုံးပြုပါသလား
- ဃ.၈.၁။ ကုမ္ပဏီတွင် ဘဏ္ဍာရေးပြန်တမ်း/ အစီရင်ခံစာများ (နောက်ဆုံးသုံးလပတ်) နှင့် ပတ်သက်သည့် နောက်ဆုံးရ သတင်းအချက်အလက်များ ဖော်ပြပေးသော ဝက်ဘ်ဆိုက်ရှိပါသလား။

5 နောက်ပိုင်းတွင် SECM, YSX, DICA နှင့် IFC ကို "အဖွဲ့" ဟုသာ သုံးစွဲပါမည်။

ဤအစီရင်ခံစာတွင် အကဲဖြတ်သုံးသပ်ထားသော ကုမ္ပဏီတစ်ခုချင်းစီသည် (အပိုင်းတစ်ခုချင်းစီအတွက် ပျမ်းမျှအမှတ် မဟုတ်ဘဲ) ဟုတ်မှန်သည်ဟု ဖြေဆိုသည့် အကဲဖြတ်မှတ်တမ်းပါ မေးခွန်းအားလုံး၏ ရာခိုင်နှုန်းဖြစ်သော ခြုံငုံရမှတ် အပါအဝင် အပိုင်းငါးခုမှ တစ်ခုချင်းစီအတွက် ရမှတ်တစ်ခုစီ ရရှိရသည်။ ဤသည်မှာ ACGS က ချမှတ်ထားသည့် ပုံစံအတိုင်း ဆောင်ရွက်ခြင်းဖြစ်သည်။

ကော်ပိုရိတ်စီမံအုပ်ချုပ်မှုစနစ်တိုင်းတွင် အားသာချက်နှင့် အားနည်းချက်များ ရှိကြသည်။ မည်သည့် အကဲဖြတ်စနစ်ကမျှ ကုမ္ပဏီတစ်ခု၏ အမှန်တကယ် ကော်ပိုရိတ်စီမံအုပ်ချုပ်မှုအဆင့်ကို အပြည့်အဝတိကျစွာ ခန့်မှန်းနိုင်ခြင်း မရှိပေ။ ဤအကဲဖြတ်ချက်သည် အများပြည်သူထံ ထုတ်ပြန်သော စာရွက်စာတမ်းများနှင့် မှတ်တမ်းများကဲ့သို့သော သတင်းအချက်အလက်များမှ အပြင်လူများအတွက် မြင်သာထင်ရှားသည်များကို ရယူအသုံးပြုထားသည်။ ထို့ပြင် လုပ်ငန်းအဖွဲ့သည် ကုမ္ပဏီ၏ တုံ့ပြန်မှုများကို တစ်ဦးချင်းစီ၏ တုန့်ပြန်မှုနှင့် တိုက်ဆိုင် အတည်ပြုထားသည်။ သို့သော် ထွက်ပေါ်ရလာဒ်မှာ ကုမ္ပဏီအကြောင်း သီးခြားသိရှိထားပြီး ဆောင်ရွက်သော ရုံးတွင်းအကဲဖြတ်မှုတစ်ခုလောက် အသေးစိတ်ပြီး သတင်းအချက်အလက် ပြည့်စုံချင်မှ ပြည့်စုံပေလိမ့်မည်။ မည်သို့ပင်ဆိုစေ အကဲဖြတ်ချက်ချဉ်းကပ်မှုပုံစံမှာ တန်ဖိုးရှိပေသည်။ "ကောင်းမွန်သော" ရမှတ်သည် ကုမ္ပဏီအား အနာဂတ် အကျပ်အတည်းများနှင့် အမှားအယွင်းများမှ ဖယ်ရှားပေးသည်ဟု မဆိုလိုကြောင်း သတိပြုထားရန်လည်း အရေးကြီးပေသည်။

# ရွေးချယ်သော ကုမ္ပဏီများ


ဤအကဲဖြတ်လေ့လာမှုတွင် ပါဝင်သော ကုမ္ပဏီ ၂၄ ခုတွင် အများပိုင်၊ ပုဂ္ဂလိကနှင့် စတော့အိတ်ချိန်းစာရင်းဝင် ကုမ္ပဏီများပါဝင်သည်။ ၎င်းတို့အား အောက်ပါအချက် သုံးချက်အနက် တစ်ချက်ချက်နှင့် ကိုက်ညီသောကြောင့် ရွေးချယ်ခဲ့ခြင်း ဖြစ်သည်။

၁။ YSX တွင် စာရင်းဝင်သော ကုမ္ပဏီများ အလိုအလျောက် ပါဝင်သည်။
၂။ SECM က အကြောင်းအမျိုးမျိုးကြောင့် ဆက်သွယ်ဆောင်ရွက်လိုသော အများပိုင်ကုမ္ပဏီများ - အချို့မှာ အများပြည်သူသို့ ရှယ်ယာ စတင်ထုတ်ရောင်းရန် စဉ်းစားနေပြီး အခြားကုမ္ပဏီများမှာ အစိုးရပိုင်လုပ်ငန်းများ ဖြစ်သည်။
၃။ မြန်မာ့စီးပွားရေးတွင် ထင်ရှားစွာ ရပ်တည်နေပြီး သေးငယ်သော ကုမ္ပဏီများအတွက် စံနမူနာအဖြစ် ယူနိုင်သည့် ကြီးမားသော ပုဂ္ဂလိက ကုမ္ပဏီများ။ မြန်မာကုမ္ပဏီအများစုမှာ မိသားစုပိုင်ဖြစ်ကြပြီး အချို့မှာ YSX တွင် စာရင်းသွင်းရန် စဉ်းစားနေကာ အချို့မှာ ၎င်းတို့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘဏ္ဍာငွေထောက်ပံ့ပေးမည့် ရင်းနှီးမြှုပ်နှံသူများ ရှာဖွေလျက်ရှိသည်။

ဤကုမ္ပဏီများအား အမျိုးအစားအလိုက် ခွဲခြားထားမှုကို ပုံ ၃ တွင် ဖော်ပြထားသည်။

အဖွဲ့သည် ထိုကုမ္ပဏီများအား မိမိတို့ သဘောဆန္ဒအလျောက် အကဲဖြတ်လေ့လာမှုတွင် ပါဝင်ရန် ဖိတ်ခေါ်ခဲ့သည်။ ကုမ္ပဏီ တစ်ခုချင်းစီ၏ ရမှတ်များကို ထုတ်ပြန်မည် မဟုတ်သော်လည်း ကုမ္ပဏီများအနေဖြင့် ၎င်းတို့၏ သီးခြားရမှတ်များကို စုံစမ်းမေးမြန်းနိုင်သည်ဟု သဘောတူညီခဲ့ကြသည်။ စစ်တမ်းကောက်ယူခဲ့သည့် ကုမ္ပဏီများစာရင်းကို နောက်ဆက်တွဲ (က) တွင် ဖော်ပြထားသည်။

## ပုံ ၃ - အမျိုးအစားအလိုက် ပါဝင်သော ကုမ္ပဏီများ



# ၁။ အချက်အလက်ကောက်ခံခြင်းနှင့် သုံးသပ်ခြင်း လုပ်ငန်းစဉ်

သုံးသပ်မှုကို သေချာစွာနှင့် တိကျစွာ ဆောင်ရွက်နိုင်ရေးအတွက် အဖွဲ့သည် လုပ်ငန်းစဉ်၏ အဆင့်အသီးသီးတွင် ပါဝင်သူများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည်။ ပထမဆုံး တွေ့ဆုံဆောင်ရွက်မှုမှာ ဤအကဲဖြတ်မှတ်တမ်းအကြောင်း အသိပညာမြှင့်တင်ရန်နှင့် ကိုယ်တိုင်အကဲဖြတ်လေ့လာရေးအတွက် အမှတ်ပေးဇယားအသုံးချပုံကို ကုမ္ပဏီများအား လေ့ကျင့်ပေးရန် SECM၊ DICA၊ YSC နှင့် IFC တို့က ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလတွင် ပူးပေါင်း ကျင်းပခဲ့သော နှစ်ရက်တာ အလုပ်ရုံဆွေးနွေးပွဲ ဖြစ်သည်။

နောက်တစ်ဆင့်အနေဖြင့် ကုမ္ပဏီများက ၎င်းတို့၏ ကိုယ်တိုင် အကဲဖြတ်သုံးသပ်မှု ရလာဒ်များဖြင့် ဖြည့်စွက်ထားသော မေးခွန်းလွှာများကို ပေးအပ်ခဲ့သည်။ ထို့နောက် ကုမ္ပဏီများ၏ ကိုယ်တိုင်အကဲဖြတ်လေ့လာမှုသည် ၄င်းတို့၏ အလေ့အထများနှင့် အမှန်တကယ် ကိုက်ညီမှု ရှိမရှိသေချာစေရန် အဖွဲ့သည် (ဘုတ်အဖွဲ့ဝင်များနှင့် အကြီးတန်းစီမံခန့်ခွဲရေးများ အပါအဝင်) ကုမ္ပဏီတစ်ခုချင်းနှင့် ဆွေးနွေးတိုင်ပင်ရန် အစည်းအဝေးများ ကျင်းပခဲ့သည်။

သုံးသပ်သည့် အဖွဲ့တွင် သတင်းအချက်အလက်များမှာ နေရာအများအပြားတွင် ရှိနေသည့်အလျောက် ရှာဖွေ လက်လှမ်းမီရန် ခက်ခဲခဲ့သည်။ အဖွဲ့သည် အကဲဖြတ်လေ့လာမှုကို တစ်စိတ်တစ်ဒေသအနေဖြင့် ၂၀၁၆-၁၇ ဘဏ္ဍာနှစ် အတွက် ထုတ်ဝေသော စာရွက်စာတမ်းများ အပါအဝင် ကုမ္ပဏီများက လူအများသို့ ထုတ်ပြန်သော စာရွက်စာတမ်းများအပေါ် အခြေခံခဲ့သည်။ အဖွဲ့သည် အချက်အလက်များကို ယုံကြည်စိတ်ချရစေရန် အစည်းအဝေးများအတွင်း ကုမ္ပဏီအချို့က ပေးအပ်သော အထောက်အထားများနှင့် စာရွက်စာတမ်းများကိုလည်း ဆန်းစစ်ခဲ့သည်။ အဖွဲ့အနေဖြင့် နောက်ဆုံးရလာဒ်များသည် မြန်မာနိုင်ငံတွင်း ကော်ပိုရိတ်စီမံအုပ်ချုပ်မှုအလေ့အထများ၏ လက်ရှိအခြေအနေကို မှန်တစ္စ ထင်ဟပ်လိမ့်မည်ဟု ယုံကြည်ပါသည်။


# ရလဒ်များကို ဆန်းစစ်လေ့လာခြင်း

## မြန်မာနိုင်ငံ ခြုံငုံသုံးသပ်ချက်

ဤအကဲဖြတ်မှတ်တမ်းသည် မြန်မာကုမ္ပဏီများ၏ ကော်ပိုရိတ်စီမံအုပ်ချုပ်မှု အလေ့အထများကို နိုင်ငံတကာ စံသတ်မှတ်ချက်သုံး၍ တိုင်းတာလေ့လာရန်နှင့် ၎င်းတို့မည်မျှတိုးတက်လာပြီး ရှေ့ဆက် မည်သည့်တို့ ဆောင်ရွက်သည်ကို အကဲဖြတ်နိုင်ရန်အတွက် ၎င်းတို့၏ တိုးတက်မှုကို မှတ်တမ်းတင်ထားရန် ရည်ရွယ်သည်။ အကဲဖြတ်လေ့လာမှု လုပ်ငန်းစဉ် ကိုယ်တိုင်ကပင် စီးပွားရေးလုပ်ငန်းများအား နိုင်ငံတကာအဆင့်တွင် မည်သည်တို့ လိုအပ်ကြောင်း အသုံးဝင်သည့် အသိအမြင်များ ပေးအပ်သည်။

စစ်တမ်းကောက်ယူသည့် ကုမ္ပဏီများတွင် ပျမ်းမျှဒါရိုက်တာအရေအတွက်မှာ ၁၄ ဦးဖြစ်ပြီး အများပိုင်ကုမ္ပဏီများတွင် အများဆုံး ၃၄ ဦးနှင့် ပုဂ္ဂလိကကုမ္ပဏီများတွင် အနည်းဆုံး ငါးဦးရှိသည်။ ဘုတ်အဖွဲ့ ၇၂ ရာခိုင်နှုန်းခန့်တွင် အဖွဲ့ဝင် ငါးဦးမှ ၁၅ ဦးအတွင်းရှိသည်။ ပျမ်းမျှအနေဖြင့် ဘုတ်အဖွဲ့တစ်ဖွဲ့လျှင် အမျိုးသမီးဒါရိုက်တာ ၂ ဦးရှိပြီး ၂၂ ရာခိုင်နှုန်းတွင် တစ်ဦးမျှ မရှိပေ။ ကုမ္ပဏီများကြား ကွာဟချက်မှာ သိသာထင်ရှားသည်။ ကုမ္ပဏီတစ်ခုတွင် အမျိုးသမီးဒါရိုက်တာ ၁၈ ဦးရှိပြီး အများစုတွင် တစ်ဦး သို့မဟုတ် နှစ်ဦးသာရှိကြသည်။ ပုံ ၄ တွင်ပြထားသကဲ့သို့ (ပျမ်းမျှရမှတ် ၃၀ ရာခိုင်နှုန်းခန့်ရှိသော) မြန်မာကုမ္ပဏီများသည် အာဆီယံကုမ္ပဏီများ (၆၉ ရာခိုင်နှုန်း) ထက် စွမ်းဆောင်မှုနိမ့်ကြသည်။

### ပုံ ၄ - မြန်မာကုမ္ပဏီများ နှင့် အာဆီယံကုမ္ပဏီများ၏ ရမှတ်များကို နှိုင်းယှဉ်ချက်





အဖွဲ့သည် ကုမ္ပဏီများ၏ ရမှတ်များကို လေးပိုင်း ခွဲခြားထားသည်။

၁။ ရမှတ် ၅၀ ရာခိုင်နှုန်းအောက်သာရှိသော ကုမ္ပဏီများသည် ၎င်းတို့၏ အလေ့အထများကို မြှင့်တင်ရန် လိုအပ်သည်။
၂။ မှတ် ၅၀ နှင့် ၆၅ ရာခိုင်နှုန်းကြားရှိသော ကုမ္ပဏီများမှာ သင့်တင့်သော စွမ်းဆောင်မှုရှိသည်။
၃။ ရမှတ် ၆၅ နှင့် ၇၅ ကြားရသော ကုမ္ပဏီများသည် ကောင်းမွန်သော ကော်ပိုရိတ်စီမံအုပ်ချုပ်မှုရှိသည်ဟု ယူဆရသည်။
၄။ ရမှတ် ၇၅ ရာခိုင်နှုန်းကျော်သော ကုမ္ပဏီများမှာ အလွန်ကောင်းမွန်သော ကော်ပိုရိတ်စီမံအုပ်ချုပ်မှုရှိသည်ဟု ယူဆရသည်။

ပုံ ၅ တွင် မြန်မာကုမ္ပဏီများ၏ အမှတ် ရရှိပုံကို ဖော်ပြထားသည်။ စစ်တမ်းကောက်ယူထားသည့် ကုမ္ပဏီ ၉၆ ရာခိုင်နှုန်းသည် ၎င်းတို့၏ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုအလေ့အထများနှင့် ထုတ်ဖော်ပြန်ကြားချက်များကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ရန် လိုအပ်နေသည်။ ကုမ္ပဏီတစ်ခုတည်းသာ ၅၀ အထက် ရမှတ်ရပြီး ၆၅ ရာခိုင်နှုန်းထက်နိမ့်ကာ ကုမ္ပဏီငါးခုက ၄၀ ရာခိုင်နှုန်းထက်ကျော်သော ရမှတ်များရကြသည်။

## ပုံ ၅ - ကုမ္ပဏီများ၏ ရမှတ်များကို ခွဲခြမ်းတင်ပြခြင်း




ပုံ ၆ တွင် အပိုင်းတစ်ခုချင်းစီအပြင် အစီရင်ခံစာတစ်ခုလုံးအတွက် အမြင့်ဆုံး၊ အနိမ့်ဆုံးနှင့် ပျမ်းမျှရမှတ်များကို ဖော်ပြထားသည်။ မြန်မာကုမ္ပဏီများသည် ရမှတ် ၁၇ မှ ၅၉ ရာခိုင်နှုန်းရရှိကြပြီး အားလုံးအတွက် ပျမ်းမျှရမှတ်မှာ ၃၁ ရာခိုင်နှုန်းဖြစ်ကာ ကြီးမားစွာ မြှင့်တင်ရန် လိုအပ်နေကြောင်း ညွှန်ပြနေသည်။ ACMF လုပ်ငန်းအဖွဲ့၏ ဃ-အထွေထွေအတွင်းရေးမှူးဌာနရုံးမှ ထုတ်ပြန်သော အချက်အလက်များ[6] အရ နှိုင်းယှဉ်ကြည့်ပါက အဆင့် ၁ အတွက် အာဆီယံကုမ္ပဏီများ၏ ပျမ်းမျှရမှတ်သည် ၂၀၁၅ ခုနှစ်တွင် ၆၉ ရာခိုင်နှုန်းရှိပြီး ၂၀၁၄ ခုနှစ်က ၆၅ ရာခိုင်နှုန်း၊ ၂၀၁၃ ခုနှစ်က ၆၀ ရာခိုင်နှုန်းနှင့် ၂၀၁၂ ခုနှစ်က ၅၄ ရာခိုင်နှုန်း[7] တို့ထက် တက်လာသည်ကို တွေ့ရသည်။

ဤရလဒ်များအား ကနဦးဆန်းစစ်လေ့လာမှုက အပိုင်း ဃ (ကော်ပိုရိတ်ထုတ်ဖော်ပြန်ကြားချက်) နှင့် အပိုင်း င (ဘုတ်အဖွဲ့၏ တာဝန်များ) မှ လွဲ၍ အပိုင်းအားလုံးအတွက် အမှတ်များ ကွာဟမှု ကြီးမားသည်ကို ပြနေသည်။ ကုမ္ပဏီ ၂၄ ခုတို့ အနက် အပိုင်း က (ရှယ်ယာပိုင်ဆိုင်သူများ၏ အခွင့်အရေးများ)၊ ခ (ရှယ်ယာပိုင်ဆိုင်သူများအား မျှတစွာဆက်ဆံခြင်း) နှင့် ဂ (အကျိုးသက်ဆိုင်သူများ၏ အခန်းကဏ္ဍ) တို့အတွက် ကုမ္ပဏီတစ်ခုချင်းစီ၏ ရမှတ်မှာ ၇၀ ရာခိုင်နှုန်းကျော်ပြီး မြန်မာကုမ္ပဏီများအနေဖြင့် အလေ့အထကောင်းများကို လက်ခံကျင့်သုံးနိုင်ကြောင်း ပြဆိုနေသည်။

အပိုင်းတစ်ခုစီအတွက် အမြင့်ဆုံးနှင့် အနိမ့်ဆုံးရမှတ်များကို နှိုင်းယှဉ်ပါက ပျမ်းမျှစွမ်းဆောင်မှုကို အလွယ်တကူ မြှင့်တင်ရန် အပိုင်းအချို့ကို ဖော်ထုတ်နိုင်သည်။

- အပိုင်း က၊ ခ နှင့် ဂ တို့သည် ကုမ္ပဏီများအနေဖြင့် ၎င်းတို့၏ ရမှတ်များကို မြှင့်တင်ရန် လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်မည့် နယ်ပယ်များ ဖြစ်သည်။ ကုမ္ပဏီအများအပြားသည် ၎င်းတို့၏ နှစ်ပတ်လည် အစီရင်ခံစာကို ထုတ်ပြန်ခြင်းမရှိ သို့မဟုတ် ဝက်ဘ်ဆိုက်များကို ပုံမှန် ပြင်ဆင်မွမ်းမံခြင်းမရှိကြပေ။ ဤတွေ့ရှိချက်က နောက်ဆုံး ပွင့်သစ်စ[8] အစီရင်ခံစာမှရလဒ်များနှင့် ကိုက်ညီနေသည်။

- အပိုင်း ခ အတွက် စတော့အိတ်ချိန်းစာရင်းဝင်ကုမ္ပဏီများနှင့် စာရင်းဝင်ရန် ပြင်ဆင်နေသော အများပိုင်နှင့် ပုဂ္ဂလိကပိုင်ကုမ္ပဏီများအနေဖြင့် နှစ်ပတ်လည်အစည်းအဝေးများနှင့် အထူးအစည်းအဝေးများအတွင်း ၎င်းတို့၏ ရှယ်ယာပိုင်ဆိုင်သူများနှင့် ဆက်ဆံရေးကို တိုးတက်အောင် ဆောင်ရွက်သင့်သည်။ ကုမ္ပဏီများဥပဒေသစ်ကို ပြဋ္ဌာန်းထားပြီး ဖြစ်သည့်အတွက် နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများသည် မြန်မာကုမ္ပဏီများတွင် ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားလာနိုင်သည်။ ထို့အတွက် ဥပမာအနေဖြင့် သက်ဆိုင်ရာ စာရွက်စာတမ်းများကို မြန်မာဘာသာဖြင့်သာမက အင်္ဂလိပ်ဘာသာဖြင့်ပါ ပေးအပ်ရန် လိုလာပေမည်။ ယခုအချိန်တွင် စတော့အိတ်ချိန်းစာရင်းဝင် ကုမ္ပဏီများအတွက်ပင် မလိုအပ်သေးပေ။

အမျိုးအစားကွဲပြားသော ကုမ္ပဏီများ မည်သို့ စွမ်းဆောင်ကြသည်ကို ကြည့်လျှင် စတော့အိတ်ချိန်းစာရင်းဝင် ကုမ္ပဏီများက စွမ်းဆောင်မှု အကောင်းဆုံးဖြစ်ကြောင်း ထင်ရှားသည် (ပုံ ၇ ကိုကြည့်ပါ)။ ၎င်းတို့၏ ပျမ်းမျှ ရမှတ်သည် အားလုံးပျမ်းမျှရမှတ်ထက် ပိုမြင့်ပြီး ပုဂ္ဂလိကကုမ္ပဏီများမှ အမှတ်ပိုမြင့်သည့် အပိုင်း ဂ (အကျိုးသက်ဆိုင်သူများ၏ အခန်းကဏ္ဍ) မှ လွဲ၍ အပိုင်းအားလုံးတွင် အခြားကုမ္ပဏီအမျိုးအစားများ၏ ပျမ်းမျှရမှတ်ထက် ပိုများသည်။ ထို့ပြင် စတော့အိတ်ချိန်းစာရင်းဝင် ကုမ္ပဏီများသည် အပိုင်း ငါးပိုင်းအနက် သုံးပိုင်းတွင် အမှတ်ကွာဟမှု နည်းပြီး ၎င်းတို့၏ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုစံချိန်စံညွှန်းများမှာ ပို၍ တသမတ်တည်းကျသည်ကို ညွှန်ပြနေသည်။ သို့သော်လည်း အခြားကုမ္ပဏီအမျိုးအစားများနှင့်ယှဉ်လျှင် စစ်တမ်းကောက်ယူသည့် စတော့အိတ်ချိန်းစာရင်းဝင်ကုမ္ပဏီ အရေအတွက် ပိုနည်းပါးသည်ကို သတိပြုထားသင့်သည်။


---

6 ADB က ၂၀၁၇ ခုနှစ်တွင် ထုတ်ဝေခဲ့သော *၂၀၁၅ အာဆီယံ ကော်ပိုရိတ် စီမံအုပ်ချုပ်မှု အကဲဖြတ်ချက် တိုင်းပြည်အစီရင်ခံစာများနှင့် အကဲဖြတ်လေ့လာမှုများ* ကို ကြည့်ပါ။

7 ACGS ဖွဲ့စည်းပုံသည် ၂၀၁၇ ခုနှစ်တွင် အနည်းငယ် ပြောင်းလဲခဲ့သည်။ စတင်ချိန်မှစ၍ အဆင့် နှစ်ဆင့်ရှိသည်။ အဆင့် ၁ သည် အပိုင်းတစ်ခုချင်းစီ အတွက် သီးခြား စံသတ်မှတ်ချက်များပေးအပ်ပြီး အဆင့် ၂ က သီးခြားမေးခွန်းများအပေါ် အခြေခံ၍ အပိုင်းတစ်ခုချင်းစီအတွက် အသုံးပြုရမည့် ဆုကြေးနှင့် ဒဏ်ကြေးများကို ဖော်ပြပေးသည်။ ပြီးခဲ့သည့် အဆင့် ၁ ရမှတ်များက မြန်မာကုမ္ပဏီများ၏ စွမ်းဆောင်မှုကို အခြားနိုင်ငံများမှ အလားတူကုမ္ပဏီများနှင့် နှိုင်းယှဉ်နိုင်ရန် အကျဉ်းချုပ်အချက်အလက်နှင့် စံနှုန်းတစ်ခု ပေးနိုင်သည်။ မြန်မာကုမ္ပဏီများအား အာဆီယံကုမ္ပဏီများနှင့် နှိုင်းယှဉ်ရာတွင် ပြီးခဲ့သည့် အဆင့် ၁ ရမှတ်များကို အသုံးပြုသည်။

8 ပွင့်သစ်စ အစီရင်ခံစာသည် မြန်မာ့စီးပွားရေးကဏ္ဍတာဝန်ယူမှုရှိရေး အထောက်အကူပြုဌာန (MCRB) နှင့် Yever တို့ ကောက်ခံသော နှစ်ပတ်လည် စစ်တမ်းဖြစ်သည်။ မြန်မာကုမ္ပဏီများ၏ ပွင့်လင်းမြင်သာမှုနှင့် ထုတ်ဖော်ပြန်ကြားမှု အလေ့အထများကို သုံးသပ်ထားသည်။ နောက်ဆုံးစစ်တမ်းကို ဤနေရာတွင် ရယူနိုင်သည် - https://www.myanmar-responsiblebusiness.org/pwint-thit-sa/


## ပုံ ၆ - အပိုင်းတစ်ခုစီအတွက် နှိုင်းယှဉ်ထားသောရလဒ်များ




အံ့ဩဖွယ်ရာပင် ပျမ်းမျှအနေဖြင့် ပုဂ္ဂလိက ကုမ္ပဏီများသည် အပိုင်း ဂ (အကျိုးသက်ဆိုင်သူများ၏ အခန်းကဏ္ဍ)၊ ဃ (ကော်ပိုရိတ် ထုတ်ဖော်ပြန်ကြားမှု) နှင့် င (ဘုတ်အဖွဲ့၏ တာဝန်များ) တွင် အများပိုင်ကုမ္ပဏီများထက် ပိုမို စွမ်းဆောင်နိုင်သည်ကို တွေ့ရသည်။ ဤတွေ့ရှိ ချက်က အများပိုင်ကုမ္ပဏီများအနေဖြင့် ပုဂ္ဂလိက ကုမ္ပဏီများအား အမှီလိုက်နိုင်ရန် ၎င်းတို့၏ အလေ့အထများကို ပိုမိုကောင်းမွန်စွာ စောင့်ကြည့်လေ့လာပြီး ထုတ်ဖော်ပြန်ကြားမှုကို ပိုမိုတိုးတက်အောင် ဆောင်ရွက်ရန် လိုအပ်ကြောင်း မီးမောင်းထိုးပြနေသည်။

နောက်ဆုံးအနေဖြင့် ဈေးကွက်စွမ်းဆောင်မှုကို တွန်းအားပေးရန်အတွက် အကောင်းဆုံးစွမ်းဆောင်နေကြသော ကုမ္ပဏီများအား ကော်ပိုရိတ်စီမံအုပ်ချုပ်မှုဦးဆောင်သူချန်ပီယံများအနေဖြင့် အသိအမှတ်ပြုမြှင့်တင်နိုင်သည်။ ကုမ္ပဏီများကြား အမှတ်ကွာခြားချက်ကြီးမားမှုက စည်းမျဉ်းထိန်းကြောင်းများအနေဖြင့် ထိုကွာဟချက်ကို စေ့စပ်ပေးရန် အကောင်းဆုံး စွမ်းဆောင်သူများအား ဆုလာဘ်ချီးမြှင့်ပြီး အမီမလိုက်နိုင်သူများအား ပြစ်ဒဏ်ပေးခြင်းတို့ ပြုလုပ်နိုင်သည်ဟု ဆိုလိုပေသည်။

## ပုံ ၇ - အပိုင်းများ နှင့် ကုမ္ပဏီအမျိုးအစားများအလိုက် ရလဒ်များ



# အာဆီယံကုမ္ပဏီများနှင့် နှိုင်းယှဉ်ချက်

ACGS နှင့်ပတ်သက်ပြီး ADB က ထုတ်ပြန်ခဲ့သော နောက်ဆုံးရလဒ်များ (ဇယား ၂ ကိုကြည့်ပါ) ကို အခြေခံပြီး အောက်ပါတို့ကို စိတ်ဝင်စားဖွယ် တွေ့ရှိရသည်။

- မိမိတို့ကုမ္ပဏီများ၏ စွမ်းဆောင်မှုကို စံထားသတ်မှတ်ရန် ACGS ကို အသုံးပြုသော အာဆီယံနိုင်ငံများ အားလုံး ၎င်းတို့၏ ရမှတ်များ သိသာစွာတိုးတက်လာသည်ကို တွေ့ရသည်။ ပျမ်းမျှရမှတ်မှာ ၂၀၁၂ ခုနှစ်တွင် ၅၄ ရာခိုင်နှုန်းမှ ၂၀၁၅ ခုနှစ်တွင် ၆၉ ရာခိုင်နှုန်းသို့ ၃၀ ရာခိုင်နှုန်းနီးပါး တိုးလာသည်။
- အင်ဒိုနီးရှားနိုင်ငံသည် ၂၀၁၂ ခုနှစ်တွင် ၂၃ ရာခိုင်နှုန်းဖြင့် စတင်ခဲ့ပြီး မြန်မာနိုင်ငံ၏ လက်ရှိ ရမှတ်ထက် နိမ့်ပါးသည်။ သို့သော်လည်း ၂၀၁၅ ခုနှစ်တွင် ၆၃ ရာခိုင်နှုန်းသို့ သုံးဆနီးပါး တိုးလာသည်။
- ဗီယက်နမ်နိုင်ငံသည် ၂၀၁၂ ခုနှစ်တွင် ၂၈ ရာခိုင်နှုန်းဖြင့် စတင်ခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် ၃၇ ရာခိုင်နှုန်းဖြစ်လာသည်။
- ထိုင်းနိုင်ငံသည် ၂၀၁၅ ခုနှစ်တွင် ၈၈ ရာခိုင်နှုန်းဖြင့် ရှေ့ဆုံးမှ ဦးဆောင်နေပြီး ၂၀၁၂ ခုနှစ်က ၆၈ ရာခိုင်နှုန်းမှ တိုးတက်လာခြင်းဖြစ်သည်။
- ဤတိုင်းပြည်များ၏ လေ့လာသင်ယူမှုနှုန်းမှာ အထင်ကြီးလေးစားဖွယ်ဖြစ်သည်။ ယင်းအချက်က မြန်မာကုမ္ပဏီများအား ၎င်းတို့၏ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုအလေ့အထများနှင့်ပတ်သက်၍ ဒေသတွင်းကုမ္ပဏီများအား အလျှင်အမြန်အမီလိုက်ရန် တွန်းအားပေးမှု တစ်ခု ဖြစ်သင့်သည်။

## ဇယား ၂ - ၂၀၁၂ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်ကြား အာဆီယံနိုင်ငံများ၏ အဆင့် ၁ ရမှတ်များ တိုးတက်လာပုံ

| | အင်ဒိုနီးရှား | မလေးရှား | ဖိလစ်ပိုင် | စင်ကာပူ | ထိုင်း | ဗီယက်နမ် | ပျမ်းမျှ |
|---|---|---|---|---|---|---|---|
| ၂၀၁၂ | ၂၃ | ၆၂ | ၄၉ | ၅၆ | ၆၈ | ၂၈ | ၅၄ |
| ၂၀၁၃ | ၅၅ | ၇၂ | ၅၈ | ၇၂ | ၇၈ | ၃၄ | ၆၀ |
| ၂၀၁၄ | ၅၇ | ၇၅ | ၆၇ | ၇၁ | ၈၅ | ၃၅ | ၆၅ |
| ၂၀၁၅ | ၆၃ | ၇၇ | ၇၃ | ၇၈ | ၈၈ | ၃၇ | ၆၉ |


# အသေးစိတ်ရလဒ်များ

## အပိုင်း က။ ရှယ်ယာပိုင်ဆိုင်သူများ၏ အခွင့်အရေးများ

ဤအပိုင်းသည် ကုမ္ပဏီတစ်ခုအနေဖြင့် ၎င်း၏ စီးပွားရေးလုပ်ငန်းများဆောင်ရွက်သည့်အခါ ရှယ်ယာပိုင်ဆိုင်သူများ၏ အခွင့်အရေးအား အသိအမှတ် ပြုခြင်း ရှိ၊ မရှိဆိုသည်ကို အကဲဖြတ်လေ့လာခြင်းဖြစ်သည်။ ရှယ်ယာပိုင်ဆိုင်သူများသည် အစုအတွက် အမြတ်ငွေကို ရယူရန်၊ အခြေခံကော်ပိုရိတ်အပြောင်းအလဲများနှင့်ပတ်သက်သည့် ဆုံးဖြတ်ချက်ချမှတ်မှုများတွင် ပါဝင်ရန်၊ နှစ်ပတ်လည်အစည်းအဝေးများတွင် ပါဝင်ရန်နှင့် ဒါရိုက်တာများ ရွေးချယ်ရန် အခွင့်အရေးအပါအဝင် ၎င်းတို့၏ ပိုင်ဆိုင်မှုအခွင့်အရေးများကို ကျင့်သုံးနိုင်သင့်သည်။ ပျမ်းမျှရမှတ် ၄၀ ရာခိုင်နှုန်းရသော မြန်မာကုမ္ပဏီများ အနေဖြင့် ရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်လိုပါက သို့မဟုတ် မိတ်ဖက်ကုမ္ပဏီများအား ၎င်းတို့ကို ပံ့ပိုးပေးရန် တိုက်တွန်းလိုပါက ရမှတ် ၆၅ ရာခိုင်နှုန်းကျော်အောင် ကြိုးပမ်းသင့်ပေသည်။ ကုမ္ပဏီများဥပဒေအသစ် ပြဋ္ဌာန်းပြီးဖြစ်သည့်အတွက် မြန်မာကုမ္ပဏီများအနေဖြင့် ၎င်းတို့၏ ကုမ္ပဏီဖွဲ့စည်းပုံစည်းမျဉ်းများကို ပြင်ဆင်ရန်နှင့် ရှယ်ယာပိုင်ဆိုင်သူများ၏ အခွင့်အရေးများကို ထိန်းသိမ်းရန် အခွင့်အရေးကို ရယူသင့်ပေသည်။

## အဓိက အချက်အလက်များ

ပုံ ၈ - ရှယ်ယာပိုင်ဆိုင်သူများ၏ အခွင့်အရေးများနှင့်ဆိုင်သော အဓိက ရလဒ်များ



# မြန်မာနိုင်ငံ၏ လားရာလမ်းကြောင်းများ

## ပုံ ၉ - ရှယ်ယာပိုင်ဆိုင်သူများ၏ အခွင့်အရေးများနှင့်ပတ်သက်၍ အားသာချက်နှင့် ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ရမည့် အပိုင်းများ

### အားသာချက်များ

- အစုအပေါ်အမြတ်ကို မျှတစွာနှင့် အချိန်မှန်ပေးသည်။
- နောက်ဆုံးကျင်းပသည့် နှစ်ပတ်လည်အစည်းအဝေးတွင် မေးမြန်းသော မေးခွန်းနှင့် ပြန်ပေးသော အဖြေများကို မှတ်တမ်းတင်ထားသည်။
- ရှယ်ယာပိုင်ဆိုင်သူများသည် ကုမ္ပဏီစည်းမျဉ်း ပြင်ဆင်ရာတွင် ပါဝင်နိုင်သည်။

### ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ရမည့် အပိုင်းများ

- ဆုံးဖြတ်ချက်အားလုံးအတွက် မဲဆန္ဒရလဒ်အသေးစိတ်ကို ထုတ်ဖော်ပြန်ကြားရန်
- နောက်ဆုံး နှစ်ပတ်လည်အစည်းအဝေးတက်ရောက်သည့် ဘုတ်အဖွဲ့ဝင် စာရင်းကို ထုတ်ဖော်ပြန်ကြားရန်
- လက်ထောင်မဲပေးခြင်းမဟုတ်ဘဲ ရွေးကောက်ပွဲစနစ်ဖြင့် မဲပေးရန်
- နှစ်ပတ်လည်အစည်းအဝေးတွင် မဲများကိုရေတွက်ရန် သို့မဟုတ် အတည်ပြုရန်အတွက် သီးခြား လွတ်လပ်သော အဖွဲ့တစ်ခု ခန့်အပ်ရန်
- ရှယ်ယာပိုင်ဆိုင်သူများ၏ အတည်ပြုမှုလိုအပ်သော အစည်းအဝေးအစီအစဉ်တစ်ခုချင်းစီအတွက် ရှင်းလင်းချက်ပေးရန်

ပိုမိုတိုးတက်အောင်ဆောင်ရွက်ဖွယ်ရာများ ရှိနေသေးသော်လည်း ကုမ္ပဏီများမှ ချမှတ်သည့် ဆုံးဖြတ်ချက်များတွင် ရှယ်ယာပိုင်ရှင်များ မည်မျှထိ ပါဝင်နိုင်သည် ဥပမာ - ဒါရိုက်တာများ/ ကော်မရှင်နာများကို တစ်ဦးချင်း ရွေးကောက်ခွင့် ရှိမရှိ ဆိုသည့်ကိစ္စများနှင့်ပတ်သက်သည့် စံသတ်မှတ်ချက်များအပိုင်းတွင် ကုမ္ပဏီများ စွမ်းဆောင်မှု ကောင်းကြသည်။ ထိုအပိုင်းများတွင် ပိုမိုတိုးတက်အောင်ဆောင်ရွက်ဖွယ်ရာများ ရှိနေသေးသော်လည်း လုပ်ထုံးလုပ်နည်းအရ ပိုမိုကောင်းမွန်အောင် လုပ်ဆောင်ဖွယ်ရာများမှာ အကောင်အထည်ဖော်ရန် လွယ်ကူပြီး သင့်တင်သော ရလဒ်နှင့် ပွင့်လင်းမြင်သာမှုတို့၏ အကျိုးကျေးဇူးများကို ရရှိပါလိမ့်မည်။

နှစ်ပတ်လည်အစည်းအဝေးများတွင် မဲပေးသည့် လုပ်ထုံးလုပ်နည်းအပိုင်း၌ ဤအစီရင်ခံစာတွင် ပါဝင်သည့် ကုမ္ပဏီများ အနေဖြင့် စွမ်းဆောင်မှု မကောင်းကြပေ။ မည်သည့်ကုမ္ပဏီမျှ နှစ်ပတ်လည်အစည်းအဝေးတွင် မဲပေးရန် နည်းလမ်းအဖြစ် လက်ထောင်ခြင်းမဟုတ်ဘဲ ရွေးကောက်ပွဲစနစ်အသုံးပြုခြင်း မရှိကြသလို ရလဒ်များကို အတည်ပြုရန်အတွက် သီးခြားလွတ်လပ်သော အဖွဲ့မထားကြပေ။ ထို့အပြင် မည်သည့်ကုမ္ပဏီမျှ ဆုံးဖြတ်ချက်အားလုံး/ အစည်းအဝေး အစီအစဉ်တစ်ခုစီအတွက် ထောက်ခံမဲ၊ ကန့်ကွက်မဲနှင့် ကြားနေမဲများ အပါအဝင် မဲရလဒ်များကို ထုတ်ဖော်ပြန်ကြားခြင်း မရှိကြပေ။

## ရှယ်ယာပိုင်ဆိုင်သူများ၏ အခြေခံအခွင့်အရေးများ (က-၁ နှင့် က-၂) နှင့် ကော်ပိုရိတ်ထိန်းချုပ်မှု

- ✓ ကုမ္ပဏီ ၈၃ ရာခိုင်နှုန်းက အစုအပေါ်အမြတ်ငွေကို မျှတပြီး အချိန်နှင့်တပြေးညီ ပေးကြသည်။
- ✓ ၈၈ ရာခိုင်နှုန်းက ကုမ္ပဏီစည်းမျဉ်း ပြင်ဆင်မှုများအား အတည်ပြုပေးရန် ရှယ်ယာပိုင်ဆိုင်သူများအား တောင်းဆိုကြပြီး ၇၉ ရာခိုင်နှုန်းက ထပ်တိုးရှယ်ယာများကို ဆန္ဒရယူရန် တောင်းဆိုကြသည်။
- ✓ ၆၇ ရာခိုင်နှုန်းက ကုမ္ပဏီ၏ အရေးအကြီးဆုံးသော ပစ္စည်းများကို လွှဲပြောင်းမှုအား အတည်ပြုပေးရန် ရှယ်ယာပိုင်ဆိုင်သူများအား ဆန္ဒရယူကြသည်။

- ✗ ကုမ္ပဏီများပေါင်းစည်းခြင်းနှင့် ဝယ်ယူခြင်းကိစ္စများတွင် အရောင်းအဝယ်ဈေးနှုန်း မျှတမှုကို အကဲဖြတ်သုံးသပ်ရန် မည်သည့် ကုမ္ပဏီကမျှ အခြားအဖွဲ့တစ်ဖွဲ့ ခန့်အပ်တာဝန်ပေးခြင်းမရှိပေ။ ထိုအချက်ကို မြန်မာနိုင်ငံတွင် တံခါးပိတ်ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးစဉ်က နားလည်ပေးနိုင်သော်လည်း ယခုအခါ စတင်ပွင့်လင်းလာပြီဖြစ်သည့်အလျောက် မြန်မာကုမ္ပဏီများအနေဖြင့် ရှယ်ယာပိုင်ဆိုင်သူများ၏ အကျိုးစီးပွားကို ကာကွယ်ပေးရပေလိမ့်မည်။ ထိုသို့ဆောင်ရွက်ရန်အတွက် ၎င်းတို့အနေဖြင့် စီးပွားရေး

လုပ်ဆောင်ပုံကို အလိုက်သင့် ပြင်ဆင်ရန် လိုအပ်သည်။ ဤအချက်မှာ အထူးသဖြင့် လုပ်ငန်းသစ်များ ပေါင်းစည်းခြင်း၊ ရောင်းချခြင်း သို့မဟုတ် ဝယ်ယူခြင်းတို့ ပြုလုပ်လိုသည့်အခါ မိသားစုပိုင်ပစ္စည်းများနှင့် ပိုင်ဆိုင်မှုတို့ ရေရှည်တည်တံ့ရေးကို ထိန်းသိမ်းရန် မိသားစုပိုင်ကုမ္ပဏီများအတွက် ဆက်စပ်မှုရှိသည်။

## ရှယ်ယာပိုင်ဆိုင်သူများအစည်းအဝေးတွင် ပါဝင်ခြင်း (က-၃) နှင့် ရှယ်ယာပိုင်ဆိုင်သူများ၏ ပါဝင်ဆောင်ရွက်မှု (က-၅)

- ✓ ကုမ္ပဏီ ၈၃ ရာခိုင်နှုန်းက နှစ်ပတ်လည်အစည်းအဝေးနှင့် အထူးအစည်းအဝေးများအတွက် ၂၁ ရက် ကြိုတင် အကြောင်းကြားကြသည်။
- ✓ ကုမ္ပဏီ ၈၃ ရာခိုင်နှုန်းက နှစ်ပတ်လည်အစည်းအဝေးများတွင် ရှယ်ယာပိုင်ဆိုင်သူများအား မေးခွန်းများ မေးမြန်းခွင့်ပေးကြသည်။
- ✓ ကုမ္ပဏီ ၇၅ ရာခိုင်နှုန်းက ရှယ်ယာပိုင်ဆိုင်သူများအား ဒါရိုက်တာများကို တစ်ဦးချင်း ရွေးချယ်ခွင့်ပေးကြသည်။
- ✓ ကုမ္ပဏီ ၆၇ ရာခိုင်နှုန်းက ကိုယ်စားလှယ်လွှဲသည့်နည်းလမ်းဖြင့် ကိုယ်တိုင်မရှိဘဲ မဲပေးခြင်းကို ခွင့်ပြုကြသည်။

- ✗ ကုမ္ပဏီ ၄၂ ရာခိုင်နှုန်းက အစည်းအဝေးမစတင်မီ မဲပေးသည့် လုပ်ထုံးလုပ်နည်းများကို ထုတ်ဖော်ပြန်ကြားကြပြီး ၁၇ ရာခိုင်နှုန်းကသာ နောက်တစ်ရက်တွင် နှစ်ပတ်လည်အစည်းအဝေး၏ ရလဒ်များကို ထုတ်ပြန်ကြသည်။
- ✗ ကုမ္ပဏီ ၁၃ ရာခိုင်နှုန်းက ရှယ်ယာပိုင်ဆိုင်သူများအား နှစ်ပတ်လည်အစည်းအဝေးထက်ပို၍ ပါဝင်ဆောင်ရွက်ရန် တိုက်တွန်းအားပေးသည့် အလေ့အထများကို ထုတ်ဖော်ပြန်ကြားကြသည်။
- ✗ ကုမ္ပဏီ ၄ ရာခိုင်နှုန်းက မည်သည့်ဘုတ်အဖွဲ့ဝင်များ နောက်ဆုံး နှစ်ပတ်လည်အစည်းအဝေးတက်ရောက်ကြောင်းကို ထုတ်ဖော်ပြန်ကြားသည်။
- ✗ မည်သည့်ကုမ္ပဏီမျှ မဲရလဒ်များ အသေးစိတ်ကို ထုတ်ဖော်ပြန်ကြားခြင်းမရှိပေ။ စတော့အိတ်ချိန်းစာရင်းဝင် ကုမ္ပဏီများက အများအားဖြင့် အခြားသတင်းအချက်အလက်များမပါဘဲ မဲရလဒ်ကို ပြန်ကြားသည်။ ရလဒ်အနေဖြင့် ဆုံးဖြတ်ချက်များကို ရှယ်ယာပိုင်ဆိုင်သူ အနည်းငယ် သို့မဟုတ် သိသာထင်ရှားသည့် အများစုက ထောက်ခံကြသည်ကို သိရှိရန် မဖြစ်နိုင်ပေ။
- ✗ မည်သည့် ကုမ္ပဏီမှ ရွေးကောက်ပွဲပုံစံဖြင့် မဲမပေးကြပေ။ လက်ထောင်ပြခြင်း သို့မဟုတ် ပါးစပ်ဖြင့် အတည်ပြုခြင်းကို လုံလောက်သော ဆန္ဒထုတ်ဖော်သည့် နည်းလမ်းအဖြစ် ယူဆကြသည်။ အချို့ကုမ္ပဏီများက ၎င်းတို့တွင် ရှယ်ယာပိုင်ဆိုင်သူများစွာရှိခြင်းကြောင့် ထိုသို့ပြုလုပ်ရန် အလွန်ရှုပ်ထွေးပြီး အကုန်အကျများသည်ဟု ပြောကြကာ၊ အချို့က ၎င်းတို့သည် မိသားစုပိုင်ဖြစ်သောကြောင့် ထိုသို့ပြုလုပ်ခြင်းနှင့် မအပ်စပ်ဟု ဆိုသည်။ ပထမအချက်ကို ဖြေရှင်းရန်အတွက် မြန်မာနိုင်ငံအခြေအနေနှင့် ကိုက်ညီအောင် ပြောင်းလဲအသုံးပြုနိုင်သည့် နည်းပညာအသစ်များကပေးသော ဖြေရှင်းရန် နည်းလမ်းများရှိသည်။ ဒုတိယအချက်အတွက် အရင်းအနှီးပေးမည့်သူများနှင့် ပူးပေါင်းရန်စဉ်းစားနေသော သို့မဟုတ် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအား ဆွဲဆောင်လိုသော ကုမ္ပဏီများအနေဖြင့် ၎င်းတို့၏ ထုတ်ဖော်ပြန်ကြားမှု ပွင့်လင်းမြင်သာရှိရေးကို တိုးတက်အောင် ဆောင်ရွက်ရန် လိုအပ်သည်။


**မြန်မာကုမ္ပဏီများသည် ရှယ်ယာပိုင်သူများ၏ အဓိကအခွင့်အရေးများကို အလေးထားပုံရသော်လည်း ပွင့်လင်းမြင်သာမှုတိုးတက်စေရန် နှစ်ပတ်လည်အစည်းအဝေးလုပ်ထုံးလုပ်နည်းများနှင့် ကော်ပိုရိတ်ထုတ်ဖော်ပြန်ကြားချက် အရည်အသွေးများကို တိုးတက်အောင် ဆောင်ရွက်သင့်သည်။**

# အပိုင်း ၁။ ရှယ်ယာပိုင်ဆိုင်သူများအား မျှတစွာဆက်ဆံခြင်း

ရှယ်ယာပိုင်ဆိုင်သူများအား မျှတစွာဆက်ဆံခြင်းက ရှယ်ယာအနည်းစုပိုင်ဆိုင်သူများ (ထိန်းချုပ်ခွင့်မရှိသူများ)အား ထိန်းချုပ်ခွင့်ရှိသည့် ရှယ်ယာပိုင်ဆိုင်သူများနှင့်အတူ မျှတ တူညီစွာ ဆက်ဆံခြင်း ရှိ၊ မရှိကို ဖော်ထုတ်ဆွေးနွေးပေးသည်။ ဥပမာ နှစ်ပတ်လည်အစည်းအဝေးလုပ်ငန်းစဉ်သည် ရှယ်ယာပိုင်ဆိုင်သူများအား မလိုအပ်သော ရှုပ်ထွေးမှုများ မပါဘဲ အစည်းအဝေးတွင် ပါဝင်နိုင်စေသင့်သည်။ ထို့ပြင် ပြင်ပမှ ရှယ်ယာပိုင်ဆိုင်သူများအားလည်း ထိန်းချုပ်ခွင့်ရှိသော ရှယ်ယာပိုင်ဆိုင်သူများက တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေ ပြုမူသော ကိုယ်ကျိုးအတွက် ကုမ္ပဏီပိုင် ပစ္စည်းများ ရယူခြင်း၊ အများပြည်သူ မသိသည့် သတင်းအချက်အလက်များနှင့် ဆက်စပ်ကုမ္ပဏီများကြား အရောင်းအဝယ်ပြုလုပ်ခြင်းတို့ကို အသုံးပြုရာတွင် အလွဲသုံးစားမှုစသည့် စသည့် ဖြစ်လာနိုင်သောကိစ္စများမှ ကာကွယ်ပေးသင့်သည်။ ၎င်းတို့ ကြီးထွားမှုကို ဘဏ္ဍာငွေ ထောက်ပံ့ရန်အတွက် ကုမ္ပဏီများအနေဖြင့် မဲအများစု မပိုင်ဆိုင်သော ရင်းနှီးမြှုပ်နှံသူများ လိုအပ်သည်။ ထို့ကြောင့် ရှယ်ယာအနည်းစုပိုင်ရှင်များ၏ အခွင့်အရေးကို ကာကွယ်ပေးခြင်းက ကုမ္ပဏီများအား အခြားကုမ္ပဏီများမှ ခွဲခြားပေးမည့် နည်းလမ်းတစ်ခုဖြစ်သည်။

## အဓိက အချက်အလက်များ

### ပုံ ၁၀ - ရှယ်ယာပိုင်ဆိုင်သူများအား မျှတစွာ ဆက်ဆံခြင်းဆိုင်ရာ အဓိက ရလဒ်များ



## ပုံ ၁၁ - ရှယ်ယာပိုင်ဆိုင်သူများအား မျှတစွာ ဆက်ဆံခြင်း

### အားသာချက်များ

- စစ်တမ်းကောက်ယူခဲ့သည့် ကုမ္ပဏီများအားလုံး “ရှယ်ယာတစ်ခုလျှင်မဲတစ်ခု” ဟူသောမူကို လိုက်နာဆောင်ရွက်ကြသည်။
- နှစ်ပတ်လည်အစည်းအဝေး၏ဆုံးဖြတ်ချက်တစ်ခုချင်းစီသည်ကိစ္စရပ်တစ်ခုတည်းအတွက်သာ ဖြစ်ပြီး ကိစ္စရပ်များကို ရောထွေးဆုံးဖြတ်ခြင်းမရှိပေ။
- ကိုယ်စားလှယ်လွှဲစာများ အလွယ်တကူရနိုင်သည်။

### ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ရမည့် အပိုင်းများ

- နောက်ဆုံးနှစ်ပတ်လည် အစည်းအဝေးအကြောင်းကြားစာ/ထုတ်ပြန်ချက်များကို ဒေသခံဘာသာစကားဖြင့် ထုတ်ဝေသည့်နေ့တွင်ပင် အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေရန်
- ရွေးချယ်ခံ/ပြန်လည်ရွေးချယ်ခံလိုသော ဒါရိုက်တာများ၏ ကိုယ်ရေးအချက်အလက်များ ထည့်ပေးရန်
- အောက်ပါတို့အား အလေးထား၍ ဆက်စပ်ကုမ္ပဏီများကြား အရောင်းအဝယ်လုပ်ခြင်းဆိုင်ရာ ရှင်းလင်းသော မူဝါဒများကို ရေးဆွဲရန်
  - o ဒါရိုက်တာများ/ကော်မရှင်နာများအား ကုမ္ပဏီရှယ်ယာများ အရောင်းအဝယ်လုပ်ခြင်းကို ရုံးဖွင့်ရက် သုံးရက်အတွင်း ကြေညာပေးစေရန်
  - o သိသာထင်ရှားသော ဆက်စပ်ကုမ္ပဏီများကြား အရောင်းအဝယ်များကို သုံးသပ်ရန်အတွက် သီးခြားလွတ်လပ်သော အဖွဲ့တစ်ခု ထားရှိရန်။

အကျိုးစီးပွားဆန့်ကျင်ဖီလာဖြစ်သော အခြေအနေများ သို့မဟုတ် ဆက်စပ်ကုမ္ပဏီများကြား အရောင်းအဝယ်လုပ်ငန်းများတွင် ဒါရိုက်တာများနှင့် အမိကအမှုဆောင်များ ကိုယ်ကျိုးရှာခြင်းကို တားဆီးရန် ပြင်ဆင်ထားသည့် မူဝါဒများအပိုင်းတွင် ကုမ္ပဏီများ၏ စွမ်းဆောင်မှု ဆိုးဝါးသည်။ အပြုသဘောပိုဆန်သည်မှာ ထုတ်ပေးသော ပုံမှန်ရှယ်ယာအားလုံးသည် မဲတစ်မဲနှင့်ညီမျှပြီး ကုမ္ပဏီအများစုသည် ဆုံးဖြတ်ချက်များကို ကိစ္စအများအပြားကို ပေါင်း၍ ဆုံးဖြတ်ချက်တစ်ခုထဲချခြင်း မပြုကြပေ။

## မဲပေးခွင့် (ခ-၁) နှင့် နှစ်ပတ်လည်အစည်းအဝေးအကြောင်းကြားစာ (ခ-၂)

- ✓ ကုမ္ပဏီအားလုံးတွင် ရှယ်ယာတစ်ခုလျှင် မဲတစ်မဲပေးသည့် ရှင်းလင်းသော စနစ်ရှိသည်။
- ✓ ကုမ္ပဏီ ၇၅ ရာခိုင်နှုန်းတွင် ဆုံးဖြတ်ချက်တစ်ခုက ကိစ္စရပ်တစ်ခုကိုသာ ကိုင်တွယ်ဖြေရှင်းသည့် နှစ်ပတ်လည် အစည်းအဝေး အကြောင်းကြားစာ ရှိသည်။
- ✓ စစ်တမ်းကောက်ယူခဲ့သည့် ကုမ္ပဏီများ၏ ၆၇ ရာခိုင်နှုန်းက ကိုယ်စားလှယ်လွှဲစာများ အလွယ်တကူရနိုင်ရန် စီစဉ်ပေးထားသည်။

- ✗ စာရင်းစစ်ကို ခန့်အပ်ခံရန် သို့မဟုတ် ပြန်လည် ခန့်အပ်ခံရန် နှင့် ပတ်သက်၍ ၄၂ ရာခိုင်နှုန်းသော ကုမ္ပဏီများကသာ တိကျရှင်းလင်းစွာ သတ်မှတ်ဖော်ထုတ်ထားသည်။
- ✗ ကုမ္ပဏီ ၈ ရာခိုင်နှုန်းက ရွေးချယ်ခံ/ ပြန်လည်ရွေးချယ်ခံလိုသော ဒါရိုက်တာများ၏ ကိုယ်ရေးအချက်အလက်များကို ထည့်သွင်းပေးကြသည်။ ကုမ္ပဏီတစ်ခု ရေရှည်တည်တံ့ရေးအတွက် ဘုတ်အဖွဲ့ဝင်များ ရွေးချယ်မှုက အလွန်အရေးပါသည်။ ထို့အတွက် ရှယ်ယာပိုင်ဆိုင်သူများအနေဖြင့် ဆုံးဖြတ်ချက်ချမှတ်ရာတွင် လိုအပ်သမျှ သတင်းအချက်အလက်များ ရရှိနိုင်သင့်သည်။ သီးခြားလွတ်လပ်သော ဒါရိုက်တာများ အရေအတွက် လိုအပ်ချက်များ တဖြည်းဖြည်းနှင့် တိုးလာနိုင်သည့်အလျောက် ကုမ္ပဏီများအနေဖြင့် ဒါရိုက်တာလောင်းများ၏ ကိုယ်ရေးအချက်အလက်များကို နှစ်ပတ်လည်အစည်းအဝေးအကြောင်းကြားစာ နှင့်/သို့မဟုတ် ဝက်ဘ်ဆိုက်ပေါ်တွင် ထုတ်ပြန်ပေးရန် အရေးကြီးသည်။
- ✗ ကုမ္ပဏီတစ်ခု (စစ်တမ်းကောက်ယူခဲ့သည့် လုပ်ငန်းစုများအနက် ၄ ရာခိုင်နှုန်း) က အကြောင်းကြားစာများကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုကြသည်။ မြန်မာကုမ္ပဏီများအနေဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ ပိုမိုဆွဲဆောင်လိုပါက ၎င်းတို့၏ ကော်ပိုရိတ်စာရွက်စာတမ်း နိုင်ငံတကာ မိတ်ဖက် ကုမ္ပဏီများ အလွယ်တကူ ရယူ၍ နားလည်နိုင်စေရေးအတွက် ဆောင်ရွက်ထားရပေလိမ့်မည်။

# အတွင်းသတင်းအချက်အလက် ကြိုတင်သိရှိသူများ၏ ရောင်းဝယ်ခြင်း (ခ-၃)၊ ဆက်နွယ်သည့် ပုဂ္ဂိုလ် အဖွဲ့အစည်းနှင့် အရောင်းအဝယ်ပြုလုပ်ခြင်း (ခ-၄) နှင့် ရှယ်ယာအနည်းစုပိုင်ဆိုင်သူများအား ကာကွယ်ပေးခြင်း (ခ-၅)

- ✗ ကုမ္ပဏီ ၄၂ ရာခိုင်နှုန်းတွင် ဒါရိုက်တာများအား ဈေးကွက်အတွင်း မရနိုင်သော သတင်းအချက်အလက်များ သုံး၍ ကိုယ်ကျိုးရှာခြင်းကို တားမြစ်သော မူဝါဒ သို့မဟုတ် စည်းမျဉ်းရှိကြသော်လည်း ဤအချက်မှာ ငွေချေး သက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေး ဥပဒေ ပုဒ်မ ၄၉ (ဂ) အရ မဖြစ်မနေဆောင်ရွက်ရမည့် အချက်ဖြစ်သင့်သည်။
- ✗ ကုမ္ပဏီ ၃၈ ရာခိုင်နှုန်းက ဒါရိုက်တာများအနေဖြင့် ၎င်းတို့၏ အကျိုးစီးပွားများကို ထုတ်ဖော်အသိပေးရန် လိုသည့် မူဝါဒရှိကြသည်။ စတော့အိတ်ချိန်းဝင်ရန် လိုအပ်ချက်တစ်ခုဖြစ်သည့်အလျောက် စာရင်းဝင် ကုမ္ပဏီအားလုံးတွင် ဆက်စပ်ကုမ္ပဏီများကြား ရောင်းဝယ်မှုများဆိုင်ရာ မူဝါဒရှိသည်။
- ✗ ကုမ္ပဏီ ၁၇ ရာခိုင်နှုန်းတွင် ဒါရိုက်တာများအား ငွေချေးခြင်းနှင့်ပတ်သက်သည့် မူဝါဒရှိသည်။
- ✗ ကုမ္ပဏီတစ်ခုတွင်သာ ဆက်စပ်ကုမ္ပဏီများကြား ရောင်းဝယ်မှုများသည် ကုမ္ပဏီနှင့် အခြားရှယ်ယာ ပိုင်ဆိုင်သူများ၏ အကျိုးစီးပွား အတွက် အကောင်းဆုံး ဖြစ်၊ မဖြစ်ဆိုသည်ကို အကဲဖြတ်လေ့လာမည့် လွတ်လပ်သော ဒါရိုက်တာများ ကော်မတီတစ်ရပ်က သုံးသပ်ရန်လိုအပ်သည့် မူဝါဒရှိသည်။ ကုမ္ပဏီများသည် ၎င်းတို့၏ မူဝါဒများ ပိုမို တိကျစေရန်အတွက် သုံးသပ်ပြင်ဆင်သင့်သည်။
- ✗ မည်သည့် ကုမ္ပဏီမှ ဒါရိုက်တာများအား ကုမ္ပဏီရှယ်ယာများ အရောင်းအဝယ်လုပ်ခြင်းကို ရှုံးဖွင့်ရက် သုံးရက်အတွင်း ကြေညာပေးသင့်သည်ဟု ရှင်းလင်းစွာ သတ်မှတ်ထားခြင်းမရှိပေ။


**မြန်မာနိုင်ငံရှိ ကုမ္ပဏီများတွင် ရှင်းလင်းသော ရှယ်ယာနှင့် မဲပေးခွင့်စနစ်ရှိသည်။ ရှယ်ယာပိုင်ဆိုင်သူများ နှင့် ၎င်းတို့ ဆက်ဆံရေးသည် အခြေခံကျပြီး ပိုမိုကောင်းမွန်အောင် ဆောင်ရွက်နိုင်ချေရှိသည်။ ရှယ်ယာ အနည်းစုပိုင်ဆိုင်သူများ၏ အခွင့်အရေးများကို ကာကွယ်ထိန်းသိမ်းရန်အတွက် ဆက်နွယ်သည့် ပုဂ္ဂိုလ် အဖွဲ့အစည်း နှင့် အရောင်းအဝယ်ပြုလုပ်ခြင်းများအား ကိုင်တွယ်ပုံကို ပိုမိုတိုးတက်အောင် ဆောင်ရွက်ရန် လိုအပ်သည်။**

# အပိုင်း ၈။ အကျိုးသက်ဆိုင်သူများ၏ အခန်းကဏ္ဍ

ဤအပိုင်းသည် အကျိုးသက်ဆိုင်သူများကြား ကော်ပိုရိတ် လူမှုတာဝန်ဆိုင်ရာကိစ္စကို အထူးပြုသည်။ ရည်မှန်းချက်မှာ သဘာဝပတ်ဝန်းကျင်၊ စားသုံးသူများ၊ စီးပွားရေးမိတ်ဖက်များ၊ ပြိုင်ဖက်များ၊ အလုပ်သမားများ၊ ရပ်ရွာလူထုများ၊ မြို့ရှင်များနှင့် အခြား အကျိုးသက်ဆိုင်သူများနှင့် သက်ဆိုင်သည့် ကုမ္ပဏီ၏လုပ်ငန်းများတွင် ကော်ပိုရိတ် တာဝန်သိတတ်မှုကို တိုက်တွန်းအားပေးရန်ဖြစ်သည်။ ဤအပိုင်းက သက်ဆိုင်ရာ အကျိုးသက်ဆိုင်သူများအား အသိအမှတ်ပြုမှုနှင့် ဆက်ဆံမှုတို့နှင့်ပတ်သက်သော ကုမ္ပဏီ၏ မူဝါဒများနှင့် အလေ့အထများကို ဆန်းစစ်လေ့လာသည်။ ဤအပိုင်းသည် ရမှတ် ၆၅ ရာခိုင်နှုန်းအထက်ရရှိရန် ကြိုးပမ်းအားထုတ်မှုများ ပိုမိုပြုလုပ်သင့်သော စတော့အိတ်ချိန်း စာရင်းဝင် ကုမ္ပဏီများထက် ပုဂ္ဂလိက ကုမ္ပဏီများက စွမ်းဆောင်မှု ပိုမိုကောင်းသည့် တစ်ခုတည်းသောအပိုင်း ဖြစ်သည်။

## အဓိက အချက်အလက်များ

### ပုံ ၁၂ - အကျိုးသက်ဆိုင်သူများနှင့်ပတ်သက်သော အဓိက ရလဒ်များ



# မြန်မာနိုင်ငံ၏ လားရာလမ်းကြောင်းများ

## ပုံ ၁၃ - အကျိုးသက်ဆိုင်သူများ၏ အခန်းကဏ္ဍ



### အားသာချက်များ

- ကုမ္ပဏီအားလုံးက ပရဟိတ၊ အလှူအတန်းလုပ်ငန်းများဖြင့် ၎င်းတို့၏ ရပ်ရွာလူထုများအား အလေးထား ဂရုစိုက်ကြသည်။
- ကုန်ပစ္စည်းတင်သွင်းသူများ ရွေးချယ်မှု လုပ်ထုံးလုပ်နည်းများမှာ တူညီကြသည်။

### ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ရမည့် အပိုင်းများ

- ကုမ္ပဏီများ၏ တန်ဖိုးမြင့်ဈေးကွက်ကွင်းဆက်များအား ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်ပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကို မြှင့်တင်မှုနှင့်ကိုက်ညီစေသော ကြိုးပမ်းမှုများကို တိုးမြှင့်ဆောင်ရွက်ရန်။
- အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေး လုပ်ထုံးလုပ်နည်းများနှင့် လုပ်ငန်းအစီအစဉ်များအား ထည့်သွင်းရန်။
- မြို့ရှင်အခွင့်အရေးများအား တိုးတက်ကောင်းမွန်စေရန်။
- အခကြေးငွေလစာစရိတ်မူဝါဒသည် ကုမ္ပဏီ၏ရေရှည်ရည်ရွယ်ချက်နှင့်ကိုက်ညီမှုရှိသင့်သည်။
- လူသားအရင်းအမြစ် (ကျန်းမာရေး၊ ဘေးကင်းရေး၊ ကျန်းမာပျော်ရွှင်ရေး၊ ဝန်ထမ်းများ လေ့ကျင့်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး) ဖွံ့ဖြိုးရေးအတွက် ကော်ပိုရိတ်မူဝါဒများကို ထုတ်ဖော်ပြန်ကြားရန်

မြန်မာလူမျိုးများသည် ရက်ရောကြသည်။ မြန်မာနိုင်ငံသည် ကမ္ဘာ့လှူဒါန်းပေးကမ်းမှုညွှန်ကိန်းတွင် အဆင့် ၁ ဖြစ်သည်။[9] မြန်မာကုမ္ပဏီများသည် ပရဟိတလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် ၎င်းတို့၏ ရပ်ရွာလူထုအသိုင်းအဝိုင်းများအား အင်ပြည့်အားပြည့် ပံ့ပိုးကြသည်။ ၎င်းတို့၏ စွမ်းဆောင်မှုများသည် ဝန်ထမ်း၊ မြို့ရှင်နှင့် ပတ်ဝန်းကျင်စသည့် အခြား အကျိုးသက်ဆိုင်သူများနှင့် အနည်းငယ် ကွဲလွဲမှုရှိသည်။

# အကျိုးသက်ဆိုင်သူများ၏ အခွင့်အရေးများ (ဂ-၁)

- ✓ ရပ်ရွာလူထုအသိုင်းအဝိုင်းကို ပံ့ပိုးရန်အတွက် ကုမ္ပဏီအားလုံးက လှူဒါန်းကြသည်။
- ✓ ကုမ္ပဏီ ၇၁ ရာခိုင်နှုန်းတွင် ကုန်ပစ္စည်းပေးသွင်းသူများအား ရွေးချယ်သည့် လုပ်ထုံးလုပ်နည်း အချို့ရှိသည်။

- ✗ ကုမ္ပဏီ ၂၁ ရာခိုင်နှုန်းက အကျင့်ပျက်ခြစားမှုကို တိုက်ဖျက်ရန် ၎င်းတို့၏ ကြိုးပမ်းမှုကို အစီရင်ခံကြသည်။
- ✗ ကုမ္ပဏီ ၁၃ ရာခိုင်နှုန်းက မြို့ရှင်များ၏ အကျိုးစီးပွားကို မည်သို့ ကာကွယ်ပေးကြောင်း ထုတ်ဖော်ပြန်ကြားကြသည်။ စစ်တမ်းတွင် ပါဝင်သော ဘဏ်များသည် မြန်မာနိုင်ငံရှိ ဤမဖြစ်မနေလိုက်နာရမည့် စည်းကမ်းချက်ကို လိုက်နာကြသည်။
- ✗ ကုမ္ပဏီ ၈ ရာခိုင်နှုန်းသည် ၎င်းတို့၏ တန်ဖိုးမြင့်ဈေးကွက်ကွင်းဆက်က ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်စေပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကို မြှင့်တင်ရန် ရည်ရွယ်သည်။

# တိုင်ကြားရေး စနစ်များ (ဂ-၂) နှင့် ကနဦးထုတ်ဖော်တိုင်ကြားခြင်း (ဂ-၄)

- ✗ ကုမ္ပဏီ ၄၂ ရာခိုင်နှုန်းတွင် ကနဦးထုတ်ဖော်တိုင်ကြားခြင်း မူဝါဒ ရှိပြီး ၎င်းတို့အနက် ၃၈ ရာခိုင်နှုန်းက တရားမဝင်/ကျင့်ဝတ်နှင့်မညီသော အမူအကျင့်များအား ထုတ်ဖော်ပေးသည့် ဝန်ထမ်းများ လက်တုံ့ပြန်ခံရခြင်းမှ ကာကွယ်ပေးကြသည်။
- ✗ ကုမ္ပဏီ ၂၁ ရာခိုင်နှုန်းက အကျိုးသက်ဆိုင်သူများ ၎င်းတို့ စိုးရိမ်မှုများကို တင်ပြနိုင်သည့် ဆက်သွယ်ရန် အချက်အလက်များ ပေးထားကြသည်။

9 Charities Aid Foundation ၏ *ကမ္ဘာ့လှူဒါန်းပေးကမ်းမှု ညွှန်ကိန်း ၂၀၁၇* ကိုကြည့်ပါ။

## ဝန်ထမ်းများ ပါဝင်မှု (ဂ-၃)

- ✗ ကုမ္ပဏီ ၂၉ ရာခိုင်နှုန်းက ၎င်းတို့၏ ဝန်ထမ်းများ ကျန်းမာရေး၊ ဘေးကင်းရေးနှင့် ကျန်းမာပျော်ရွှင်ရေး မူဝါဒများနှင့် အလေ့အထများကို ထုတ်ဖော်ပြန်ကြားကြသည်။ ၎င်းတို့အနက် လေးပုံတစ်ပုံက ဝန်ထမ်း လေ့ကျင့်ရေးနှင့် ကျွမ်းကျင့်မှုမြှင့်တင်ရေး မူဝါဒများနှင့် အလေ့အထများကို ထုတ်ပြန်ကြသည်။
- ✗ မည်သည့် ကုမ္ပဏီမှ ကာလတို ဘဏ္ဍာရေးဆိုင်ရာ ချိုးမြှင့်မှုများထက်ပို၍ စွမ်းဆောင်မှုကို အားပေးသည့် အခကြေးငွေလစာစရိတ် မူဝါဒမရှိကြပေ။


**မြန်မာကုမ္ပဏီများသည် ၎င်းတို့နှင့် အကျိုးသက်ဆိုင်သူများ၊ အထူးသဖြင့် ကုန်ပစ္စည်းပေးသွင်းသူနှင့် ရပ်ရွာလူထုအသိုင်းအဝိုင်း၏ အခွင့်အရေးများကို ထည့်သွင်းစဉ်းစားရန် ကြိုးပမ်းလျက်ရှိသည်။ ၎င်းအနေဖြင့် အဓိကကျသော အကျိုးသက်ဆိုင်သူများ၏ တုံ့ပြန်အကြံပြုချက်ကို ရယူပြီး သင့်တင့်သော ဆက်သွယ်ပြန်ကြားရေးလမ်းကြောင်းများ ထူထောင်ထားသင့်သည်။ အကျိုးသက် ဆိုင်သူများအား အချက်အလက်များပေးသည့် တည်တံ့ခိုင်မြဲရေး အစီရင်ခံစာတွင် ၎င်းတို့၏ မူဝါဒများကို ထုတ်ဖော်ပြန်ကြားပြီး ဘဏ္ဍာရေးနှင့် မဆိုင်သည့် စွမ်းဆောင်မှုများကိုလည်း အစီရင်ခံ တင်ပြသင့်သည်။**

# အပိုင်း ဃ။ ထုတ်ဖော်ပြန်ကြားခြင်းနှင့် ပွင့်လင်းမြင်သာမှု

ဤအပိုင်းတွင် ကော်ပိုရိတ်သတင်းအချက်အလက် ထုတ်ဖော်ပြန်ကြားမှု၏ တိကျမှု၊ ပြည့်စုံမှုနှင့် မှန်ကန်မှုတို့ကို ထည့်သွင်းစဉ်းစားထားသည်။ ကုမ္ပဏီများအနေဖြင့် စိတ်ဝင်စားသော ဆက်စပ်သူများအားလုံးထံ ရောက်ရှိမည့် နည်းလမ်း ပေါင်းစုံသုံးပြီး အချိန်နှင့်တပြေးညီ အကုန်အကျသက်သာသည့်ပုံစံဖြင့် ကော်ပိုရိတ်သတင်းအချက်အလက်များကို ထုတ်ဖော်ပြန်ကြားသင့်သည်။ ကုမ္ပဏီ၏ ပိုင်ဆိုင်မှုဖွဲ့စည်းပုံ၊ ဆက်စပ်ကုမ္ပဏီများနှင့် ရောင်းဝယ်ခြင်း၊ ဘဏ္ဍာရေးနှင့် ဘဏ္ဍာရေးနှင့်မဆိုင်သော သတင်းအချက်အလက်များသည်လည်း ထုတ်ဖော်ပြန်ကြားရန် အရေးပါသည့် ကိစ္စများဖြစ်သည်။ ထို့ပြင် စတော့အိတ်ချိန်းစာရင်းဝင်နှင့် အများပိုင်ကုမ္ပဏီများသည် ရမှတ် ၆၅ ရာခိုင်နှုန်းအထက်ရအောင် ရည်မှန်းဆောင်ရွက်သင့်သည်။ ထိုအချက်က ၎င်းတို့အား ရှယ်ယာပိုင်ဆိုင်သူများအား ပိုမိုကောင်းမွန်သော ကော်ပိုရိတ် ထုတ်ဖော်ပြန်ကြားချက်များ ပေးရာတွင် YSX နှင့် SECM တို့၏ လိုအပ်ချက်များနှင့် ကိုက်ညီစေရန် ပိုမိုအထောက်အကူဖြစ်စေမည်။

## အဓိက အချက်အလက်များ

### ပုံ ၁၄ - ထုတ်ဖော်ပြန်ကြားမှုနှင့် ပွင့်လင်းမြင်သာမှုဆိုင်ရာ အဓိက ရလဒ်များ



### အားသာချက်များ

- ကုမ္ပဏီများတွင် ဝက်ဘ်ဆိုက် (website) များရှိသည်။

### ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ရမည့် အပိုင်းများ

- နှစ်ပတ်လည် အစီရင်ခံစာများ၏ အရည်အသွေးကို ပိုမိုကောင်းမွန်စေရန်
  - ပိုင်ဆိုင်မှုဖွဲ့စည်းပုံကို ပွင့်လင်းမြင်သာမှုရှိစေရန်။
  - ဒါရိုက်တာများ၏ ကိုယ်ရေးရာဇဝင်အသေးစိတ်ကို ထည့်သွင်းပေးရန်။
  - ကျင်းပသည့် အစည်းအဝေးများနှင့် ပတ်သက်၍ ဒါရိုက်တာတစ်ဦးချင်း၏ တက်ရောက်မှု အချက်အလက်အသေးစိတ်ကို ထုတ်ဖော်ပြန်ကြားရန်
  - စာရင်းစစ်ကြေးကို ထုတ်ပြန်အသိပေးရန်
- ဆက်စပ်ကုမ္ပဏီများကြား ရောင်းဝယ်မှုဆိုင်ရာ ထုတ်ဖော်ပြန်ကြားချက်များ၌ အားနည်းခြင်းကို ပိုမို ကောင်းမွန်စေရန်
  - ကိစ္စရပ်အခြေခံသော မူဝါဒများကို ပြန်လည် သုံးသပ်ပြင်ဆင်ရန်။
  - ဆက်စပ်ကုမ္ပဏီများကြား ရောင်းဝယ်မှုနှင့် ပတ်သက်သော အမည်၊ ပတ်သက်ပုံ၊ သဘော သဘာဝနှင့် တန်ဖိုးများကို ထုတ်ဖော်ပြန်ကြားသင့်သည်။
  - ကုမ္ပဏီရှယ်ယာများအား အတွင်းလူများက တရားမဝင်ရောင်းဝယ်ခြင်းကို ထုတ်ဖော်ပြန် ကြားသင့်သည်။
- ဘဏ္ဍာရေးနှင့်မပတ်သက်သော ကိစ္စများအား အစီရင်ခံခြင်း
  - ကုမ္ပဏီဝက်ဘ်ဆိုက်များ (website) အား အချိန်မှန် ပြင်ဆင်မွမ်းမံသင့်သည်။

အပိုင်း ဃ သည် မြန်မာကုမ္ပဏီများ ဒုတိယ စွမ်းဆောင်မှု နိမ့်ပါးသည့် အပိုင်းဖြစ်ပြီး အလေ့အထကောင်းများအား လိုက်နာခြင်းကို သိပ်မတွေ့ရပေ။ ကုမ္ပဏီများသည် ကော်ပိုရိတ်ရည်ရွယ်ချက်များကို နှစ်ပတ်လည်အစီရင်ခံစာအတွင်းရှိ ဥက္ကဋ္ဌ၏ အမှာစာတွင် ထည့်သွင်းဖော်ပြလေ့ရှိကြသည်။ မြန်မာကုမ္ပဏီများသည် အကျိုးသက်ဆိုင်သူများနှင့် ဆက်သွယ်ပြန်ကြားခြင်း၊ အဓိကကျသော ဆက်သွယ်ရေးလမ်းကြောင်းများကို ထိန်းသိမ်း မွမ်းမံခြင်းစသည့် အလေ့အထများ မရှိကြသေးပါ။

## ပိုင်ဆိုင်မှု ဖွဲ့စည်းပုံ (ဃ-၁)

- ✗ ကုမ္ပဏီ ၅၄ ရာခိုင်နှုန်းက အနည်းဆုံး ကုမ္ပဏီ၏ ၅ ရာခိုင်နှုန်းကို ပိုင်ဆိုင်သူ မည်သူမည်ဝါဖြစ်သည်ကို ထုတ်ဖော်ပြန်ကြားကြသည်။
- ✗ ၄၂ ရာခိုင်နှုန်းက အဓိက ရှယ်ပိုင်ဆိုင်သူများ၏ တိုက်ရိုက်နှင့် သွယ်ဝိုက် ရှယ်ယာပိုင်ဆိုင်မှုများကို ထုတ်ဖော်ပြန်ကြားကြပြီး ၄၆ ရာခိုင်နှုန်းက ၎င်းတို့ ဒါရိုက်တာများ၏ ရှယ်ယာပိုင်ဆိုင်မှုကို ထုတ်ဖော်ပြန်ကြားကြသည်။
- ✗ ၅၈ ရာခိုင်နှုန်းက ၎င်းတို့၏ ဦးပိုင်ကုမ္ပဏီများ၊ လက်အောက်ခံ ကုမ္ပဏီများနှင့် ဖက်စပ်ကုမ္ပဏီများ၏ အသေးစိတ် အချက်အလက်ကို လူသိရှင်ကြား ထုတ်ပြန်ကြသည်။

## နှစ်ပတ်လည် အစီရင်ခံစာ (ဃ-၂)

- ✓ ကုမ္ပဏီ ၈၃ ရာခိုင်နှုန်းက နှစ်ပတ်လည်အစီရင်ခံစာတွင် ၎င်းတို့၏ ကော်ပိုရိတ်ရည်မှန်းချက်များကို ဖော်ပြကြသည်။

- ✗ ကုမ္ပဏီ ၂၅ ရာခိုင်နှုန်းကသာ ဒါရိုက်တာများ၏ ကိုယ်ရေးရာဇဝင်အသေးစိတ်နှင့် အစည်းအဝေးတက်ရောက်မှု မှတ်တမ်းများကို ထုတ်ဖော်ပြန်ကြားကြသည်။
- ✗ ကုမ္ပဏီ ၁၃ ရာခိုင်နှုန်းကသာ ၎င်းတို့ ဘုတ်အဖွဲ့ဝင်များ၏ လစာခံစားခွင့်ကို ထုတ်ဖော်အသိပေးကြသည်။

- ✗ ကုမ္ပဏီတစ်ခုကသာ ဘဏ္ဍာရေးစွမ်းဆောင်မှုဆိုင်ရာ အဓိကညွှန်ကိန်းများကို ထုတ်ဖော်ပြန်ကြားကြသည်။
- ✗ ကုမ္ပဏီတစ်ခုကသာ ၎င်း၏ ဘဏ္ဍာရေးနှင့်မဆိုင်သော အဓိကညွှန်ကိန်းများကို ထုတ်ပြန်သည်။

## ဆက်နွယ်သည့် ပုဂ္ဂိုလ် အဖွဲ့အစည်း နှင့် အရောင်းအဝယ်ပြုလုပ်ခြင်း (ဃ-၃)၊ အတွင်းသတင်း အချက်အလက် ကြိုတင်သိရှိသူများ၏ ရောင်းဝယ်ခြင်း (ဃ-၄) နှင့် စာရင်းစစ်၏ အစီရင်ခံစာ (ဃ-၅) တို့ကိုထုတ်ဖော်ပြန်ကြားခြင်း

- ✗ ကုမ္ပဏီ ၁၇ ရာခိုင်နှုန်းက ဆက်စပ်ကုမ္ပဏီများကြား ရောင်းဝယ်မှုတစ်ခုချင်းစီ၏ အမည်နှင့် အသေးစိတ်အချက်အလက်များကို ထုတ်ဖော်ပြန်ကြားကြသည်။
- ✗ ကုမ္ပဏီ ၇ ရာခိုင်နှုန်းက ကုမ္ပဏီရှယ်ယာများက အတွင်းသတင်းအချက်အလက် ကြိုတင်သိရှိသူများ၏ ရောင်းဝယ်ခြင်းကို ထုတ်ဖော်ပြန်ကြားကြသည်။
- ✗ ကုမ္ပဏီတစ်ခုကသာ ဆက်စပ်ကုမ္ပဏီများကြား ရောင်းဝယ်မှုကို သုံးသပ်အတည်ပြုသည့် မူဝါဒကို ထုတ်ဖော်ပြန်ကြားသည်။
- ✗ ကုမ္ပဏီများသည် ၎င်းတို့၏ ငွေကြေးစာရင်းစစ်များက ငွေကြေးစာရင်းစစ်မှုနှင့်မဆိုင်သော ဝန်ဆောင်မှုများ ပေးမပေးဆိုသည်ကို ထုတ်ဖော်ပြန်ကြားခြင်းမရှိပေ။

## ဆက်သွယ်ပြန်ကြားရေး ကြားခံနည်းလမ်းများ (ဃ ၆)

- ✓ ကုမ္ပဏီ ၈၈ ရာခိုင်နှုန်းတွင် ဝက်ဘ်ဆိုက်ရှိကြပြီး ၆၇ ရာခိုင်နှုန်းက မီဒီယာအတွက် သီးသန့်လိုအပ်ချက်များကို ထုတ်ဝေပေးကြသည်။
- ✓ ဘဏ္ဍာရေးပြန်တမ်း ၆၇ ရာခိုင်နှုန်းကို ဘဏ္ဍာနှစ်အကုန်မှ ရက်ပေါင်း ၁၂၀ အတွင်း ထုတ်ပြန်ကြသည်။

- ✗ ကုမ္ပဏီ ၂၉ ရာခိုင်နှုန်းက ၎င်းတို့၏ နှစ်ပတ်လည်အစီရင်ခံစာများကို ဝက်ဘ်ဆိုက်များပေါ်တွင် ဒေါင်းလုတ်ဆွဲယူနိုင်ရန် စီစဉ်ပေးထားကြသည်။
- ✗ ကုမ္ပဏီ ၁၇ ရာခိုင်နှုန်းက ဝက်ဘ်ဆိုက်ပေါ်တွင် နှစ်ပတ်လည်အစည်းအဝေးအကြောင်းကြားစာကို ထုတ်ပြန်ကြသော်လည်း မည်သူမျှ အစည်းအဝေးမှတ်တမ်းကို မထုတ်ပြန်ကြပေ။
- ✗ ၁၃ ရာခိုင်နှုန်းခန့်က ဝက်ဘ်ဆိုက်ပေါ်တွင် ကုမ္ပဏီစည်းမျဉ်းကို အများပြည်သူသိစေရန် ဖော်ပြပေးထားသည်။

**မြန်မာကုမ္ပဏီများသည် အစုရှယ်ယာပိုင်ရှင်များ၊ ပြင်ပမှ အကျိုးဆက်စပ်သူများနှင့် ဆက်သွယ်ပြန်ကြားရန် ကြိုးပမ်းကြသော်လည်း ထုတ်ပြန်သည့် အချက်အလက်များ အရည်အသွေး၊ အချိန်နှင့် တပြေးညီဖြစ်မှုတို့ကို တိုးတက်အောင် ဆောင်ရွက်ပြီး လုံလောက်သော ဆက်သွယ်ပြန်ကြားရေးနည်းလမ်းများ ဖော်ဆောင်ရန် လိုအပ်သည်။**

# အပိုင်း ၎။ ဘုတ်အဖွဲ့၏ တာဝန်များ


ဤအပိုင်းတွင် ရှယ်ယာပိုင်ရှင်များနှင့် အကျိုးသက်ဆိုင်သူများအပေါ် ဘုတ်အဖွဲ့ဝင် ဒါရိုက်တာများ၏ တာဝန်များ၊ ဝတ္တရားများနှင့် တာဝန်ခံမှုများကို အဓိကထားသည်။ အကျိုးသက်ဆိုင်သူများ၏ အကျိုးစီးပွားကို စဉ်းစားပြီး ဘုတ်အဖွဲ့အနေဖြင့် ၎င်းတို့၏ တာဝန်များကို အပြည့်အဝ ထမ်းဆောင်ရန် မြင့်မားသော စီးပွားရေးဆိုင်ရာ ကျင့်ဝတ်များကို လိုက်နာကျင့်သုံးရမည်။ ဘုတ်အဖွဲ့သည် ကော်ပိုရိတ်မဟာဗျူဟာ ကို လမ်းညွှန်ခြင်း၊ စီမံအုပ်ချုပ်မှုဆိုင်ရာ စွမ်းဆောင်မှုများကို စောင့်ကြည့်လေ့လာခြင်းနှင့် အကျိုးစီးပွားဆန့်ကျင်ဖီလာဖြစ်ခြင်းများကို တားဆီးခြင်းတို့အတွက် အဓိက တာဝန်ရှိသည်။

ဤအပိုင်းတွင် ကော်ပိုရိတ်မဟာဗျူဟာ ဖွံ့ဖြိုးရေး၊ စီးပွားရေးလည်ပတ်မှုကို လေ့လာစောင့်ကြည့်ရေး၊ စီးပွားရေးလုပ်ဆောင်မှုများ၏ ပွင့်လင်းမြင်သာမှု၊ သင့်တင့်သော ဘဏ္ဍာရေး ထိန်းချုပ်မှုနှင့် အစီရင်ခံမှုများရှိခြင်း၊ ဒါရိုက်တာ ရွေးချယ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ ဘုတ်အဖွဲ့ဝင်အသစ်များအား လုပ်ငန်းနှင့် မိတ်ဆက်ပေးခြင်း၊ ဘုတ်အဖွဲ့စွမ်းဆောင်မှုကို အကဲဖြတ်လေ့လာခြင်း၊ အမှုဆောင်အရာရှိချုပ် ရှာဖွေခြင်း လုပ်ငန်းစဉ်နှင့် အကဲဖြတ်သုံးသပ်ခြင်းတို့ကို အကဲဖြတ် လေ့လာထားသည်။

မြန်မာကုမ္ပဏီများသည် ဤအပိုင်းတွင် စွမ်းဆောင်မှုအားအနည်းဆုံးဖြစ်ပြီး ၎င်းတို့၏ အလေ့အထများကို ပိုမိုကောင်းမွန်စေရန် ရင်းမြစ်များ ပိုမိုပံ့ပိုးပေးသင့်သည်။

## အဓိက အချက်အလက်များ

### ပုံ ၁၆ - ဘုတ်အဖွဲ့၏ တာဝန်များနှင့်ပတ်သက်သည့် အဓိက ရလဒ်များ



# မြန်မာနိုင်ငံ၏ လားရာလမ်းကြောင်းများ

## ပုံ ၁၇ - ဘုတ်အဖွဲ့၏ တာဝန်များ

### အားသာချက်များ

- ဒါရိုက်တာများအား ရွေးချယ်ခြင်း/ပြန်လည်ရွေးချယ်ခြင်းကို မကြာခဏ ဆောင်ရွက်ကြသည်။
- ရည်မှန်းချက်ပန်းတိုင်များကို ရှင်းလင်းစွာ ဖော်ပြပေးကြသည်။
- ကုမ္ပဏီတွင်းစာရင်းစစ်ခြင်းကို ပုံမှန်ဆောင်ရွက်ကြသည်။
- ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ်တို့၏ အခန်းကဏ္ဍအား ရှင်းလင်းစွာ ခွဲခြားထားသည်။
- ကုမ္ပဏီဘုတ်အဖွဲ့အများစုတွင် စာရင်းစစ်ကော်မတီများ ရှိကြသည်။

### ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ရမည့် အပိုင်းများ

- ဘုတ်အဖွဲ့များတွင် လုံလောက်သည့် နယ်ပယ်ကွဲပြားခြားနားမှု မရှိကြပေ။
- သီးခြားလွတ်လပ်သော ဒါရိုက်တာများ မရှိကြပါ။
- စီးပွားရေးကျင့်ဝတ်များကို ပိုမိုအားကောင်းအောင် လုပ်သင့်သည်။
- ဘုတ်အဖွဲ့နှင့် ကော်မတီများတွင် ဖွဲ့စည်းပုံမရှိကြပေ။
  - o (ဘုတ်မူဝါဒ၊ ဘုတ်ကော်မတီ၊ ဥက္ကဋ္ဌ စသည့်) အဖွဲ့အသီးသီး၏ အခန်းကဏ္ဍနှင့် တာဝန်များအား ထုတ်ဖော်ပြန်ကြားမှုကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ရန်
  - o ဒါရိုက်တာအသစ်များရွေးချယ်ရန်အသုံးပြုသည့် စံနှုန်းများကို ရှင်းလင်းစွာ သတ်မှတ်ထားရန်
- လစာခံစားခွင့် သတင်းအချက်အလက်များသည် ပွင့်လင်းမြင်သာမှုမရှိပေ။
- ဆုံးရှုံးနိုင်ချေစီမံခန့်ခွဲမှု အလေ့အထများ အားနည်းသည်။
- ဘုတ်အဖွဲ့/ ဒါရိုက်တာများ/ ကော်မတီများ၏ စွမ်းဆောင်မှုကို အကဲဖြတ်လေ့လာချက် မရှိပေ။

ကုမ္ပဏီများသည် ဤအပိုင်းတွင် ရမှတ်အနည်းဆုံးဖြစ်သည်။ မည်သူမျှ ရမှတ် ၅၀ ရာခိုင်နှုန်းအထက် မရဘဲ ဘုတ်အဖွဲ့ စီမံအုပ်ချုပ်ရေးနှင့်ပတ်သက်၍ မြန်မာနိုင်ငံရှိ ဈေးကွက်တွင်း ဦးဆောင်နေသူများပင်လျှင် ACGS စံချိန်စံညွှန်းများကို မမီကြောင်းဖော်ပြနေသည်။ အခြားကဏ္ဍများတွင် စွမ်းဆောင်မှုကောင်းသော ကုမ္ပဏီများအနေဖြင့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်ရန်၊ ရေရှည်တည်တံ့သော စီးပွားရေးကို ထူထောင်ရန် ဤအပိုင်းအား ဦးစားပေးသင့်သည်။

## ဘုတ်အဖွဲ့၏ တာဝန်နှင့် ဝတ္တရားများ (င-၁)

✓ ကုမ္ပဏီ ၉၂ ရာခိုင်နှုန်းက ၎င်းတို့၏ ရည်မှန်းချက် ပန်းတိုင်များကို ထုတ်ဖော်ပြန်ကြားကြသည်။
✓ စစ်တမ်းကောက်ယူခဲ့သော ဘုတ်အဖွဲ့၏ ၉၂ ရာခိုင်နှုန်းသည် ကုမ္ပဏီမဟာဗျူဟာ ရေးဆွဲခြင်းနှင့် သုံးသပ်ခြင်း တို့တွင် ဦးဆောင်အခန်းကဏ္ဍယူထားကြသည်။

✗ ဘုတ်အဖွဲ့ ၂၉ ရာခိုင်နှုန်းတွင်သာ ကော်ပိုရိတ်မဟာဗျူဟာကို သုံးသပ်၊ လေ့လာစောင့်ကြည့်၊ ကြီးကြပ်သည့် လုပ်ငန်းစဉ်ရှိသည်။
✗ ကုမ္ပဏီ ၂၅ ရာခိုင်နှုန်းကသာ ၎င်းတို့ ဘုတ်အဖွဲ့ဝင်ဒါရိုက်တာများ၏ အခန်းကဏ္ဍနှင့် တာဝန်ကို ဖော်ပြကြသည်။
✗ ကုမ္ပဏီ ၈ ရာခိုင်နှုန်းကသာ ဘုတ်အဖွဲ့၏ အတည်ပြုချက်လိုသော ဆုံးဖြတ်ချက်အမျိုးအစားများကို ရှင်းလင်းတင်ပြကြသည်။
✗ ကုမ္ပဏီ ၄ ရာခိုင်နှုန်းကသာ ၎င်းတို့၏ ကော်ပိုရိတ် စီမံအုပ်ချုပ်မှုမူဝါဒကို ထုတ်ဖော်ပြန်ကြားကြသည်။

## ဘုတ်အဖွဲ့ ဖွဲ့စည်းပုံ (င-၂)

✓ ကုမ္ပဏီ ၈၃ ရာခိုင်နှုန်းတွင် စာရင်းစစ်ကော်မတီရှိကြသည်။

- ✗ စစ်တမ်းကောက်ခံခဲ့သည့် ကုမ္ပဏီ ၅၀ ရာခိုင်နှုန်းတွင် လစာခံစားခွင့်ဆုံးဖြတ်သည့် ကော်မတီရှိသော်လည်း စစ်တမ်းကောက်ခံခဲ့သည့် ကုမ္ပဏီများအနက် ၈ ရာခိုင်နှုန်းတွင်သာ သီးခြားလွတ်လပ်သော ဒါရိုက်တာအများစု ပါဝင်သည့် လစာခံစားခွင့်ဆုံးဖြတ်သော ကော်မတီရှိသည်။ ကုမ္ပဏီတစ်ခုတည်းသာ လစာခံစားခွင့် ဆုံးဖြတ်သည့် ကုမ္ပဏီ၏ လုပ်ပိုင်ခွင့်နှင့် တာဝန်များကို ထုတ်ဖော်ပြန်ကြားသည်။ ကုမ္ပဏီတစ်ခု၏ လစာခံစားခွင့် ဆုံးဖြတ်သည့် ကော်မတီတစ်ခုတည်းကသာ တစ်နှစ်တွင် နှစ်ကြိမ်တွေ့ဆုံပြီး အဖွဲ့ဝင်များ အစည်းအဝေး တက်ရောက်မှု စာရင်းကို ထုတ်ပြန်သည်။
- ✗ စစ်တမ်းကောက်ခံခဲ့သည့် ကုမ္ပဏီ ၄၆ ရာခိုင်နှုန်းတွင် ရွေးချယ်တင်မြှောက်ရေးကော်မတီရှိသော်လည်း စစ်တမ်းကောက်ခံခဲ့သည့် ကုမ္ပဏီများအနက် ၈ ရာခိုင်နှုန်းတွင်သာ သီးခြားလွတ်လပ်သော ဒါရိုက်တာ အများစုပါဝင်သည့် ရွေးချယ်တင်မြှောက်ရေးကော်မတီရှိသည်။ ကုမ္ပဏီတစ်ခုကသာ ရွေးချယ်တင်မြှောက်ရေးကော်မတီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ထုတ်ဖော်ပြန်ကြားကြသည်။ ရွေးချယ်တင်မြှောက်ရေး ကော်မတီတစ်ခုကသာ တစ်နှစ်အတွင်း နှစ်ကြိမ်တွေ့ဆုံပြီး အဖွဲ့ဝင်များ တက်ရောက်မှုကို ထုတ်ဖော်ကြေငြာသည်။
- ✗ ကုမ္ပဏီ ၃၃ ရာခိုင်နှုန်းက ၎င်းတို့၏ ဝန်ထမ်းကျင့်ဝတ်များကို ထုတ်ပြန်ထားကြပြီး ၎င်းတို့အနက် ၃၃ ရာခိုင်နှုန်း က ဒါရိုက်တာများ ထိုစည်းကျင့်ဝတ်များကို လိုက်နာစေရန် မျှော်မှန်းကြပြီး ၃၈ ရာခိုင်နှုန်းက စည်းမျဉ်းများနှင့် လိုက်နာမှုကို စောင့်ကြည့်လေ့လာမည့် လုပ်ငန်းစဉ်ရှိကြသည်။
- ✗ စာရင်းစစ်ကော်မတီများကို ကြီးမှူးသော ဒါရိုက်တာများ၏ ၂၉ ရာခိုင်နှုန်းက သီးခြားလွတ်လပ်ကြသည်။ စာရင်းစစ်ကော်မတီ ၂၅ ရာခိုင်နှုန်းကို သီးခြားလွတ်လပ်သော ဒါရိုက်တာများ အများစုဖြင့် ဖွဲ့စည်းထားသည်။ မည်သည့် စာရင်းစစ်ကော်မတီမျှ တစ်နှစ်တွင် လေးကြိမ်တွေ့ဆုံခြင်းမရှိကြပါ။ စာရင်းစစ်ကော်မတီများ ၏ ၄၂ ရာခိုင်နှုန်းခန့်က ပြင်ပ စာရင်းစစ်များ ခန့်အပ်ခြင်း၊ ထုတ်ပယ်ခြင်းတို့နှင့် ပတ်သက်သော အဓိကတာဝန် ရှိသည်။
- ✗ ကုမ္ပဏီ ၈ ရာခိုင်နှုန်းက ၎င်းတို့၏ ဒါရိုက်တာများ တပြိုင်တည်း ထမ်းဆောင်နိုင်သည့် ဒါရိုက်တာတာဝန် အရေအတွက်ကို ကန့်သတ်ထားကြသည်။
- ✗ မည်သည့်ကုမ္ပဏီမှ ဘုတ်အဖွဲ့ဝင် ၅၀ ရာခိုင်နှုန်း ကျော်သော သီးခြားလွတ်လပ်သော ဒါရိုက်တာ အနည်းဆုံးသုံးဦး ရှိသည့်ဘုတ်အဖွဲ့ မရှိကြပေ။
- ✗ မည်သည့်ကုမ္ပဏီမှ သီးခြားလွတ်လပ်သော ဒါရိုက်တာများ၏ တာဝန်ထမ်းဆောင်သည့်သက်တမ်းကို ကိုးနှစ် ဟု သတ်မှတ်ထားခြင်း မရှိပေ။

## ဘုတ်အဖွဲ့လုပ်ငန်းစဉ်များ (င-၃)

- ✓ ဒါရိုက်တာအားလုံး သုံးနှစ်တစ်ကြိမ် ပြန်လည်ရွေးကောက်ခံရသည်။
- ✓ ကုမ္ပဏီ ၉၂ ရာခိုင်နှုန်းတွင် ရုံးတွင်းစာရင်းစစ်မှုရှိသည်။

- ✗ သုံးသပ်လေ့လာခဲ့သည့် ကုမ္ပဏီ ၅၀ ရာခိုင်နှုန်းက နှစ်ပတ်လည်အစည်းအဝေးများတွင် ဘုတ်အဖွဲ့ဝင်များ၏ လစာခံစားခွင့်ကို အတည်ပြုပေးသည်။
- ✗ စစ်တမ်းကောက်ခံခဲ့သည့် ကုမ္ပဏီ ၅၀ ရာခိုင်နှုန်းတွင် ကော်ပိုရိတ်အတွင်းရေးမှူးများရှိကြသည်။ ပျမ်းမျှအနေဖြင့် ကော်ပိုရိတ်အတွင်းရေးမှူး ရှိသော ကုမ္ပဏီများ (၃၅ ရာခိုင်နှုန်း) သည် မရှိသော ကုမ္ပဏီများ (၂၆ ရာခိုင်နှုန်း) ထက် စွမ်းဆောင်မှု ပိုကောင်းကြသည်။
- ✗ ကုမ္ပဏီ ၃၈ ရာခိုင်နှုန်းက ဒါရိုက်တာအသစ်များ ရွေးချယ်ခန့်အပ်သည့် လုပ်ငန်းစဉ်ကို ရှင်းပြကြသည်။
- ✗ ကုမ္ပဏီ ၂၅ ရာခိုင်နှုန်းတွင် ဘုတ်အဖွဲ့အစည်းဝေးများ၌ ဒါရိုက်တာတစ်ဦးချင်းစီ တက်သည့်နှုန်း ၇၅ ရာခိုင်နှုန်း ရှိသည်။ ဘုတ်အဖွဲ့ဝင်များ ပါဝင်မှုနှုန်းပိုမြင့်သော ကုမ္ပဏီများသည် ရမှတ် ပိုမိုမြင့်မားကြသည်။ ဝီရိယရှိသော ဘုတ်အဖွဲ့ရှိသည့် ကုမ္ပဏီတစ်ခုသည် ပျမ်းမျှအနေဖြင့် ရမှတ် ၃၈ ရာခိုင်နှုန်းရှိသည် သို့မဟုတ် ပါဝင်မှု ပိုနည်းသော ဘုတ်အဖွဲ့များရှိသည့် အခြားကုမ္ပဏီများထက် ရမှတ် ၁၀ ရာခိုင်နှုန်း ပိုများသည်။
- ✗ ကုမ္ပဏီ ၁၇ ရာခိုင်နှုန်းကသာ ဆုံးရှုံးနိုင်ချေစီမံခန့်ခွဲမှုမူဘောင် ရေးဆွဲထားကြသည်။
- ✗ ကုမ္ပဏီ ၄ ရာခိုင်နှုန်းတည်းသာ ဒါရိုက်တာအသစ်များရွေးချယ်ရာတွင် အသုံးပြုသည့် စံသတ်မှတ်ချက်များကို ထုတ်ဖော်ပြန်ကြားကြသည်။
- ✗ မည်သည့်ကုမ္ပဏီမှ ၎င်းတို့၏ သိသာထင်ရှားသော ဆုံးရှုံးနိုင်ချေစီမံခန့်ခွဲမှုကို ထုတ်ဖော်ပြန်ကြားခြင်း မရှိကြပေ။

## ဘုတ်အဖွဲ့တွင် ပါဝင်သူများ (င-၄)

✓ ဘုတ်အဖွဲ့ ၇၉ ရာခိုင်နှုန်းတွင် ကုမ္ပဏီလုပ်ငန်းဆောင်ရွက်သည့် အဓိကအပိုင်းတွင် အတွေ့အကြုံရှိထားပြီးသား အမှုဆောင်မဟုတ်သည့် ဒါရိုက်တာ အနည်းဆုံး တစ်ဦးရှိသည်။
✓ ကုမ္ပဏီ ၇၅ ရာခိုင်နှုန်းတွင် ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ်တို့၏ အခန်းကဏ္ဍများကို သီးခြားခွဲထားသည်။

✗ ကုမ္ပဏီ ၂၁ ရာခိုင်နှုန်းကသာ ဥက္ကဋ္ဌ၏ အခန်းကဏ္ဍနှင့် တာဝန်များကို ထုတ်ဖော်ပြန်ကြားသည်။
✗ ဘုတ်အဖွဲ့တစ်ဖွဲ့သာ သီးခြားလွတ်လပ်သော ဒါရိုက်တာက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး စိတ်စားဖွယ်ရာမှာ ထိုကုမ္ပဏီသည် ပုဂ္ဂလိက ကုမ္ပဏီဖြစ်သည်။

## ဘုတ်အဖွဲ့၏ စွမ်းဆောင်မှု (င-၅)

✗ ကုမ္ပဏီ ၂၁ ရာခိုင်နှုန်းကသာ အမှုဆောင်အရာရှိချုပ်/စီမံအုပ်ချုပ်ရေး ဒါရိုက်တာ/ဥက္ကဋ္ဌတို့၏ စွမ်းဆောင်မှုကို တစ်နှစ်တစ်ကြိမ် အကဲဖြတ်သည်။
✗ ကုမ္ပဏီ ၄ ရာခိုင်နှုန်းတွင်သာ အမှုဆောင်အရာရှိချုပ်/စီမံအုပ်ချုပ်ရေး ဒါရိုက်တာ/ဥက္ကဋ္ဌ နှင့်အခြား ထိပ်တန်းအမှုဆောင်များနေရာများ အတွက် တာဝန်ဆက်ခံရေးစီမံကိန်းရှိကြသည်။
✗ ကုမ္ပဏီ ၄ ရာခိုင်နှုန်းကသာ ဘုတ်အဖွဲ့၏ စွမ်းဆောင်မှုကို အကဲဖြတ်ကြသည်။

**ဘုတ်အဖွဲ့၏ တာဝန်များကို သေချာစွာ လေ့လာစောင့်ကြည့်မှုမရှိကြောင်း လက်ရှိရမှတ်များက ညွှန်ပြနေသည်။ မြန်မာကုမ္ပဏီများအနေဖြင့် ဥက္ကဋ္ဌ၏ အခန်းကဏ္ဍ၊ ဘုတ်အဖွဲ့ ဖွဲ့စည်းမှု၊ ဖွဲ့စည်းပုံနှင့် ဦးဆောင်မှု အပါအဝင် ကုမ္ပဏီအား ကြီးကြပ်မှုနှင့် ထိန်းချုပ်မှုအပိုင်းရှိ အခန်းကဏ္ဍစသည့် ဘုတ်အဖွဲ့၏ တာဝန်များအနက် အဓိကကျသော အပိုင်းများကို ပိုမိုတိုးတက်အောင် ဆောင်ရွက်ရပေမည်။**

# အကြံပြုချက်များ

ကော်ပိုရိတ်စီမံအုပ်ချုပ်မှုအလေ့အထများသည် မြန်မာနိုင်ငံတွင် အခြေတည်စအဆင့်သာရှိသေးပြီး ဈေးကွက်တွင် ပါဝင်သူများအနေဖြင့် ရှင်းလင်းသော လမ်းညွှန်ချက်များ လိုအပ်ပေသည်။ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုကို ပိုမိုကောင်းမွန်စေခြင်းသည် မြန်မာ့စီးပွားရေးကို ယှဉ်ပြိုင်နိုင်စွမ်းရှိပြီး ရေရှည်တည်တံ့ခိုင်မြဲအောင် ဆောင်ရွက်ရာတွင် ဦးစားပေးရမည့် အချက်တစ်ခုအဖြစ် တွေ့ရသည်။ "စီးပွားရေး လုပ်ကိုင်ရာတွင် ကုန်ကျစရိတ်သက်သာသော၊ ရင်းနှီးမြှုပ်နှံသူ၏ ယုံကြည်မှုကို မြှင့်တင်ပေးသော၊ စွမ်းဆောင်ရည်မြင့်မားသော၊ အာမခံချက်ရှိပြီး လုပ်သာကိုင်သာရှိသည့် ရင်းနှီးမြှုပ်နှံမှု ဝန်းကျင်တစ်ရပ် ပေါ်ပေါက်ရေး" ဆိုသည့် မဟာဗျူဟာ ရည်မှန်းချက်တစ်ခုပါဝင်သော ၂၀၁၈-၂၀၃၀ အတွက် မြန်မာနိုင်ငံ ရေရှည်တည်တံ့ ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းအား မြန်မာအစိုးရက ထုတ်ပြန်ခဲ့သည်။ မြန်မာနိုင်ငံအစိုးရက "*ရှင်းလင်းသော ဥပဒေ၊ နည်းဥပဒေများအပြင် ကောင်းမွန်အားသာကာ ကြိုတင်ခန့်မှန်းနိုင်ပြီး အဆင်ပြေအောင် ထောက်ပံ့ပေး၍ အန္တရာယ်ကင်းသော ရင်းနှီးမြှုပ်နှံမှု အခြေအနေတစ်ရပ်ကို ကျယ်ပြန့်စွာ ဖန်တီးပေးရန် အရေးကြီးသည်*" ဟု ဖော်ပြခဲ့သည်။ အထူးသဖြင့် ရေရှည်တည်တံ့ခိုင်မြဲရေး မဟာဗျူဟာက ကော်ပိုရိတ်စီမံအုပ်ချုပ်မှု အလေ့အထများ ပိုမိုကောင်းမွန်စေခြင်းသည် သက်ဆိုင်ရာ လုပ်ငန်းစီမံကိန်းများ ဆောင်ရွက်ကျင့်သုံးခြင်းဖြင့် မြန်မာနိုင်ငံရှိ စီးပွားရေးဝန်းကျင်ကို ပိုမိုကောင်းမွန်စေရန် ကြိုးပမ်းမှုများ၏ တစ်စိတ်တစ်ဒေသဖြစ်သင့်သည်ဟု ဖော်ပြထားသည်။ ထိုလုပ်ငန်းစီမံကိန်းများမှာ "*(နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများအတွက် အပါအဝင်) ကော်ပိုရိတ် စီမံအုပ်ချုပ်မှုကို ပိုမိုကောင်းမွန် အသက်ဝင်စေခြင်း၊ ထုတ်ဖော်ကြေငြာမှုဆိုင်ရာ စည်းမျဉ်းများကို အားကောင်းစေခြင်း၊ စာရင်းစစ်နှင့် စာရင်းကိုင် စံချိန်စံညွှန်းများကို ပိုမိုကောင်းမွန်စေခြင်း၊ ပိုမိုပွင့်လင်းမြင်သာပြီး ကျင့်ဝတ်နှင့်ညီသော ကော်ပိုရိတ်အလေ့အထများကို အားပေးရန် စည်းမျဉ်းထိန်းချုပ်ရေးနှင့် ဥပဒေတင်းကြပ်ရေးလုပ်ငန်းများကို စတင်အကောင်အထည်ဖော်ခြင်း*" တို့ဖြစ်သည်။

ထိုကြိုးပမ်းအားထုတ်မှုများ ပြုလုပ်ရာတွင် ဥပဒေပြုသူများ၊ စည်းမျဉ်းထိန်းချုပ်သူများ၊ စတော့အိပ်ချိန်းနှင့် ကုမ္ပဏီများကြား ကော်ပိုရိတ်စီမံအုပ်ချုပ်မှု လမ်းပြမြေပုံရေးဆွဲခြင်းဖြင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပေမည်။ ဤအဆိုပြု လမ်းပြမြေပုံသည် မဟာဗျူဟာ ဦးစားပေးလုပ်ငန်းများကိုလည်း ဖော်ထုတ်ပေးပြီး စံပြကော်ပိုရိတ်စွမ်းဆောင်မှုကို ပျိုးထောင်ရန်၊ မြန်မာအလေ့အထများကို နိုင်ငံတကာ ကော်ပိုရိတ်စီမံအုပ်ချုပ်မှု စံချိန်စံညွှန်းများနှင့် ကိုက်ညီစေရန်၊ တရားမျှတမှု၊ တာဝန်ခံမှု၊ ပွင့်လင်းမြင်သာမှုတို့ ပိုမိုတောင်းဆိုလာသော ဒေသတွင်းနှင့် နိုင်ငံတကာဈေးကွက်များတွင် ရင်းနှီးမတည်ငွေ အပြိုင်ရှာဖွေကြသည့်အခါ မြန်မာကုမ္ပဏီများ၏ ယှဉ်ပြိုင်နိုင်စွမ်းကို ပိုမိုကောင်းမွန်စေရန်တို့အတွက် ဆောင်ရွက်ရမည့်လုပ်ငန်းများကို အကြံပြုပေးနိုင်သည်။

အကဲဖြတ်လေ့လာမှု ရလဒ်များက မြန်မာကုမ္ပဏီများ၏ ကော်ပိုရိတ်စီမံအုပ်ချုပ်မှု အလေ့အထများနှင့် အာဆီယံနှင့် တစ်ကမ္ဘာလုံးက လက်ခံထားသော စံချိန်စံညွှန်းများကြား သိသာသော ကွာဟချက်ကို မီးမောင်းထိုးပြနေသည်။ အစီရင်ခံစာတွင် အလျှင်အမြန်တိုးတက်အောင် ဆောင်ရွက်နိုင်သည့် အပိုင်းအချို့အပြင် အစိုးရအဖွဲ့အစည်းများနှင့် မြန်မာနိုင်ငံ ဒါရိုက်တာများ အင်စတီကျု (MIoD)၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်စက်မှု အသင်းချုပ် (UMFCCI) နှင့် အခြား အစိုးရ မဟုတ်သော အဖွဲ့အစည်းများစသည့် မြန်မာနှင့် နိုင်ငံတကာအဖွဲ့အစည်းများကြား ပူးပေါင်းဆောင်ရွက်မှု လိုအပ်သည့် ရေရှည်လုပ်ငန်းများကိုလည်း ဖော်ထုတ်တင်ပြထားသည်။ ဤသုံးသပ်ချက်သည် ကုမ္ပဏီများ၊ ကုန်သည်ကြီးများအသင်း၊အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အခြားဈေးကွက်တွင်း ပါဝင်သူများမှ ကောင်းမွန်သော ကော်ပိုရိတ်စီမံအုပ်ချုပ်မှုမှ အကျိုးခံစားခွင့်ရနိုင်သူများ(သို့)စိတ်ဝင်စားသူများနှင့်ကောင်းမွန်သောစီမံအုပ်ချုပ်မှုအလေ့အကျင့်များအတွက်လေးနက်သောသင်တန်းများကို ပါဝင်ပတ်သက်သူများအားလုံး တက်ရောက်ခြင်းတို့ကို ကျယ်ကျယ်ပြန့်ပြန့် မြှင့်တင်ပေးရန် အကြံပြုပါသည်။

## အသေးစိတ်အကြံပြုချက်များ
## ဥပဒေဆိုင်ရာနှင့် စည်းမျဉ်းထိန်းချုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး

- မြန်မာကုမ္ပဏီအားလုံး အထူးသဖြင့် ကော်ပိုရိတ်စီမံအုပ်ချုပ်မှုနှင့် ပတ်သက်သော ကုမ္ပဏီများဥပဒေကို လိုက်နာကြစေရေး ဆောင်ရွက်ရန်၊
- သက်ဆိုင်သော ဆက်စပ်ပတ်သက်သူအားလုံး၊ အထူးသဖြင့် ပုဂ္ဂလိကကဏ္ဍနှင့် ပူးပေါင်း၍ အောက်ပါတို့ ပါဝင်သော မြန်မာနိုင်ငံ ကော်ပိုရိတ် စီမံအုပ်ချုပ်မှု စည်းမျဉ်းကို စတင်ရေးဆွဲရန်။
    - o အကျိုးဆက်စပ်သူများအား ဘုတ်အဖွဲ့ဝင်များအတွက် သီးခြားလွတ်လပ်မှုအကြောင်း ရှင်းလင်းသော အဓိပ္ပာယ်ဖွင့်ဆိုချက်ပေးခြင်းနှင့် စတော့အိတ်ချိန်းစာရင်းဝင်နှင့် အများပိုင်ကုမ္ပဏီများ ဤလိုအပ်ချက်နှင့် ကိုက်ညီစေအောင် ဆောင်ရွက်ခြင်း။
    - o ကုမ္ပဏီများအား နိုင်ငံတကာ စံချိန်စံညွှန်းများ၊ ကုမ္ပဏီများဥပဒေပါ လိုအပ်ချက်များနှင့်အညီ အလေ့အထကောင်းများကို လက်ခံကျင့်သုံးရန် တိုက်တွန်းအားပေးခြင်း။
    - o "လိုက်နာ သို့မဟုတ် ရှင်းလင်း" ချဉ်းကပ်မှုပုံစံကို အားပေးရန်။ ကုမ္ပဏီများအနေဖြင့် စည်းမျဉ်းကို မလိုက်နာနိုင်ပါက အဘယ်ကြောင့်ဆိုသည်ကို ရှင်းလင်းတင်ပြသင့်သည်။

- ယုံကြည်စိတ်ချရသည့် ဥပဒေအာဏာတည်စေရေး စွမ်းရည်များရှိစေရန် ကော်ပိုရိတ် စီမံအုပ်ချုပ်မှု စောင့်ကြည့်လေ့လာရေးနှင့် အကျိုးသက်ရောက်ရေး လုပ်ပိုင်ခွင့်အာဏာများ၊ အာဏာပိုင်များနှင့် ပြစ်ဒဏ်များကို ပိုမိုကောင်းမွန်စေပြီး ရှင်းလင်းစေရန်။ စည်းမျဉ်းထိန်းကြောင်းသူများသည် ကော်ပိုရိတ်စီမံအုပ်ချုပ်မှုကို ထိရောက်မြင်သာစွာ စောင့်ကြည့်လေ့လာရန်နှင့် ဥပဒေ၊ စည်းမျဉ်းဆိုင်ရာ လိုအပ်ချက်များကို ကြီးကြပ်မှုပေးရန် လုပ်ပိုင်ခွင့်အာဏာများ၊ အာဏာပိုင်များနှင့် လုံလောက်သော ပြစ်ဒဏ်များ နားလည်ပြီး ရှိထားရန် လိုအပ်သည်။ စည်းမျဉ်းထိန်းကြောင်းသူများသည် အခြားနယ်ပယ်များတွင် ဆောင်ရွက်နေသည့် လက်ရှိဥပဒေတင်းကြပ်ရေးလုပ်ငန်းများကို ပိုမို နားလည်သဘောပေါက်ရန် လိုအပ်သည်။

- စည်းမျဉ်းထိန်းကြောင်းကြီးကြပ်ရေးအဖွဲ့များကြား ကော်ပိုရိတ်စီမံအုပ်ချုပ်မှုအကြောင်း အသိပညာ ပိုမိုခိုင်မာ အားကောင်းစေရန်နှင့် ကော်ပိုရိတ်အစီရင်ခံမှုနှင့် ကော်ပိုရိတ်စီမံအုပ်ချုပ်မှု လိုအပ်ချက်များ အာဏာတည်စေရေးအတွက် ထိရောက်မြင်သာစွာ ဆောင်ရွက်ရေးနှင့် ကော်ပိုရိတ်စီမံအုပ်ချုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးနှင့်ဆိုင်သော ခေါင်းဆောင်မှုကို ထောက်ပံ့ပေးရေးအတွက် SECM၊ DICA နှင့် YSX တို့တွင် လုံလောက်သော ရင်းမြစ်များ ရှိစေရေး ဆောင်ရွက်ရန်။

- လွန်ခဲ့သည့်နှစ်နှင့် ကြိုတင်မြင်နိုင်သည့် အနာဂတ်အတွက် (ဘဏ္ဍာရေးနှင့်ဆိုင်သော၊ မဆိုင်သော) ကုမ္ပဏီလုပ်ငန်းများ၊ စွမ်းဆောင်မှုဆိုင်ရာ သတင်းအချက်အလက်များပေးသည့် စာတမ်းတစ်ခုပုံစံဖြင့် ဘက်စုံ ပြည့်စုံသော နှစ်ပတ်လည် အစီရင်ခံစာပြုစုခြင်း နှင့် ပေးအပ်ခြင်းကို ဥပဒေဖြင့် ပြဋ္ဌာန်းရန်။ နှစ်ပတ်လည် အစီရင်ခံစာကို အစုရှယ်ယာပိုင်ရှင်အားလုံး အားပေးသင့်ပြီး ပြည်သူလူထု ရယူနိုင်ရန် ကုမ္ပဏီဝက်ဘ်ဆိုက်ပေါ် တင်ထားသင့်သည်။

- ရင်းနှီးမြှုပ်နှံသူများနှင့် အစုရှယ်ယာပိုင်ဆိုင်သူများအား ယုံကြည်စိတ်ချရသည့် သတင်းအချက်အလက်များ ပေးအပ်ရေးအတွက် ပိုမိုကောင်းမွန်သော ဘဏ္ဍာရေး အစီရင်ခံမှုနှင့် နိုင်ငံတကာ စာရင်းစစ်စံချိန် စံညွှန်းနှင့် ကိုက်ညီမှုတို့ကို ဖော်ဆောင်ရန်။ ဤအချက်ကို ကမ္ဘာ့ဘဏ်က နောက်ဆုံးထုတ်ပြန်သည့် *စံချိန်စံညွှန်းများနှင့် စည်းမျဉ်းများအား လိုက်နာကျင့်သုံးမှုဆိုင်ရာ အစီရင်ခံစာ*တွင် အကြံပြုထားသည်။[10] ဤအကြံပြုချက်ကို အကောင်အထည်ဖော်ရေးအတွက် စည်းမျဉ်းထိန်းချုပ်သူများသည် မြန်မာနိုင်ငံ စာရင်းကောင်စီ၊ ပြည်သူ့စာရင်းကိုင်များအသင်းတို့နှင့် ပူးပေါင်းဆောင်ရွက်သင့်သည်။

- စျေးကွက်အတွင်း စွမ်းဆောင်မှုအကောင်းဆုံးသူများအား ဆုပေးပြီး စွမ်းဆောင်မှု အဆိုးဆုံးသူများအား ဒဏ်ပေးမည့် ဆန်းသစ်သည့် မက်လုံးပေး စနစ်တစ်ရပ် ဖန်တီးရန်။ ဥပမာ YSX နှင့် SECM လွန်ခဲ့သည့် ဘဏ္ဍာနှစ်အတွင်း ထုတ်ဝေသည့် အကောင်းဆုံး နှစ်ပတ်လည် အစီရင်ခံစာ သို့မဟုတ် ကျင်းပခဲ့သည့် အကောင်းဆုံး နှစ်ပတ်လည်အစည်းအဝေးများကို ဆုပေးရန်နှင့် သက်ဆိုင်ရာ ဝက်ဘ်ဆိုက်များပေါ်တွင် နောက်ကျကျန်ခဲ့သူများစာရင်းကို ထုတ်ဖော်ကြေငြာရန် စဉ်းစားနိုင်သည်။

- မြန်မာနိုင်ငံရှိ ကော်ပိုရိတ် စီမံအုပ်ချုပ်မှုအကြောင်း ဗဟုသုတကို (ဒါရိုက်တာများ၊ အစုရှယ်ယာပိုင်ရှင်များနှင့် စီမံခန့်ခွဲရေးစသည့်) ကော်ပိုရိတ်စီမံအုပ်ချုပ်မှုတွင် အဓိကအရေးပါသူများတွင်သာမကဘဲ (မီဒီယာ၊ စာရင်းစစ် များ၊ အကျိုးသက်ဆိုင်သူ အုပ်စုများစသည့်) အခြား လွှမ်းမိုးနိုင်သူများထံတွင်ပါ ပိုမို တိုးတက်လာအောင် ဆောင်ရွက်သင့်သည်။ အထူးသဖြင့် ကော်ပိုရိတ် စီမံအုပ်ချုပ်မှုကိစ္စများ ထွက်ပေါ်လာသည်အခါ သင့်တော်စွာ မှတ်ချက်ပေးနိုင်ရန်အတွက် မီဒီယာများအား သင်တန်းပေးရန် အကြံပြုအပ်သည်။ အစုရှယ်ယာပိုင်ရှင်များသည် ၎င်းတို့၏ သာမန်နှင့် မျှော်မှန်းအခွင့်အရေးများကို ပိုမိုသဘောပေါက်နားလည်ပြီး ယင်းအခွင့်အရေးများကို ထိရောက်စွာ အသုံးချနိုင်လာမည်။

# ပုဂ္ဂလိက ကဏ္ဍ/ ကုမ္ပဏီ ဖွံ့ဖြိုးတိုးတက်ရေး

- မှတ်ပုံတင်ထားသည့် မြန်မာကုမ္ပဏီများအားလုံးသည် ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းများကို အလေ့အထကောင်းများ၊ ရှယ်ယာပိုင်ဆိုင်သူများနှင့် အကျိုးသက်ဆိုင်သူများ၏ အကျိုးစီးပွားတို့နှင့် ကိုက်ညီစေရေးအတွက် ပြင်ဆင်မွမ်းမံရန် ကုမ္ပဏီများ ဥပဒေကပေးသည့် အခွင့်အရေးကို ဆုပ်ကိုင်ရယူသင့်သည်။

- ကုမ္ပဏီများသည် အရည်အသွေးပြည့်သော ကုမ္ပဏီကော်ပိုရိတ်စီမံအုပ်ချုပ်မှု မူဘောင်များ၊ မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများကို ရေးဆွဲထုတ်ပြန်သင့်သည်။ ဥပမာ ကုမ္ပဏီများအနေဖြင့် ကောင်းမွန်သော ကော်ပိုရိတ် စီမံအုပ်ချုပ်မှု ဘုတ်အဖွဲ့ မူဝါဒ/ပြဋ္ဌာန်းချက်များကို ထုတ်ဖော်ကြေငြာရန် အလွန်အရေးကြီးသည်။ ဤအကဲဖြတ်လေ့လာမှုတွင် ကုမ္ပဏီတစ်ခုတည်းကသာ ၎င်း၏ ဝက်ဘ်ဆိုက်ပေါ်တွင် ဘုတ်အဖွဲ့ပြဋ္ဌာန်းချက်များကို ထုတ်ပြန်ထားသည်။ ကုမ္ပဏီများသည် ကော်ပိုရိတ်စီမံအုပ်ချုပ်မှုနှင့် ဝန်ထမ်းများ၊ စီမံခန့်ခွဲရေး၊ ဒါရိုက်တာအဖွဲ့တို့နှင့်ဆိုင်သော လုပ်ငန်းဆောင်ရွက်မှုကျင့်ဝတ်များအတွက် ကုမ္ပဏီ၏ သန္နိဋ္ဌာန်ကို ဖော်ပြထားသည့် ကုမ္ပဏီ ကော်ပိုရိတ် စီမံအုပ်ချုပ်မှုစည်းမျဉ်းကိုလည်း ရေးဆွဲထုတ်ပြန်သင့်သည်။

10 *စံချိန်စံညွှန်းများနှင့် စည်းမျဉ်းများအား လိုက်နာကျင့်သုံးမှုဆိုင်ရာ အစီရင်ခံစာ၊ စာရင်းကိုင်နှင့် စာရင်းစစ်အပိုင်း၊ မြန်မာ၊ ကမ္ဘာ့ဘဏ်အုပ်စု၊ ကိုရီးယား မဟာဗျူဟာနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဖွန် ၂၀၁၇။*

- ကုမ္ပဏီများအနေဖြင့် ၎င်းတို့၏ စွမ်းဆောင်ရည်များကို ရုံးတွင်းတွင်သာမက ပညာရပ်ဆိုင်ရာကျွမ်းကျင်သော အကြံပေးပုဂ္ဂိုလ်များ အကူအညီဖြင့် တည်ဆောက်ပေးသင့်သည်။ ဒါရိုက်တာများသည် ၎င်းတို့၏ အခန်းကဏ္ဍနှင့် တာဝန်များကို သိရှိကာ အရည်အသွေး ပြည့်ဝသော ဘုတ်အဖွဲ့မူဝါဒများနှင့် အလေ့အထများကို ဖော်ထုတ်အသုံးချနိုင်သင့်သည်။ သင်တန်းအစီအစဉ်များ ဖော်ဆောင်ရာတွင် ကုန်သည်ကြီးများအသင်း/ စီးပွားရေးအသင်းအဖွဲ့များ၊ MIoD ကဲ့သို့ အစိုးရမဟုတ်သော အဖွဲ့အစည်းများအတွက် အခွင့်အလမ်းများစွာ ရှိသည်။

- အရည်အသွေးပြည့်ဝသော ကော်ပိုရိတ်စီမံအုပ်ချုပ်မှုနှင့် ဘုတ်အဖွဲ့အလေ့အထများအား ပံ့ပိုးပေးနိုင်သည့် ကုမ္ပဏီအတွင်းရေးမှူး၏ အခန်းကဏ္ဍကို နားလည်သိရှိစေရန်။

- ကုမ္ပဏီများသည် ထိရောက်သော ကော်ပိုရိတ် ပြန်ကြားဆက်သွယ်မှုကို ထိန်းသိမ်းကာ ဆက်စပ်ပတ်သက်သူ များအား အသုံးဝင်ပြီး တိကျမှန်ကန်ကာ အဓိပ္ပာယ်ပြည့်ဝသည့် သတင်းအချက်အလက်များ ပေးအပ်သင့် သည်။ ၎င်းတို့တွင် အနည်းဆုံး အောက်ပါတို့ ပါဝင်သင့်သည်။

  - o အစုရှယ်ယာပိုင်ရှင်များ၊ ရင်းနှီးမြှုပ်နှံသူများ၊ အကျိုးဆက်စပ်သူများနှင့် ဆက်ဆံရေးကို စီမံခန့်ခွဲရန်အတွက် အဓိက ဆက်သွယ်ရမည့်သူကို သတ်မှတ်ထားရန်။
  - o ရှယ်ယာပိုင်ဆိုင်သူများ၊ အထူးသဖြင့် ရှယ်ယာအနည်းစုပိုင်ဆိုင်သူများအားပါဝင်နိုင်မှုအတိုင်းအတာကိုပိုမိုနားလည်မှုရှိစေရေးနှင့် အချက်အလက်သိရှိပြီး ဆုံးဖြတ်ချက်ချမှတ်နိုင်ရေးကို ပံ့ပိုးပေးရန် သတင်းအချက်အလက် ထုတ်ဖော်ပြန်ကြားရေးအတွက် နှစ်ပတ်လည်အစည်းအဝေး ပုံစံကို ပိုမိုကောင်းမွန်အောင်ဆောင်ရွက်ရန်။
  - o ဘဏ္ဍာရေးနှင့်ဆိုင်သော၊ မဆိုင်သော သတင်းအချက်အလက်များ ထုတ်ဖော်ပြန်ကြားမှုကို ပိုမိုကောင်းမွန်စေရန်နှင့် ကော်ပိုရိတ် ထုတ်ဖော်ပြန်ကြားချက်များ အရည်အသွေးနှင့် တသမတ်တည်းဖြစ်မှုကို ထိန်းသိမ်းရန်။
  - o ဝက်ဘ်ဆိုက်များပေါ်တွင် ရှယ်ယာပိုင်ဆိုင်သူများအတွက် အသုံးဝင်သော နှစ်ပတ်လည် အစီရင်ခံစာနှင့် စာရွက်စာတမ်းများကို ထုတ်ဝေပေးထားရန်။ လက်ရှိအချိန်တွင် မြန်မာနိုင်ငံရှိ စတော့အိတ်ချိန်းစာရင်းဝင် ကုမ္ပဏီအချို့သာ YSX ဝက်ဘ်ဆိုက်မှတဆင့် နှစ်ပတ်လည် အစီရင်ခံစာ ကို ထုတ်ပြန်ကြသည်။
  - o အများပြည်သူအတွက် ထုတ်ပြန်သော သတင်းအချက်အလက်များအား အလွယ်တကူရယူနိုင်စေရန်။ ဥပမာအားဖြင့် အဓိက ကျသော စာရွက်စာတမ်းများကို အင်္ဂလိပ်ဘာသာရော မြန်မာဘာသာနှင့်ပါ ရယူနိုင်သင့်သည်။

- ကုမ္ပဏီက ရင်ဆိုင်ရသည့် အဓိကဆုံးရှုံးနိုင်ချေများ၊ ၎င်းတို့အားမည်သို့ လျှော့ချနိုင်ကြောင်းကို ဖော်ထုတ်ရန်၊ ထွက်ပေါ်ရလဒ်များကို မှတ်တမ်းတင်ရန်အတွက် ဆုံးရှုံးနိုင်ချေစီမံခန့်ခွဲရေး စနစ်တစ်ရပ် ခိုင်ခိုင်မာမာ ရေးဆွဲထားရန်။ ရေရှည်တည်တံ့သော စီးပွားရေး စံပုံစံတစ်ခုတည်ဆောက်ရန် သက်ဆိုင်သော အချက်အလက်များရရှိရေးအတွက် ကုမ္ပဏီများအနေဖြင့် ရုံးတွင်းနှင့် ပြင်ပစာရင်းစစ် ရင်းမြစ်များ ပိုမိုအသုံးပြုသင့်သည်။

- လစာခံစားခွင့်ကို ကုမ္ပဏီနှင့် ဆက်စပ်ပတ်သက်သူများ၏ ရေရှည်အကျိုးစီးပွားနှင့် ချိန်ညှိရန်။ ပိုမို စိတ်ချယုံကြည်ရသော အချက် အလက်များ၊ ပိုမိုရှင်းလင်းသော မဟာဗျူဟာ၊ ပိုမိုကောင်းမွန်သော ဆုံးရှုံးနိုင်ချေ စီမံခန့်ခွဲမှုတို့ရှိပါက ကုမ္ပဏီ၏ ရေရှည်တည်တံ့ ခိုင်မြဲမှုကို ပံ့ဖော်ပေးနေသည့် အဓိကကျသူများအား ပိုမို တိုးတက်အောင် ဆောင်ရွက်ရန် ပိုမိုလွယ်ကူပေမည်။ ဘုတ်အဖွဲ့နှင့် ထိပ်တန်း အမှုဆောင်များ၏ လစာခံစားခွင့်သည် ၎င်းတို့၏ စီးပွားရေးစံပုံစံကို တာဝန်သိစွာ ပြုပြင်ပြောင်းလဲနိုင်စွမ်းကို ထင်ဟပ်သင့်သည်။

- မြန်မာကုမ္ပဏီများအနေဖြင့် နိုင်ငံတကာ ဘဏ္ဍာရေးအစီရင်ခံမှု စံချိန်စံညွှန်းများကို အမြန်ဆုံး လိုက်နာသင့်သည်။

- ဘဏ္ဍာရေးနှင့်မသက်ဆိုင်သော ကိစ္စများ အစီရင်ခံမှုအတွက် ကုမ္ပဏီများသည် လက်ရှိတွင် United Nations Global Impact ကို အသုံးပြုနေသော်လည်း ၎င်းတို့အနေဖြင့် ပေါင်းစည်းအစီရင်ခံမှု သို့မဟုတ် ကမ္ဘာ့အစီရင်ခံရေးအစီအစဉ် စသည့် ပိုမိုလိုအပ်ချက် မြင့်မားသော စံချိန်စံညွှန်းကို ပြောင်းလဲ အသုံးပြုသင့်သည်။

# အစိုးရကဏ္ဍ/ အစိုးရပိုင်ကုမ္ပဏီ ဖွံ့ဖြိုးတိုးတက်ရေး

- အစိုးရပိုင်လုပ်ငန်းများ (SOEs) များ၏ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုအလေ့အထများကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ရန်။ ကြီးကြပ်မှုအာဏာရှိသောသူများ၊ကုမ္ပဏီများ၊ ဘုတ်အဖွဲ့ဝင်တစ်ဦးခြင်းစီ နှင့် အလုပ်အမှုဆောင်များအပါအဝင် ကုမ္ပဏီ၏ ဘုတ်အဖွဲ့များ တို့သည် SOEs နှင့် ၄င်း၏ ပြုပြင်ပြောင်းလဲမှုများ၏ စီမံအုပ်ချုပ်မှုနှင့် ထုတ်ဖော်ကြေငြာမှုတို့ကို အကဲဖြတ်သင့်သည်။

- မြန်မာနိုင်ငံအစိုးရအနေဖြင့် အစိုးရပိုင်လုပ်ငန်းများ ကော်ပိုရိတ်စီမံအုပ်ချုပ်မှု ကျင့်ဝတ်စည်းကမ်း ကိုက်ညီစေရေးကို ထိပ်တန်းဦးစားပေးတစ်ရပ်အဖြစ် စဉ်းစားသင့်သည်။

# နောက်ဆက်တွဲများ

## နောက်ဆက်တွဲ က။ ကုမ္ပဏီများစာရင်း

| ကုမ္ပဏီအမည် | ကုမ္ပဏီ အမျိုးအစား |
|---|---|
| Asia World | ပုဂ္ဂလိက |
| City Mart Holding Co. Ltd. | ပုဂ္ဂလိက |
| Dawei Development Public | အများပိုင် |
| Ever Flow River Group of Companies Public | အများပိုင် |
| First Myanmar Investment Co. Ltd. | စတော့အိတ်ချိန်း စာရင်းဝင် |
| First National Insurance Public Co. Ltd. | အများပိုင် |
| First Private Bank | စတော့အိတ်ချိန်း စာရင်းဝင် |
| Good Brother Agriculture Services | အများပိုင် |
| Global Treasure Bank | အများပိုင် |
| Golden Myanmar Airlines | အများပိုင် |
| Grand Guardian Insurance | အများပိုင် |
| Great Hor Kham | အများပိုင် |
| Hantharwaddy Development | အများပိုင် |
| Mandalay Myotha Industrial Development | အများပိုင် |
| Max Myanmar | ပုဂ္ဂလိက |
| Myanmar Agro Exchange | အများပိုင် |
| Myanmar Citizens Bank | စတော့အိတ်ချိန်း စာရင်းဝင် |
| Myanmar Economic Holdings | အများပိုင် |
| Myanmar Forest - JV | အများပိုင် |
| Myanmar Information and Communication | အများပိုင် |
| Myanmar Thilawa SEZ Holdings | စတော့အိတ်ချိန်း စာရင်းဝင် |
| National Development Group | အများပိုင် |
| Shwe Taung Group | ပုဂ္ဂလိက |
| TMH Telecom | စတော့အိတ်ချိန်း စာရင်းဝင် |

# နောက်ဆက်တွဲ ခ။ အမှတ်ပေးဇယား မေးခွန်းလွှာနှင့် ပျမ်းမျှရမှတ်များ

## အပိုင်း က။ အစုရှယ်ယာဝင်များ၏ အခွင့်အရေးများ

### က. ၁။ အစုရှယ်ယာဝင်များ၏ အခြေခံ အခွင့်အရေးများ

| ကုတ်အမှတ် | မေးခွန်း | ပျမ်းမျှရမှတ် |
|---|---|---|
| က. ၁.၁ | အစုအပေါ် ကြားဖြတ်(သို့) နှစ်စဉ် (သို့) အဆုံးသတ်အမြတ်ငွေများကို ရှယ်ယာဝင်များအား ညီညီမျှမျှ နှင့် အချိန်မှန် ခွဲဝေပေးပါသလား။ ဆိုလိုသည်မှာ ရှယ်ယာဝင်အားလုံးအား ညီမျှစွာ ဆက်ဆံပြီး (က) အစုအပေါ် ကြားဖြတ် အမြတ်ငွေခွဲဝေမှုအတွက် ကြေညာခြင်းနှင့် (ခ) အစုအပေါ် အဆုံးသတ်အမြတ်ငွေများ ခွဲဝေပေးခြင်းအတွက် နှစ်စဉ်အထွေထွေအစည်းအဝေး၏ အတည်ပြုချက်ရယူပြီး ရက်ပေါင်း (၃၀) အတွင်း ခွဲဝေပေးခြင်းကို ဆိုလိုသည်။ ကုမ္ပဏီက လက်ရှိပိုင်ဆိုင်သည့် အစုရှယ်ယာအတွက် ထပ်မံ ပေါင်းဖြည့်ပေးသည့် အစုရှယ်ယာ (Scrip dividend) ပေးခဲ့လျှင် ရက်ပေါင်း ၆၀ အတွင်း ပေးပါသလား။ | ၈၃% |

### က. ၂။ ကုမ္ပဏီနှင့် သက်ဆိုင်သော အခြေခံပြောင်းလဲမှုများလုပ်ဆောင်ရန်အတွက် ဆုံးဖြတ်များချမှတ်ရာတွင် ပါဝင်ခွင့်

| ကုတ်အမှတ် | မေးခွန်း | ပျမ်းမျှရမှတ် |
|---|---|---|
| **အောက်ပါကိစ္စရပ်များတွင် ရှယ်ယာဝင်များ ပါဝင်ခွင့်ရှိပါသလား။** | | |
| က.၂.၁ | ကုမ္ပဏီ၏ အသင်းအဖွဲ့စည်းမျဉ်းကို ပြုပြင်ရာတွင် | ၈၈% |
| က.၂.၂ | ထပ်တိုးရှယ်ယာများအား တရားဝင် အသိအမှတ်ပြုခြင်း | ၇၉% |
| က.၂.၃ | ကုမ္ပဏီကို ရောင်းချရသည်အထိဖြစ်နိုင်သော ကုမ္ပဏီ၏ ပိုင်ဆိုင်မှုအားလုံး (သို့) အများအပြားကို ရွှေ့ပြောင်းခြင်း | ၆၇% |

### (က) ၃။ အစုရှယ်ယာဝင်များ၏ အထွေထွေအစည်းအဝေးများတွင် ထိရောက်စွာပါဝင်ခွင့်နှင့် မဲပေးနိုင်ခွင့်များအပြင် အထွေထွေအစည်းအဝေးများကို ကိုင်တွယ်သည့် မဲပေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများအပါအဝင် စည်းမျဉ်းများကို သိရှိထားသင့်ခြင်း

| ကုတ်အမှတ် | မေးခွန်း | ပျမ်းမျှရမှတ် |
|---|---|---|
| က.၃.၁ | အလုပ်အမှုဆောင်မဟုတ်သော ဒါရိုက်တာများ/ကော်မရှင်နာများအတွက် အစည်းအဝေးအစီအစဉ်တစ်ခုဖြင့် ထောက်ခံတင်ပြသော အခကြေးငွေများ (ဝန်ဆောင်ခများ၊ အသုံးစရိတ်များ၊ ငွေသားမဟုတ်သော အကျိုးခံစားခွင့်များ၊ အခြားသောလုပ်ခငွေများ) သို့မဟုတ် အခကြေးငွေများ တိုးမြှင့်ပေးခြင်းကို ရှယ်ယာဝင်များက အတည်ပြုပေးရန် အခွင့်အရေးရှိပါသလား။ | ၅၄% |
| က.၃.၂ | အစုရှယ်ယာအနည်းစုသာပိုင်ဆိုင်ပြီး အုပ်ချုပ်ရေးတွင် မပါဝင်နိုင်သည့် အစုရှယ်ယာရှင် (non-controlling shareholders) များအား ဘုတ်အဖွဲ့ဝင် ဒါရိုက်တာများ/ကော်မရှင်နာများ ခန့်အပ်ရန်အတွက် အမည်စာရင်းတင်သွင်းခွင့်ကို ကုမ္ပဏီက ပေးထားပါသလား။ | ၇၁% |
| က.၃.၃ | ရှယ်ယာဝင်တစ်ဦးချင်းစီအနေဖြင့် ကုမ္ပဏီဒါရိုက်တာများ/ ကော်မရှင်နာများကို ရွေးချယ်ခွင့်ရှိပါသလား။ | ၇၅% |
| က.၃.၄ | အစည်းအဝေးမစတင်မီ မဲပေးမည့် လုပ်ထုံးလုပ်နည်းများကို ကြိုတင်၍ ရှင်းပြပါသလား။ | ၄၂% |
| က.၃.၅ | နောက်ဆုံးကျင်းပထားသော နှစ်ပတ်လည်အထွေထွေအစည်းအဝေး၏ မှတ်တမ်းတွင် အစုရှယ်ယာဝင်များအား မေးခွန်းများမေးမြန်းခွင့်ပြုထားကြောင်းနှင့် အစုရှယ်ယာဝင်များက မေးမြန်းသော မေးခွန်းများနှင့် ပြန်လည်ဖြေကြားချက်များကို မှတ်တမ်းတင်ထားပါသလား။ | ၈၃% |
| က.၃.၆ | နောက်ဆုံးကျင်းပထားသော အထွေထွေအစည်းအဝေး၌ ဆုံးဖြတ်ချက်များ/အစီအစဉ်များအတွက် မဲခွဲဆုံးဖြတ်ရာတွင် ထောက်ခံမဲ၊ ကန့်ကွက်မဲ နှင့် ကြားနေမဲများ၏ အရေအတွက်ရလဒ်ကို ထုတ်ပြန်ပါသလား။ | ၀% |

| ကုတ်အမှတ် | မေးခွန်း | ပျမ်းမျှရမှတ် |
|---|---|---|
| က.၃.၇ | နောက်ဆုံးကျင်းပထားသော အထွေထွေအစည်းအဝေးကို တက်ရောက်ခဲ့သော ဘုတ်အဖွဲ့ဝင် ဒါရိုက်တာများ၏ အမည်စာရင်းကို ထုတ်ပြန်ပါသလား။ | ၄% |
| က.၃.၈ | နောက်ဆုံးကျင်းပထားသောအထွေထွေအစည်းအဝေးကို ဘုတ်အဖွဲ့ဝင်များနှင့် အမှုဆောင်အရာရှိချုပ် (ထိုသူသည် ဘုတ်အဖွဲ့ဝင်မဟုတ်ခဲ့လျှင်) တက်ရောက်ခဲ့ကြောင်း ထုတ်ပြန်ပါသလား။ | ၈% |
| က.၃.၉ | အစည်းအဝေးမတက်ရောက်နိုင်သူများအနေဖြင့် မဲပေးရာတွင် ပါဝင်ခွင့်ရှိပါသလား။ | ၆၇% |
| က.၃.၁၀ | နောက်ဆုံးကျင်းပထားသော အထွေထွေအစည်းအဝေးတွင် အစည်းအဝေးဆုံးဖြတ်ချက်အားလုံးအတွက် (လက်ထောင်၍ သဘောထား ဖော်ပြခြင်းအစား) မဲပေးပြီးဆုံးဖြတ်ပါသလား။ | ၀% |
| က.၃.၁၁ | နှစ်ပတ်လည် အထွေထွေအစည်းအဝေးတွင် ဆန္ဒမဲများကို ရေတွက်ရန် နှင့်/သို့ အတည်ပြုရန် သီးခြားလွတ်လပ်သော အဖွဲ့အစည်းတစ်ခု (ရွေးကောက်ပွဲသမာဓိဒိုင်များ/စုံစမ်းစစ်ဆေးသူများ)ကို ခန့်အပ်ထားပါက ထိုသို့ခန့်အပ်ထားကြောင်းကို ကြိုတင်၍ အသိပေးလေ့ရှိပါသလား။ | ၀% |
| က.၃.၁၂ | နှစ်ပတ်လည်အထွေထွေအစည်းအဝေးအပြီး နောက်တစ်ရက်တွင် အစည်းအဝေးအတွင်း ဆုံးဖြတ်ချက်များအားလုံးအတွက် ကောက်ခံထားသော ဆန္ဒမဲရလာဒ်များကို အများသိရှိစေရန် ကုမ္ပဏီမှ ထုတ်ပြန်ကြေငြာပါသလား။ | ၁၇% |
| က.၃.၁၃ | ကုမ္ပဏီအနေဖြင့် နှစ်ပတ်လည်အထွေထွေအစည်းအဝေးများနှင့် အထူးအထွေထွေအစည်းအဝေး (EGM) များအတွက် အနည်းဆုံး ၂၁ ရက် ကြိုတင် အကြောင်းကြားပါသလား။ | ၈၃% |
| က.၃.၁၄ | နှစ်ပတ်လည်အထွေထွေအစည်းအဝေး/ထုတ်ပြန်စာ နှင့်/သို့ အတူပါထုတ်ပြန်ကြေညာချက်များအား ကြိုတင်အကြောင်းကြားရာတွင် အစုရှယ်ယာဝင်များ၏ အတည်ပြုချက်လိုအပ်သော အချက်များကို မည်သည့်အကြောင်းကြောင့် လိုအပ်သည် ဆိုကြောင်း ထည့်သွင်းရှင်းပြပါသလား။ | ၄% |
| က.၃.၁၅ | ကုမ္ပဏီအနေဖြင့် အစုရှယ်ယာရှင်များအား နှစ်ပတ်လည်အထွေထွေအစည်းအဝေး အစီအစဉ်များတွင် ဖြည့်စွက်ခွင့် ပေးပါသလား။ | ၀% |

## က. ၄။ ကော်ပိုရိတ်ထိန်းချုပ်မှုဈေးကွက်များကို ထိရောက်ပြီး ပွင့်လင်းမြင်သာမှုရှိသည့် ပုံစံဖြင့် ဆောင်ရွက်စေသင့်သည်။

| ကုတ်အမှတ် | မေးခွန်း | ပျမ်းမျှရမှတ် |
|---|---|---|
| က.၄.၁ | ကုမ္ပဏီများ ပေါင်းစည်းခြင်း၊ ဝယ်ယူခြင်းနှင့် လက်လွှဲရယူခြင်းများတွင် ကမ်းလှမ်းခံရသည့် ကုမ္ပဏီ ဒါရိုက်တာအဖွဲ့ဝင်များက အရောင်းအဝယ်ဈေးနှုန်း၏ မျှတမှုကို အကဲဖြတ်သုံးသပ်ရန် သီးခြားလွတ်လပ်သည့် အဖွဲ့တစ်ဖွဲ့ကို ခန့်အပ်လုပ်ဆောင်ခြင်းရှိပါသလား။ | ၀% |

## က. ၅။ အဖွဲ့အစည်းဆိုင်ရာ ရင်းနှီးမြှုပ်နှံသူများအပါအဝင် အစုရှယ်ယာဝင်များအားလုံး၏ ကုမ္ပဏီနှင့် သက်ဆိုင်သော ပိုင်ဆိုင်မှုအခွင့်အရေးများကို ကျင့်သုံးရာတွင် လွယ်ကူချောမွေ့မှုရှိစေသင့်သည်။

| ကုတ်အမှတ် | မေးခွန်း | ပျမ်းမျှရမှတ် |
|---|---|---|
| က.၅.၁။ | အစုရှယ်ယာဝင်များအနေဖြင့် နှစ်ပတ်လည်အထွေထွေအစည်းအဝေးထက်ပို၍ ကုမ္ပဏီတွင် ပါဝင် ဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်သည့် အလေ့အထရှိကြောင်း ကုမ္ပဏီ ဖော်ပြကြေညာပါသလား။ | ၁၃% |

# အပိုင်း ၁။ အစုရှယ်ယာဝင်များအပေါ် တန်းတူညီမျှဆက်ဆံမှုရှိခြင်း

## ၁. ၁။ အစုရှယ်ယာများနှင့် မဲပေးပိုင်ခွင့်

| ကုတ်အမှတ် | မေးခွန်း | ပျမ်းမျှရမှတ် |
|---|---|---|
| ၁.၁.၁ | ကုမ္ပဏီ၏ သာမန်(သို့) ဘုံအစုရှယ်ယာဝင်များအနေဖြင့် ရှယ်ယာတစ်စုလျှင် မဲတစ်မဲပေးပိုင်ခွင့် ရှိသည်။ | ၁၀၀% |
| ၁.၁.၂။ | ကုမ္ပဏီတွင် ရှယ်ယာအမျိုးအစား တစ်ခုထက်ပိုရှိပါက ရှယ်ယာအမျိုးအစားအလိုက် မဲပေးပိုင်ခွင့်ကို အများသိရှိစေရန် (ဥပမာအားဖြင့် ကုမ္ပဏီ ဝက်ဘ်ဆိုက်/အစီရင်ခံစာများ/စတော့အိပ်ချိန်း/ အုပ်ချုပ်ရေးအဖွဲ့ဝက်ဘ်ဆိုက်များမှတဆင့်) ကြေညာဖော်ပြပေးခြင်း ရှိပါသလား။ | ၃၈% |

## ၁. ၂။ နှစ်ပတ်လည် အထွေထွေအစည်းအဝေးပွဲနှင့် ပတ်သက်၍ ကြိုတင်အသိပေးခြင်း

| ကုတ်အမှတ် | မေးခွန်း | ပျမ်းမျှရမှတ် |
|---|---|---|
| ၁.၂.၁ | နောက်ဆုံးကျင်းပထားသော နှစ်ပတ်လည်အထွေထွေအစည်းအဝေး၏ ဆုံးဖြတ်ချက်တစ်ခုစီတွင် အကြောင်းအရာတစ်ခုသာ ပါဝင်သည်။ ဆိုလိုသည်မှာ ဆုံးဖြတ်ချက်တစ်ခုတွင် အကြောင်းအရာများ စွာပါဝင်ခြင်းမရှိပေ။ | ၇၅% |
| ၁.၂.၂ | အထွေထွေအစည်းအဝေး/ထုတ်ပြန်ချက်များအား မြန်မာဘာသာဖြင့် ထုတ်ဝေသည့်နေ့၌ပင် အင်္ဂလိပ်ဘာသာသို့ ပြည့်ပြည့်စုံစုံဘာသာပြန်ဆို၍ ထုတ်ဝေပြန်ကြားခြင်း ရှိပါသလား။ | ၄% |
| **နှစ်ပတ်လည်အထွေထွေအစည်းအဝေး/EGM ၏ ကြေညာချက်တွင် အောက်ပါတို့ပါဝင်ပါသလား။** | | |
| ၁.၂.၃ | ဒါရိုက်တာများ/ကော်မရှင်နာများအား မဲပေးရွေးချယ်ရာတွင်/ပြန်လည်ရွေးချယ်ရာတွင် ၎င်းတို့၏ ကိုယ်ရေးအချက်အလက်များ(ဥပမာ- အသက်၊ ပညာအရည်အချင်း၊ အလုပ်စတင်ဝင်ရောက်သည့် နေ့စွဲ၊ လုပ်ငန်းအတွေ့အကြုံ၊ အခြားသောကုမ္ပဏီများတွင် ဒါရိုက်တာအဖြစ် ဆောင်ရွက်မှု)ကို ထည့်သွင်းဖော်ပြခြင်း ရှိပါသလား။ | ၈% |
| ၁.၂.၄ | ခန့်အပ်မှု/ ပြန်လည်ခန့်အပ်မှု ခံယူလိုသော စာရင်းကိုင်များ မည်သူမည်ဝါဖြစ်သည်ကို ရှင်းလင်းစွာ သတ်မှတ်ဖော်ထားခြင်းရှိပါသလား။ | ၄၂% |
| ၁.၂.၅ | ကိုယ်စားလှယ်လွှဲရန်လိုအပ်သော စာရွက်စာတမ်းများကို လွယ်လင့်တကူရရှိနိုင်မှုရှိပါသလား။ | ၆၇% |

## ၁. ၃။ စတော့ရှယ်ယာများရောင်းဝယ်ရာတွင် အတွင်းသတင်းအချက်အလက်သိရှိသူများ၏ ကြိုတင်ရောင်းဝယ်ခြင်းနှင့် ကိုယ်ကျိုးအတွက် အလွဲသုံးစားမှုများမဖြစ်ပေါ်စေရန် တားဆီးသင့်ပါသည်။

| ကုတ်အမှတ် | မေးခွန်း | ပျမ်းမျှရမှတ် |
|---|---|---|
| ၁.၃.၁ | ကုမ္ပဏီဒါရိုက်တာများ/ကော်မရှင်နာများနှင့် ဝန်ထမ်းများက ပုံမှန်အားဖြင့် ဈေးကွက်တွင် မရရှိနိုင်သော ကုမ္ပဏီပိုင် အချက်အလက်များကို ကိုယ်ကျိုးအတွက် အသုံးချခြင်းမပြုနိုင်စေရန် ကုမ္ပဏီက မူဝါဒများ နှင့်/သို့ စည်းမျဉ်းများချမှတ်ထားပါသလား။ | ၄၂% |
| ၁.၃.၂ | ကုမ္ပဏီဒါရိုက်တာများ/ကော်မရှင်နာများအနေဖြင့် ၎င်းတို့၏ အရောင်းအဝယ်ကိစ္စများကို (၃) ရက်တွင်း ကုမ္ပဏီသို့ အစီရင်ခံစာ တင်ပြရန် လိုအပ်ပါသလား။ | ၀% |

### ၁. ၄။ ဒါရိုက်တာများ/အရေးပါသည့် အလုပ်အမှုဆောင်များ၏ ဆက်နွယ်သည့် ပုဂ္ဂိုလ်အဖွဲ့အစည်းနှင့် အရောင်းအဝယ်ပြုလုပ်ခြင်း

| ကုတ်အမှတ် | မေးခွန်း | ပျမ်းမျှရမှတ် |
|---|---|---|
| ၁.၄.၁ | ဒါရိုက်တာများ/ကော်မရှင်နာများအနေဖြင့် ရောင်းဝယ်မှုများအပေါ် ၎င်းတို့၏အကျိုးစီးပွားများနှင့် အခြားအကျိုးစီးပွား ဝိရောဓိများကို ထုတ်ဖော်ကြေညာရန်လိုအပ်ကြောင်း ကုမ္ပဏီတွင် မူဝါဒရှိပါသလား။ | ၃၈% |
| ၁.၄.၂ | စာရွက်စာတမ်းများ/အရေးပါသော RPT များသည် ကုမ္ပဏီနှင့် အစုရှယ်ယာရှင်များ၏ အကျိုးစီးပွားအတွက် အကောင်းဆုံးဖြစ်/မဖြစ် သုံးသပ်သည့် သီးခြားလွတ်လပ်သော ဒါရိုက်တာများ/ ကော်မရှင်နာများ ကော်မတီကို ဖွဲ့စည်းထားရှိရန် မူဝါဒချမှတ်ထားခြင်းရှိပါသလား။ | ၄% |
| ၁.၄.၃ | ကုမ္ပဏီ၏ ဘုတ်အဖွဲ့ဝင်များ (ဒါရိုက်တာများ/ကော်မရှင်နာများ) အနေဖြင့် ၎င်းတို့ ဝိရောဓိဖြစ်နေသည့် ကိစ္စရပ်တစ်ခုကို ဘုတ်အဖွဲ့က ဆွေးနွေးသည့်အခါ ပါဝင်ခြင်းမပြုရန် မူဝါဒချမှတ်ထားခြင်း ရှိပါသလား။ | ၂၁% |
| ၁.၄.၄ | ဒါရိုက်တာများ/ကော်မရှင်နာများအား ငွေချေးခြင်းနှင့် ပတ်သက်၍ ထိုအလေ့အထကို လုံးဝမပြုလုပ်ရန် ထားမြစ်ထားခြင်း(သို့) ဘက်လိုက်မှုကင်းစွာ ဆောင်ရွက်ရန်နှင့် ဈေးကွက်နှုန်းထားဖြင့် ဆောင်ရွက်ရန်အတွက် ချမှတ်ထားသော မူဝါဒများရှိပါသလား။ | ၁၇% |

### ၁. ၅။ ရှယ်ယာအနည်းငယ်သာ ပိုင်ဆိုင်သော အစုရှယ်ယာဝင်များအား အနိုင်ကျင့်ခြင်းမှ ကာကွယ်မှုပေးခြင်း

| ကုတ်အမှတ် | မေးခွန်း | ပျမ်းမျှရမှတ် |
|---|---|---|
| ၁.၅.၁ | RPTများကို ဘက်လိုက်မှုကင်း၍တရားမျှတစွာ ဆောင်ရွက်သည်ဟု ကုမ္ပဏီက ဖွင့်ဟပြောဆိုပါသလား။ | ၄% |

# အပိုင်း ၈။ အကျိုးသက်ဆိုင်သူများ၏ အခန်းကဏ္ဍ

### ၈. ၁။ ဥပဒေအရ သတ်မှတ်ထားသည့် (သို့) အပြန်အလှန်သဘောတူညီထားသည့် အကျိုးသက်ဆိုင်သူများနှင့် သက်ဆိုင်သည့် အခွင့်အရေးများကို လေးစားရပါမည်။

| ကုတ်အမှတ် | မေးခွန်း | ပျမ်းမျှရမှတ် |
|---|---|---|
| ကုမ္ပဏီသည် အောက်ပါတို့ကို ကိုင်တွယ်ဖြေရှင်းသည့် မူဝါဒ နှင့် လုပ်ထုံးလုပ်နည်းများကို ဖော်ပြထားပါသလား။ | | |
| ၈.၁.၁ | စားသုံးသူများ၏ ကျန်းမာရေးနှင့် လုံခြုံရေးအပေါ် ကုမ္ပဏီ၏အားစိုက်ထုတ်မှု ရှိခြင်းနှင့် အတိုင်းအတာ ပမာဏ | ၅၈% |
| ၈.၁.၂ | ကန်ထရိုက်တာများ/ ကုန်ပစ္စည်းပေးသွင်းသူများအား ရွေးချယ်သည့် လုပ်ထုံးလုပ်နည်းများ | ၇၁% |
| ၈.၁.၃ | ကုမ္ပဏီ၏ တန်ဖိုးမြှင့်ဈေးကွက်သည် သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်မှုရှိစေရန် သို့မဟုတ် ရေရှည်တည်တံ့သောဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ရေးနှင့် ကိုက်မှုနှင့်ကိုက်ညီမှု ရှိစေရန် ကုမ္ပဏီ၏ ကြိုးပမ်းအားထုတ်မှု | ၈% |
| ၈.၁.၄ | ကုမ္ပဏီ၏လုပ်ငန်းများလည်ပတ်နေသော ပတ်ဝန်းကျင်ရှိ လူထုအသိုင်းအဝိုင်းနှင့် အပြန်အလှန်ဆက်ဆံရန် ကုမ္ပဏီ၏ ကြိုးပမ်းအားထုတ်မှု | ၁၀၀% |
| ၈.၁.၅ | အကျင့်ပျက်ခြစားမှုများကို ကာကွယ်နိုင်သည့် အစီအမံများနှင့် လုပ်ထုံးလုပ်နည်းများ | ၂၁% |
| ၈.၁.၆ | မြီရှင်များ၏ အခွင့်အရေးများကို အကာအကွယ်ပေးပုံ | ၁၃% |
| ၈.၁.၇ | ကုမ္ပဏီတွင် ပတ်ဝန်းကျင်/ စီးပွားရေး နှင့် လူမှုအကြောင်းအရာများနှင့်စပ်လျဉ်းပြီး ဆွေးနွေးဖော်ပြသည့် သီးခြား အစီရင်ခံစာ/အပိုင်းတစ်ပိုင်း ရှိပါသလား။ | ၄၆% |

## ဂ. ၂။ အကျိုးသက်ဆိုင်သူများ၏ အခွင့်အရေးများကို ဥပဒေဖြင့် အကာအကွယ်ပေးထားသည့် အလျောက် ဆက်စပ်ပတ်သက်သူများအနေဖြင့် ထိုအခွင့်အရေးများ ချိုးဖောက်ခံရမှုအတွက် ထိရောက်သော အလျော်ပေးမှု ရပိုင်ခွင့် ရှိသင့်သည်။

| ကုတ်အမှတ် | မေးခွန်း | ပျမ်းမျှရမှတ် |
|---|---|---|
| ဂ.၂.၁ | အကျိုးသက်ဆိုင်သူများ (customer များ၊ ပစ္စည်းသွင်းသူများ၊ လူထု အစရှိသည်)၏ အခွင့်အရေးများ ချိုးဖောက်ခံရပါက တိုင်ကြားနိုင်မည့် ကုမ္ပဏီ၏လိပ်စာအသေးစိတ်ကို ကုမ္ပဏီ၏ ဝက်ဆိုက် (သို့) နှစ်ပတ်လည် အစီရင်ခံစာတို့တွင် ဖော်ပြထားခြင်းရှိပါသလား။ | ၂၁% |

## ဂ. ၃။ ဝန်ထမ်းများ၏ ပါဝင်မှုကို အားပေးသည့် စနစ်များ ဖွံ့ဖြိုးစေရန် ဆောင်ရွက်ပေးသင့်သည်။

| ကုတ်အမှတ် | မေးခွန်း | ပျမ်းမျှရမှတ် |
|---|---|---|
| ဂ.၃.၁ | ကုမ္ပဏီဝန်ထမ်းများ၏ ကျန်းမာရေး၊ လုံခြုံရေးနှင့် သက်သာချောင်ချိရေးအတွက် မူဝါဒများကို အတိအလင်း ကြေညာထားခြင်းရှိပါသလား။ | ၂၉% |
| ဂ.၃.၂ | ဝန်ထမ်းများအတွက် သင်တန်းများနှင့် ဖွံ့ဖြိုးရေးအစီအစဉ်များကို ချမှတ်ထားသည့်မူဝါဒများကို ကုမ္ပဏီက အတိအလင်း ကြေညာထားပါသလား။ | ၂၅% |
| ဂ.၃.၃ | ကာလတို ဘဏ္ဍာရေး အစီအမံများအပြင် ကုမ္ပဏီ၏ စွမ်းဆောင်မှုကို ဖော်ပြသည့် ဆုကြေးပေးခြင်း/ အခကြေးငွေလစာစရိတ်မူဝါဒ ရှိပါသလား။ | ၀% |

## ဂ. ၄။ ဝန်ထမ်းတစ်ဦးချင်းစီနှင့် ၎င်းတို့၏ ကိုယ်စားလှယ်အဖွဲ့အစည်းများအပါအဝင် အကျိုးသက်ဆိုင်သူများအနေဖြင့် တရားမဝင် သို့မဟုတ် ကျင့်ဝတ်နှင့်မညီသော ပြုမူဆက်ဆံမှုများကို ဘုတ်အဖွဲ့သို့လွတ်လပ်စွာ ဆက်သွယ်ပြောကြားနိုင်ခွင့် ရှိရမည်ဖြစ်ပြီး ထိုသို့လုပ်ဆောင်မှုကြောင့် ၎င်းတို့၏အခွင့်အရေးများကို ထိခိုက်မှုမရှိစေရပါ။

| ကုတ်အမှတ် | မေးခွန်း | ပျမ်းမျှရမှတ် |
|---|---|---|
| ဂ.၄.၁ | တရားမဝင်၊ ကျင့်ဝတ်နှင့်မညီဟု ယူဆရသော အပြုအမူများနှင့်ပတ်သက်၍ ဝန်ထမ်းများနှင့် အကျိုးသက်ဆိုင်သူများ၏ တိုင်ကြားချက်များအတွက် လုပ်ထုံးလုပ်နည်းများအပါအဝင် ကနဦးတိုင်ကြားမှုဆိုင်ရာ မူဝါဒ (whistle blowing policy) ကုမ္ပဏီတွင် ထားရှိပြီး ဆက်သွယ်ရန် လိပ်စာ အသေးစိတ်ကို ကုမ္ပဏီဝက်ဘ်ဆိုက် သို့မဟုတ် နှစ်စဉ်အစီရင်ခံစာတွင် ဖော်ပြထားခြင်း ရှိပါသလား။ | ၄၂% |
| ဂ.၄.၂ | တရားမဝင်သော(သို့) ကျင့်ဝတ်နှင့် မညီသော အပြုအမူကို ဖော်ထုတ်သည့် ဝန်ထမ်းကို ရန်ငြိုးဖွဲ့ခြင်းမှ ကာကွယ်ရန် ကုမ္ပဏီတွင် မူဝါဒ (သို့) လုပ်ထုံးလုပ်နည်းများရှိပါသလား။ | ၃၈% |

# အပိုင်း ဃ။ ထုတ်ဖော်ကြေငြာခြင်းနှင့် ပွင့်လင်းမြင်သာမှုရှိခြင်း

## ဃ. ၁။ ပွင့်လင်းမြင်သာသည့် ပိုင်ဆိုင်မှု ပုံစံ

| ID | မေးခွန်း | ပျမ်းမျှရမှတ် |
|---|---|---|
| ဃ.၁.၁။ | ရှယ်ယာပိုင်ဆိုင်မှုဆိုင်ရာ သတင်းအချက်အလက်များသည် ရှယ်ယာများ၏ ၅%(သို့) ၅%ထက်ပိုသော ရှယ်ယာပိုင်ရှင်များသည် မည်သူမည်ဝါဖြစ်ကြောင်း ဖော်ပြထားခြင်း ရှိပါသလား။ | ၅၄% |
| ဃ.၁.၂။ | ရှယ်ယာအများစု နှင့်/သို့ ရှယ်ယာအများအပြားကို ပိုင်ဆိုင်သော ပိုင်ရှင်များ၏ သွယ်ဝိုက်သော(သို့) တိုက်ရိုက်ကျသောနည်းလမ်းဖြင့် ရှယ်ယာပိုင်ဆိုင်မှုကို ဖော်ပြထားခြင်း ရှိပါသလား။ | ၄၂% |
| ဃ.၁.၃။ | ဒါရိုက်တာများ၏ တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်သော နည်းဖြင့် ရှယ်ယာပိုင်ဆိုင်မှုကို ဖော်ပြထားခြင်း ရှိပါသလား။ | ၄၆% |
| ဃ.၁.၄။ | အကြီးတန်းစီမံခန့်ခွဲသူများ၏ သွယ်ဝိုက် (သို့) တိုက်ရိုက်သောနည်းဖြင့် အစုရှယ်ယာပိုင်ဆိုင်မှုကို ဖော်ပြထားခြင်း ရှိပါသလား။ | ၄၂% |
| ဃ.၁.၅။ | မိခင်ကုမ္ပဏီ/ ဦးပိုင်ကုမ္ပဏီ၊ လက်အောက်ခံကုမ္ပဏီ၊ တွဲဖက်ကုမ္ပဏီ၊ ဖက်စပ်ကုမ္ပဏီ၊ အထူးရည်ရွယ်ချက်ဖြင့်ဆောင်ရွက်သည့် လုပ်ငန်း (SPE) /ယာဉ် (SPV) နှင့် ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို ဖော်ပြထားခြင်း ရှိပါသလား။ | ၅၈% |

## ဃ. ၂။ နှစ်ပတ်လည်အစီရင်ခံစာ၏ အရည်အသွေး

| ID | မေးခွန်း | ပျမ်းမျှရမှတ် |
|---|---|---|
| **ကုမ္ပဏီ၏ နှစ်ပတ်လည်အစီရင်ခံစာတွင် အောက်ပါအချက်များထည့်သွင်းဖော်ပြလေ့ရှိပါသလား။** | | |
| ဃ.၂.၁။ | ကော်ပိုရိတ်ရည်ရွယ်ချက်များ | ၈၃% |
| ဃ.၂.၂။ | ငွေကြေးဆိုင်ရာ ဆောင်ရွက်မှုအခြေအနေပြ ညွှန်ကိန်းများ | ၄% |
| ဃ.၂.၃။ | ငွေကြေးနှင့် မသက်ဆိုင်သည့် ဆောင်ရွက်မှုပြ ညွှန်ကိန်းများ | ၄% |
| ဃ.၂.၄။ | အစုအပေါ် အမြတ်ငွေဆိုင်ရာ မူဝါဒများ | ၈% |
| ဃ.၂.၅။ | ဒါရိုက်တာများ/ကော်မရှင်နာများ၏ ကိုယ်ရေးအချက်အလက်အသေးစိတ်များ(အသက်၊ ပညာအရည်အချင်း၊ အလုပ်စတင်ဝင်ရောက်သည့်နေ့စွဲ၊ သက်ဆိုင်သည့်အတွေ့အကြုံ နှင့် အခြားသော ကုမ္ပဏီများတွင် ဒါရိုက်တာအဖြစ်ဆောင်ရွက်မှု) | ၂၅% |
| ဃ.၂..၆။ | ဒါရိုက်တာ/ကော်မရှင်နာတစ်ဦးချင်းစီ၏ အစည်းအဝေးတက်ရောက်မှု အသေးစိတ် | ၂၅% |
| ဃ.၂.၇။ | ဘုတ်အဖွဲ့ဝင် /ကော်မရှင်နာ တစ်ဦးချင်းစီကို ပေးသည့် လစာစုစုပေါင်း | ၁၃% |

## ဃ. ၃။ ဆက်နွယ်သည့် ပုဂ္ဂိုလ်အဖွဲ့အစည်းနှင့် အရောင်းအဝယ်ပြုလုပ်ခြင်း (RPT) အကြောင်း ထုတ်ဖော်အသိပေးခြင်း

| ID | မေးခွန်း | ပျမ်းမျှရမှတ် |
|---|---|---|
| ဃ.၃.၁။ | RPT များကို လေ့လာဆန်းစစ်ခြင်းနှင့် အတည်ပြုခြင်းတို့နှင့်သက်ဆိုင်သည့် မူဝါဒများကို ထုတ်ဖော်အသိပေးခြင်း ရှိပါသလား။ | ၄% |
| ဃ.၃.၂။ | RPT တစ်ခုချင်းစီအတွက် အမည်၊ ဆက်စပ်ပုံ၊ သဘောသဘာဝနှင့် တန်ဖိုးတို့ကို ထုတ်ဖော်အသိပေးခြင်း ရှိပါသလား။ | ၁၇% |

## ဃ. ၄။ ကုမ္ပဏီ၏ အစုရှယ်ယာများကို ဒါရိုက်တာများနှင့် ကော်မရှင်နာများမှ ရောင်းဝယ်ခြင်း

| ID | မေးခွန်း | ပျမ်းမျှရမှတ် |
|---|---|---|
| ဃ.၄.၁။ | ကုမ္ပဏီအတွင်းလူများမှ ကုမ္ပဏီ၏ အစုရှယ်ယာများကို အရောင်းအဝယ်ပြုခြင်းအပေါ် ကုမ္ပဏီက ထုတ်ဖော်အသိပေးခြင်း ရှိပါသလား။ | ၈% |

## ဃ. ၅။ ပြင်ပ စာရင်းစစ်နှင့် စာရင်းစစ်အစီရင်ခံစာ

| ID | မေးခွန်း | ပျမ်းမျှရမှတ် |
|---|---|---|
| **စာရင်းစစ် အဖွဲ့တစ်ခုတည်းက စာရင်းစစ်ဝန်ဆောင်မှုနှင့် စာရင်းစစ်ခြင်းနှင့်မသက်ဆိုင်သည့် ဝန်ဆောင်မှုများအတွက် ဆောင်ရွက်သည့်အခါ** | | |
| ဃ.၅.၁။ | စာရင်းစစ် ဝန်ဆောင်ခနှင့် စာရင်းစစ်ခြင်းနှင့်မသက်ဆိုင်သည့် ဝန်ဆောင်ခများကို ထုတ်ဖော်အသိပေးခြင်း ရှိပါသလား။ | ၀% |
| ဃ.၅.၂။ | စာရင်းစစ်နှင့် မသက်ဆိုင်သော ဝန်ဆောင်ခက စာရင်းစစ်ဝန်ဆောင်ခထက် များပါသလား။ | ၀% |

## ဃ. ၆။ ပြန်ကြားဆက်သွယ်ရေးနည်းလမ်း

| ID | မေးခွန်း | ပျမ်းမျှရမှတ် |
|---|---|---|
| **အောက်ဖော်ပြပါ ပြန်ကြားဆက်သွယ်ရေးနည်းလမ်းများကို ကုမ္ပဏီက အသုံးပြုပါသလား။** | | |
| ဃ.၆.၂။ | ကုမ္ပဏီဝက်ဆိုက် | ၈၈% |
| ဃ.၆.၃။ | ခွဲခြမ်းစိတ်ဖြာလေ့လာသူများ၏ အကျဉ်းချုပ် အစီရင်ခံစာ | ၄% |
| ဃ.၆.၄။ | မီဒီယာတွေ့ဆုံပွဲ/ သတင်းစာရှင်းလင်းပွဲ | ၆၇% |

## ဃ. ၇။ နှစ်ပတ်လည်/ ဘဏ္ဍာရေးအစီရင်ခံစာများကို အချိန်နှင့် တပြေးညီ ပြုစုခြင်းနှင့် ထုတ်ပြန်ခြင်း

| ID | မေးခွန်း | ပျမ်းမျှရမှတ် |
|---|---|---|
| ဃ.၇.၁။ | စာရင်းစစ်မှ စစ်ဆေးထားသော ဘဏ္ဍာရေး အစီရင်ခံစာ/ထုတ်ပြန်ချက်ကို ဘဏ္ဍာနှစ်ကုန်ပြီးချိန်မှ ရက်ပေါင်း (၁၂၀) အတွင်း ထုတ်ပြန်ခြင်း ရှိပါသလား။ | ၆၇% |
| ဃ.၇.၂။ | နှစ်စဉ်အစီရင်ခံစာကို ဘဏ္ဍာနှစ်ကုန်ပြီးချိန်မှ ရက်ပေါင်း ၁၂၀ အတွင်း ထုတ်ပြန်ခြင်း ရှိပါသလား။ | ၅၄% |
| ဃ.၇.၃။ | နှစ်ပတ်လည် ဘဏ္ဍာရေးအစီရင်ခံစာ၏ မှန်ကန်မှု၊ ဘက်မလိုက်မှုနှင့် မျှတသော ပါဝင်မှုတို့ကို ကုမ္ပဏီ၏ ဘုတ်အဖွဲ့ဒါရိုက်တာများ/ကော်မရှင်နာများနှင့်/သို့ အခြားသက်ဆိုင်သော တာဝန်ရှိသူများက အတည်ပြုပေးပါသလား။ | ၈၈% |

## ဃ. ၈။ ကုမ္ပဏီ ဝက်ဘ်ဆိုက်

| ID | မေးခွန်း | ပျမ်းမျှရမှတ် |
|---|---|---|
| အောက်ဖော်ပြအချက်များကို ကုမ္ပဏီ၏ဝက်ဘ်ဆိုက်တွင် အချိန်နှင့် တပြေးညီဖော်ပြလေ့ရှိပါသလား။ | | |
| ဃ.၈.၂။ | ခွဲခြမ်းစိတ်ဖြာလေ့လာသူများနှင့် မီဒီယာများအား တွေ့ဆုံပွဲများတွင် ပေးအပ်သော အချက်အလက်များ | ၂၉% |
| ဃ.၈.၃။ | ဒေါင်းလုတ်ဆွဲယူနိုင်သော နှစ်ပတ်လည်အစီရင်ခံစာ | ၃၈% |
| ဃ.၈.၄။ | နှစ်ပတ်လည်အထွေထွေအစည်းအဝေး/ EGM အတွက် ကြိုတင်အသိပေးအကြောင်းကြားခြင်း | ၁၇% |
| ဃ.၈.၅။ | နှစ်ပတ်လည်အထွေထွေအစည်းအဝေး/ EGM အစည်းအဝေးမှတ်တမ်းများ | ၀% |
| ဃ.၈.၆။ | ဒါရိုက်တာကုမ္ပဏီ၏ အသင်းအဖွဲ့စည်းမျဉ်း (ကုမ္ပဏီ၏ စည်းမျဉ်းဥပဒေများ၊ အစုရှယ်ယာဝင်များ သဘောတူညီချက်နှင့် ကုမ္ပဏီလည်ပတ်ပုံ စည်းမျဉ်းများ) / ကော်မရှင်နာတစ်ဦးချင်းစီ၏ အစည်းအဝေး တက်ရောက်မှု အသေးစိတ် | ၁၃% |

## ဃ. ၉။ ရင်းနှီးမြှုပ်နှံသူများနှင့် ဆက်ဆံရေး

| ID | မေးခွန်း | ပျမ်းမျှရမှတ် |
|---|---|---|
| ဃ.၉.၁။ | ရင်းနှီးမြှုပ်နှံသူများနှင့် ဆက်ဆံရန် တာဝန်ရှိသူ၏ ဆက်သွယ်ရမည့် လိပ်စာအပြည့်အစုံ(ဖုန်းနံပါတ်၊ ဖက်စ်၊ အီးမေးလိပ်စာ) ကို ကုမ္ပဏီမှ ထုတ်ပြန်ဖော်ပြထားခြင်းရှိပါသလား။ | ၀% |

# အပိုင်း င။ ဘုတ်အဖွဲ့၏ တာဝန်ဝတ္တရားများ

## င. ၁။ ဘုတ်အဖွဲ့၏ တာဝန်ဝတ္တရားများ

| ID | မေးခွန်း | ပျမ်းမျှရမှတ် |
|---|---|---|
| ရှင်းလင်းစွာ သတ်မှတ်ထားသော ဘုတ်အဖွဲ့၏ တာဝန်ဝတ္တရားများနှင့် ကော်ပိုရိတ်စီမံအုပ်ချုပ်မှုမူဝါဒကို | | |
| င.၁.၁။ | ကော်ပိုရိတ်စီမံခန့်ခွဲမှုမူဝါဒ / ဘုတ်အဖွဲ့ပြန်တမ်း (board charter) တို့ကို ထုတ်ပြန်အသိပေးထားပါသလား။ | ၄% |
| င.၁.၂။ | ဘုတ်အဖွဲ့ဒါရိုက်တာများ၏ အတည်ပြုချက်လိုအပ်သည့် ဆုံးဖြတ်ချက်အမျိုးအစားများကို ထုတ်ပြန်အသိပေးရပါသလား။ | ၈% |
| င.၁..၃။ | ဘုတ်အဖွဲ့ဒါရိုက်တာများ/ကော်မရှင်နာများ၏ အခန်းကဏ္ဍများနှင့် တာဝန်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသလား။ | ၂၅% |
| ကော်ပိုရိတ် မျှော်မှန်းချက်/ရည်မှန်းချက် | | |
| င.၁.၄။ | ကုမ္ပဏီတွင် နောက်ဆုံးအသစ်ပြင်ဆင်ထားသည့် မျှော်မှန်းချက် / ရည်မှန်းချက်ရှိပါသလား။ | ၉၂% |
| င.၁..၅။ | ဘုတ်အဖွဲ့ဝင် ဒါရိုက်တာများသည် ကုမ္ပဏီ၏ မဟာဗျူဟာကို အနည်းဆုံးတစ်နှစ်တစ်ခေါက် ပြုစုသုံးသပ်သည့် လုပ်ငန်းစဉ်တွင် ဦးဆောင်ပါဝင်ပါသလား။ | ၉၂% |
| င.၁.၆။ | ဘုတ်အဖွဲ့ဝင် ဒါရိုက်တာများသည် ကော်ပိုရိတ်မဟာဗျူဟာ အကောင်အထည်ဖော်မှုကို သုံးသပ်၊ စောင့်ကြည့်၊ ကြီးကြပ်သည့် လုပ်ငန်းစဉ်တွင် ဦးဆောင်ပါဝင်ပါသလား။ | ၂၉% |

## င. ၂။ ဘုတ်အဖွဲ့ ဖွဲ့စည်းပုံ

| ID | မေးခွန်း | ပျမ်းမျှရမှတ် |
|---|---|---|
| **ကျင့်ဝတ်များ သို့မဟုတ် ဝန်ထမ်းစည်းမျဉ်းများ** | | |
| င.၂.၁။ | ကျင့်ဝတ်များ သို့မဟုတ် ဝန်ထမ်းစည်းမျဉ်းများအသေးစိတ်ကို ထုတ်ပြန်အသိပေးထားပါသလား။ | ၃၃% |
| င.၂.၂။ | ဒါရိုက်တာများ/ကော်မရှင်နာများ၊ အကြီးတန်းစီမံခန့်ခွဲသူများနှင့် ဝန်ထမ်းများသည် စည်းမျဉ်းများကို လိုက်နာရန်လိုအပ်ပါသလား။ | ၃၃% |
| င.၂.၃။ | ကျင့်ဝတ်များ သို့မဟုတ် ဝန်ထမ်းစည်းမျဉ်းများအား အကောင်အထည်ဖော်ရန်နှင့် လိုက်နာမှု ရှိမရှိ စောင့်ကြည့်ရန် လုပ်ငန်းစဉ် ကုမ္ပဏီတွင် ရှိပါသလား။ | ၃၈% |
| **ဘုတ်အဖွဲ့ ဖွဲ့စည်းပုံနှင့် ဖွဲ့စည်းမှု** | | |
| င.၂.၄။ | သီးခြား လွတ်လပ်သည့် ဒါရိုက်တာများ၊ အမှုဆောင်မဟုတ်သော ဒါရိုက်တာများ/ ကော်မရှင်နာများ အနည်းဆုံး ၃ ဦးရှိပြီး ဘုတ်အဖွဲ့ဝင်ဒါရိုက်တာအရေအတွက်၏ ၅၀% ရှိပါသလား။ | ၀% |
| င.၂.၅။ | ကုမ္ပဏီတွင် သီးခြားလွတ်လပ်သည့် ဒါရိုက်တာများ၊ ကော်မရှင်နာများအတွက် သက်တမ်း သတ်မှတ်ချက်ကို ကာလတစ်ခုအတွင်း ကိုးနှစ် (သို့) ကာလနှစ်ခုခွဲ၍ တစ်ကြိမ်လျှင် ငါးနှစ် သက်တမ်း(၁) ဟု ကန့်သတ်ထားပါသလား။ | ၀% |
| င.၂.၆။ | သီးခြားလွတ်လပ်သည့် ဒါရိုက်တာများ / အမှုဆောင်မဟုတ်သော ဒါရိုက်တာများ/ ကော်မရှင်နာများ တပြိုင်တည်း တာဝန်ယူနိုင်မည့် ဘုတ်အဖွဲ့ဝင်နေရာကို ၅ နေရာဟု ကန့်သတ်ထားပါသလား။ | ၈% |
| င.၂.၇။ | ကုမ္ပဏီအုပ်စု၏ ပြင်ပရှိ ကုမ္ပဏီ ၂ ခုနှင့်အထက်၏ ဘုတ်အဖွဲ့များတွင် ပါဝင်ဆောင်ရွက်နေသည့် အမှုဆောင် ဒါရိုက်တာများ ကုမ္ပဏီတွင် ရှိပါသလား။ | ၈% |
| **အမည်စာရင်းအဆိုပြုရေး ကော်မတီ (Nominating Committee)** | | |
| င.၂.၈။ | ကုမ္ပဏီတွင် အမည်စာရင်းအဆိုပြုရေးကော်မတီ ရှိပါသလား။ | ၄၆% |
| င.၂.၉။ | အမည်စာရင်းအဆိုပြုရေးကော်မတီတွင် သီးခြားလွတ်လပ်သည့် ဒါရိုက်တာ/ကော်မရှင်နာ အများစု ပါဝင်ပါသလား။ | ၈% |
| င.၂.၁၀။ | အမည်စာရင်းအဆိုပြုရေးကော်မတီ၏ ဥက္ကဋ္ဌသည် သီးခြားလွတ်လပ်သည့် ဒါရိုက်တာ/ကော်မရှင်နာ ဟုတ်ပါသလား။ | ၄% |
| င.၂..၁၁။ | ကုမ္ပဏီက အမည်စာရင်းအဆိုပြုရေးကော်မတီ၏ တာဝန်နှင့် ဝတ္တရားများ/ စီမံအုပ်ချုပ်မှုဖွဲ့စည်းပုံ/ ပြန်တမ်းတို့ကို ဖော်ထုတ်အသိပေးထားပါသလား။ | ၄% |
| င.၂.၁၂။ | အမည်စာရင်းအဆိုပြုရေးကော်မတီအစည်းအဝေး တက်ရောက်သူများစာရင်းကို ထုတ်ပြန်ပါသလား။ အမည်စာရင်းအဆိုပြုရေးကော်မတီသည် တစ်နှစ်လျှင် အနည်းဆုံး ၂ ကြိမ်တွေ့ဆုံပါသလား။ | ၄% |
| **လစာသတ်မှတ်ပေးရေးကော်မတီ / လျော်ကြေးကော်မတီ** | | |
| င.၂.၁၃။ | ကုမ္ပဏီတွင် လစာသတ်မှတ်ပေးရေးကော်မတီ ရှိပါသလား။ | ၅၀% |
| င.၂.၁၄။ | လစာသတ်မှတ်ပေးရေးကော်မတီတွင် သီးခြားလွတ်လပ်သည့် ဒါရိုက်တာ/ ကော်မရှင်နာအများစု ပါဝင်ပါသလား။ | ၈% |
| င.၂.၁၅။ | လစာသတ်မှတ်ပေးရေးကော်မတီ၏ ဥက္ကဋ္ဌသည် သီးခြားလွတ်လပ်သည့် ဒါရိုက်တာ/ကော်မရှင်နာ ဟုတ်ပါသလား။ | ၈% |
| င.၂.၁၆။ | ကုမ္ပဏီက လစာသတ်မှတ်ပေးရေးကော်မတီ ၏ တာဝန်နှင့် ဝတ္တရားများ/ စီမံအုပ်ချုပ်မှုဖွဲ့စည်းပုံ/ပြန်တမ်းတို့ကို ဖော်ထုတ်အသိပေးထားပါသလား။ | ၄% |
| င.၂.၁၇။ | လစာသတ်မှတ်ပေးရေးကော်မတီ အစည်းအဝေး တက်ရောက်သူများစာရင်းကို ထုတ်ပြန်ပါသလား။ လစာသတ်မှတ်ပေးရေးကော်မတီသည် တစ်နှစ်လျှင် အနည်းဆုံး ၂ ကြိမ်တွေ့ဆုံပါသလား။ | ၀% |

| ID | မေးခွန်း | ပျမ်းမျှရမှတ် |
|---|---|---|
| **စာရင်းစစ်ကော်မတီ** | | |
| ၄.၂.၁၈။ | ကုမ္ပဏီတွင် စာရင်းစစ် ကော်မတီ ရှိပါသလား။ | ၈၃% |
| ၄.၂.၁၉။ | စာရင်းစစ် ကော်မတီတစ်ခုလုံးကို အမှုဆောင်မဟုတ်သော ဒါရိုက်တာများနှင့် သီးခြားလွတ်လပ်သည့် ဒါရိုက်တာအများစုနှင့် ဖွဲ့စည်းထားပါသလား။ | ၂၅% |
| ၄.၂.၂၀။ | စာရင်းစစ် ကော်မတီ၏ ဥက္ကဋ္ဌသည် သီးခြားလွတ်လပ်သည့် ဒါရိုက်တာ/ကော်မရှင်နာ ဟုတ်ပါသလား။ | ၂၉% |
| ၄.၂.၂၁။ | ကုမ္ပဏီက စာရင်းစစ် ကော်မတီ ၏ တာဝန်နှင့် ဝတ္တရားများ/ စီမံအုပ်ချုပ်မှုဖွဲ့စည်းပုံ/ပြန်တမ်းတို့ကို ဖော်ထုတ်အသိပေးထားပါသလား။ | ၄% |
| ၄.၂.၂၂။ | စာရင်းစစ် ကော်မတီ၏ သီးခြားလွတ်လပ်သည့် ဒါရိုက်တာ/ကော်မရှင်နာ အနည်းဆုံးတစ်ဦးဦးတွင် စာရင်းကိုင်ကျွမ်းကျင်မှု (စာရင်းကိုင်အရည်အချင်း (သို့) အတွေ့အကြုံ) ရှိပါသလား။ | ၅၄% |
| ၄.၂.၂၃။ | စာရင်းစစ် ကော်မတီ အစည်းအဝေး တက်ရောက်သူများစာရင်းကို ထုတ်ပြန်ပါသလား။ စာရင်းစစ် ကော်မတီသည် တစ်နှစ်လျှင် အနည်းဆုံး ၄ ကြိမ်တွေ့ဆုံပါသလား။ | ၀% |
| ၄.၂.၂၄။ | စာရင်းစစ် ကော်မတီတွင် ပြင်ပစာရင်းစစ်ကို ခန့်အပ်မှု နှင့် ဖယ်ရှားမှုအတွက် ထောက်ခံအကြံပြုရန် တာဝန်ရှိပါသလား။ | ၄၂% |

## ၄. ၃။ ဘုတ်အဖွဲ့လုပ်ငန်းစဉ်များ

| ID | မေးခွန်း | ပျမ်းမျှရမှတ် |
|---|---|---|
| **ဘုတ်အဖွဲ့အစည်းအဝေးများနှင့် တက်ရောက်မှု** | | |
| ၄.၃.၁။ | ဘုတ်အဖွဲ့ဝင် ဒါရိုက်တာများ အစည်းအဝေးကိုဘဏ္ဍာနှစ်မစတင်မီတွင် ကျင်းပလေ့ရှိပါသလား။ | ၀% |
| ၄.၃.၂။ | ဘုတ်အဖွဲ့ဝင် ဒါရိုက်တာ/ကော်မရှင်နာများသည် တစ်နှစ်လျှင် အနည်းဆုံး ၆ ကြိမ်တွေ့ဆုံပါသလား။ | ၅၀% |
| ၄.၃.၃။ | ဒါရိုက်တာတစ်ဦးစီ/ ကော်မရှင်နာတစ်ဦးစီ သည် တစ်နှစ်အတွင်းကျင်းပသည့် ဘုတ်အစည်းအဝေး အားလုံး၏ အနည်းဆုံး ၇၅% တက်ရောက်ထားပါသလား။ | ၂၅% |
| ၄.၃.၄။ | ကုမ္ပဏီသည် ဘုတ်အဖွဲ့ဆုံးဖြတ်ချက်အတည်ဖြစ်စေရန် အနည်းဆုံးတက်ရောက်သူ သုံးပုံနှစ်ပုံ ရှိရမည်ဟု သတ်မှတ်ထားပါသလား။ | ၀% |
| ၄.၃.၅။ | ကုမ္ပဏီ၏ အမှုဆောင်မဟုတ်သော ဒါရိုက်တာများ/ကော်မရှင်နာများသည် အမှုဆောင်များ မပါဝင်ဘဲ တစ်နှစ်လျှင် အနည်းဆုံး တစ်ကြိမ် သီးခြားတွေ့ဆုံကြပါသလား။ | ၀% |
| **သတင်းအချက်အလက်ရရှိနိုင်မှု** | | |
| ၄.၃.၆။ | ဘုတ်အဖွဲ့ ဒါရိုက်တာများ/ကော်မရှင်နာများအစည်းအဝေးအတွက် စာရွက်စာတမ်းများကို အစည်းအဝေး မကျင်းပမီ အနည်းဆုံး ရုံးဖွင့်ရက် ၅ ရက် ကြိုတင်ပြီး ဖြန့်ဝေပါသလား။ | ၅၈% |
| ၄.၃.၇။ | ကုမ္ပဏီ၏ အတွင်းရေးမှူးက ဘုတ်အဖွဲ့အား ၎င်း၏ တာဝန်ဝတ္တရားများထမ်းဆောင်ရန် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်ကူညီပေးပါသလား။ | ၅၀% |
| ၄.၃.၈။ | ကုမ္ပဏီ၏ အတွင်းရေးမှူးသည် ဥပဒေရေးရာ၊ စာရင်းအင်း (သို့) ကုမ္ပဏီအတွင်းရေးမှူးဆိုင်ရာ လုပ်ငန်းများတွင် ကျွမ်းကျင်မှုရှိပြီး သက်ဆိုင်ရာ တိုးတက်ပြောင်းလဲမှုများကို မျက်ခြေမပြတ် ရှိပါသလား။ | ၄၂% |

| ID | မေးခွန်း | ပျမ်းမျှရမှတ် |
|---|---|---|
| **ဘုတ်အဖွဲ့ခန့်အပ်မှုနှင့် ပြန်လည်ရွေးကောက်ခြင်း** | | |
| င.၃.၉။ | ကုမ္ပဏီက ဒါရိုက်တာ/ကော်မရှင်နာသစ်များ ရွေးချယ်ရာတွင် အသုံးပြုသည့် စံနှုန်းသတ်မှတ်ချက်များကို ထုတ်ပြန်ပါသလား။ | ၄% |
| င.၃.၁၀။ | ကုမ္ပဏီက ဒါရိုက်တာ/ကော်မရှင်နာသစ်များ ခန့်အပ်ရာတွင် လုပ်ဆောင်သည့် လုပ်ငန်းစဉ်ကို ထုတ်ပြန်ပါသလား။ | ၃၈% |
| င.၃.၁၁။ | ဒါရိုက်တာများ/ ကော်မရှင်နာများအားလုံးသည် သုံးနှစ်တစ်ကြိမ် (သို့) သက်တမ်း ၅ နှစ် (၂) ဟု သတ်မှတ်ထားသည့် နိုင်ငံများရှိ တရားဝင် ကုမ္ပဏီများအတွက် ၅ နှစ်တစ်ကြိမ် ပြန်လည်ရွေးကောက်ခံရပါသလား။ | ၁၀၀% |
| **လစာခံစားခွင့်ကိစ္စများ** | | |
| င.၃.၁၂။ | ကုမ္ပဏီသည် အမှုဆောင်ဒါရိုက်တာများနှင့် CEO အတွက် လစာ (ဝန်ဆောင်ခများ၊ အသုံးစရိတ်များ၊ ငွေသားမဟုတ်သော အကျိုးခံစားခွင့်များ၊ အခြားသောလုပ်ခငွေများ) မူဝါဒ / အလေ့အထများ (ဆိုလိုသည်မှာ ကာလတိုနှင့် ကာလရှည် ဆုကြေးမက်လုံးများနှင့် စွမ်းဆောင်ရည်တိုင်းတာမှုများ) ကို ထုတ်ပြန်အသိပေးပါသလား။ | ၁၃% |
| င.၃.၁၃။ | အမှုဆောင်မဟုတ်သော ဒါရိုက်တာများ/ ကော်မရှင်နာများအတွက် လစာပုံစံကို ထုတ်ပြန်အသိပေးပါသလား။ | ၁၃% |
| င.၃.၁၄။ | အစုရှယ်ယာရှင်များ (သို့) ဘုတ်အဖွဲ့ဒါရိုက်တာများက အမှုဆောင်ဒါရိုက်တာများနှင့်/သို့ အကြီးတန်းအမှုဆောင်များ၏ လစာခံစားခွင့်ကို အတည်ပြု ပေးပါသလား။ | ၅၀% |
| င.၃.၁၅။ | အမှုဆောင်ဒါရိုက်တာများနှင့် အကြီးတန်းအမှုဆောင်များ၏ စွမ်းဆောင်မှုအခြေပြု လစာခံစားခွင့်ကို ကုမ္ပဏီ၏ ရေရှည် အကျိုးကျေးဇူးနှင့် ချိန်ညှိနိုင်ရန်အတွက် ပေးထားပြီးသားငွေကို ပြန်လည်ရယူခြင်း (claw-back provision) နှင့် ဆုကြေးငွေ ရွှေ့ဆိုင်းခြင်းစသည့် တိုင်းတာနိုင်သော စံနှုန်းများ ရှိပါသလား။ | ၀% |
| **ရုံးတွင်း စာရင်းစစ်** | | |
| င.၃.၁၆။ | ကုမ္ပဏီတွင် သီးခြား ဌာနတွင်း စာရင်းစစ် ဆောင်ရွက်မှုရှိပါသလား။ | ၉၂% |
| င.၃.၁၇။ | ကုမ္ပဏီတွင် ရုံးတွင်းစာရင်းစစ်အကြီးအကဲသတ်မှတ်ထားပါသလား (သို့) ပြင်ပသို့ စေခိုင်းပါက ပြင်ပစာရင်းစစ်အဖွဲ့၏ အမည်ကို ထုတ်ပြန်အသိပေးပါသလား။ | ၆၃% |
| င.၃.၁၈။ | ရုံးတွင်းစာရင်းစစ်ခန့်အပ်မှု (သို့) ဖယ်ရှားမှုတွင် စာရင်းစစ်ကော်မတီ၏ အတည်ပြုချက် လိုပါသလား။ | ၄၂% |
| **ဆုံးရှုံးနိုင်ချေကို ကြီးကြပ်စီမံခြင်း** | | |
| င.၃.၁၉။ | ကုမ္ပဏီတွင် သင့်တင့်သော ရုံးတွင်းထိန်းချုပ်မှု လုပ်ထုံးလုပ်နည်းများ / ဆုံးရှုံးနိုင်ချေစီမံခန့်ခွဲမှုမူဘောင်ရှိပြီး အဆိုပါမူဘောင်၏ ထိရောက်မှုကို ပုံမှန်သုံးသပ်ပါသလား။ | ၁၇% |
| င.၃.၂၀။ | ကုမ္ပဏီ၏ နှစ်ပတ်လည်အစီရင်ခံစာ/ နှစ်ပတ်လည် CG အစီရင်ခံစာတွင် ဘုတ်အဖွဲ့ဝင်ဒါရိုက်တာများ/ကော်မရှင်နာများက ကုမ္ပဏီ၏ (လုပ်ငန်းပိုင်း၊ ဘဏ္ဍာရေးနှင့် လိုက်နာမှုဆိုင်ရာကြီးကြပ်မှုများ အပါအဝင်) ပိုင်ဆိုင်မှုများထိန်းချုပ်မှုနှင့် ဆုံးရှုံးနိုင်ချေ စီမံခန့်ခွဲမှုစနစ်များကို သုံးသပ်ထားကြောင်း ဖော်ပြထားပါသလား။ | ၀% |
| င.၃.၂၁။ | ကုမ္ပဏီအပေါ် ကျရောက်နိုင်သော (ဘဏ္ဍာရေး၊ IT အပါအဝင် လုပ်ငန်းပိုင်း၊ ပတ်ဝန်းကျင်၊ လူမှုရေးရာ၊ စီးပွားရေးစသည့်) အဓိက ဆုံးရှုံးနိုင်ချေများကို ထုတ်ပြန်အသိပေးပါသလား။ | ၀% |
| င.၃.၂၂။ | နှစ်ပတ်လည်အစီရင်ခံစာ/ နှစ်ပတ်လည် CG အစီရင်ခံစာတွင် ဘုတ်အဖွဲ့ဝင်ဒါရိုက်တာများ/ကော်မရှင်နာများ (သို့) စာရင်းစစ် ကော်မတီက ကုမ္ပဏီ၏ ရုံးတွင်း ထိန်းချုပ်မှု/ ဆုံးရှုံးနိုင်ချေစီမံခန့်ခွဲမှုစနစ်များ လုံလုံလောက်လောက်ရှိကြောင်း ပြောကြားထားသည့် ဖော်ပြချက်ပါဝင်ပါသလား။ | ၀% |

## င. ၄။ ဘုတ်အဖွဲ့တွင်ပါဝင်သူများ

| ID | မေးခွန်း | ပျမ်းမျှရမှတ် |
|---|---|---|
| ဘုတ်အဖွဲ့ဥက္ကဋ္ဌ | | |
| င.၄.၁။ | ဥက္ကဋ္ဌ နှင့် အမှုဆောင်အရာရှိချုပ် (CEO) ရာထူးကို မတူညီသော သူများက တာဝန်ယူထားပါသလား။ | ၇၅% |
| င.၄.၂။ | ဥက္ကဋ္ဌ သည် သီးခြားလွတ်လပ်သည့် ဒါရိုက်တာဟုတ်ပါသလား။ | ၄% |
| င.၄.၃။ | ဒါရိုက်တာများအနက် တစ်ဦးဦးသည် ပြီးခဲ့သည့်နှစ်နှစ်အတွင်း CEO တာဝန်ထမ်းဆောင်ခဲ့သူ ဖြစ်ပါသလား။ | ၆၃% |
| င.၄.၄။ | ဥက္ကဋ္ဌ ၏ အခန်းကဏ္ဍနှင့် တာဝန်ဝတ္တရားများကို ထုတ်ဖော်အသိပေးထားပါသလား။ | ၂၁% |
| ဦးစီးဦးဆောင်ပြုသော သီးခြားလွတ်လပ်သည့် ဒါရိုက်တာ | | |
| င.၄.၅။ | ဥက္ကဋ္ဌသည် သီးခြားလွတ်လပ်သူမဟုတ်လျှင် ဘုတ်အဖွဲ့က ဦးစီးဦးဆောင်ပြုသည့်/ အကြီးတန်း သီးခြားလွတ်လပ်သော ဒါရိုက်တာတစ်ဦးကို ခန့်အပ်ပြီး ၎င်း၏ အခန်းကဏ္ဍကို သတ်မှတ်ထားပါသလား။ | ၀% |
| ကျွမ်းကျင်မှုများနှင့် လုပ်ရည်ကိုင်ရည်များ | | |
| င.၄.၆။ | အနည်းဆုံး အမှုဆောင်မဟုတ်သော ဒါရိုက်တာ/ ကော်မရှင်နာ တစ်ဦးတွင် ကုမ္ပဏီက အဓိက ဆောင်ရွက်နေသည့် လုပ်ငန်းကဏ္ဍ၌ ယခင် လုပ်ငန်းအတွေ့အကြုံ ရှိပါသလား။ | ၇၉% |

## င. ၅။ ဘုတ်အဖွဲ့၏ စွမ်းဆောင်မှု

| ID | မေးခွန်း | ပျမ်းမျှရမှတ် |
|---|---|---|
| ဒါရိုက်တာများဖွံ့ဖြိုးတိုးတက်ရေး | | |
| င.၅.၁။ | ကုမ္ပဏီတွင် ဒါရိုက်တာအသစ်များအတွက် ကုမ္ပဏီအကြောင်း ရှင်းပြသည့် အစီအစဉ်များရှိပါသလား။ | ၂၁% |
| င.၅.၂။ | ကုမ္ပဏီတွင် ဒါရိုက်တာအသစ်များကို စဉ်ဆက်မပြတ် ကျွမ်းကျင်မှုဆိုင်ရာ ပညာပေးသင်တန်းအစီအစဉ်များ တက်ရောက်ရန် အားပေးသည့် မူဝါဒများရှိပါသလား။ | ၁၇% |
| CEO/ စီမံအုပ်ချုပ်မှုဆိုင်ရာခန့်အပ်မှုများနှင့် လုပ်ဆောင်မှုများ | | |
| င.၅.၃။ | ဘုတ်အဖွဲ့ဒါရိုက်တာများက CEO/ စီမံခန့်ခွဲမှုဒါရိုက်တာ/ ဥက္ကဋ္ဌ နှင့် အဓိက စီမံခန့်ခွဲမှုပိုင်းဆိုင်ရာ ဆက်ခံမှုအတွက် အစီအစဉ်များကို ကုမ္ပဏီက ထုတ်ဖော်အသိပေးထားပါသလား။ | ၄% |
| င.၅.၄။ | ဘုတ်အဖွဲ့ဒါရိုက်တာများက CEO/ စီမံခန့်ခွဲမှုဒါရိုက်တာ/ ဥက္ကဋ္ဌ တို့၏ နှစ်စဉ် စွမ်းဆောင်မှု အကဲဖြတ်ခြင်းကို ဆောင်ရွက်ပါသလား။ | ၂၁% |
| ဘုတ်အဖွဲ့အပေါ်ဆန်းစစ်ချက် | | |
| င.၅.၅။ | ကုမ္ပဏီသည် ဘုတ်အဖွဲ့ဝင် ဒါရိုက်တာများ / ကော်မရှင်နာများ၏ နှစ်စဉ်စွမ်းဆောင်မှုအကဲဖြတ်ချက်ကို ဆောင်ရွက်ပြီး အဆိုပါအကဲဖြတ်မှုအတွက် အသုံးပြုသည့် စံနှုန်းသတ်မှတ်ချက်များနှင့် လုပ်ငန်းစဉ်ကို ထုတ်ဖော်အသိပေးပါသလား။ | ၄% |
| ဒါရိုက်တာများ အပေါ်ဆန်းစစ်ချက် | | |
| င.၅.၆။ | ကုမ္ပဏီသည် ဘုတ်အဖွဲ့ ဒါရိုက်တာတစ်ဦးချင်း / ကော်မရှင်နာတစ်ဦးချင်း၏ နှစ်စဉ်စွမ်းဆောင်မှု အကဲဖြတ်ချက်ကို ဆောင်ရွက်ပြီး အဆိုပါအကဲဖြတ်မှုအတွက် အသုံးပြုသည့် စံနှုန်းသတ်မှတ်ချက်များနှင့် လုပ်ငန်းစဉ်ကို ထုတ်ဖော်အသိပေးပါသလား။ | ၀% |
| ကော်မတီများအပေါ်ဆန်းစစ်ချက် | | |
| င.၅.၇။ | ကုမ္ပဏီသည် ဘုတ်အဖွဲ့ကော်မတီများ၏ နှစ်စဉ်စွမ်းဆောင်မှု အကဲဖြတ်ချက်ကို ဆောင်ရွက်ပြီး အဆိုပါအကဲဖြတ်မှုအတွက် အသုံးပြုသည့် စံနှုန်းသတ်မှတ်ချက်များနှင့် လုပ်ငန်းစဉ်ကို ထုတ်ဖော် အသိပေးပါသလား။ | ၀% |

ဆက်သွယ်ရန်လိပ်စာ
IFC မြန်မာ
အထပ် ၂၀၊ Sule Square
၂၂၁၊ ဆူးလေဘုရားလမ်း
ကျောက်တံတားမြို့နယ်၊ ရန်ကုန်၊ မြန်မာ
✆ (+၉၅) ၁ ၉၂၅၅၀၂၀
ifc.org

IFC International Finance Corporation WORLD BANK GROUP

*Creating Markets, Creating Opportunities*